www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက် ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# မာတိကာ


၁။ ကြက်ဖ ၅
၂။ ကောင်းလိုက်တဲ့အောင်သွယ် ၂၉
၃။ ချုပ်တိုက်ကြီး ၄၅
၄။ ချွန်စက် ၇၅
၅။ ဟာ ... ဝေါ ... ဟေး ၈၇
၆။ ဘောလုံးကန်တဲ့ ပုဏ္ဏား ၁၀၇
၇။ ရှစ်ကျပ် ၁၂၇
၈။ လက်ညှိုး ၁၄၇
၉။ ဗိုက်သားစားတဲ့ ကားဆရာ ၁၅၅
၁၀။ စေတနာလွန် ... ကျွန် ၁၇၁




www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.ccom

www.burmeseclassic.com



## ကြက်ဖ

ကျွန်တော်တို့ ပြိုင်ပွဲအကြောင်းကို မရေးမီ ကျွန်တော်တို့ ရှစ်တန်းနှစ်တွင် ရရှိခဲ့ကြသော အတန်းပိုင်ဆရာ ဦးထွန်းဇော်အကြောင်းကို အရင်ရေးမှရမည် ဖြစ်သည်။

ဆရာသည် တရုတ်နည်းနည်းစပ်သည်ဟု ကျွန်တော်ထင်သည်။ အသားဖြူဖြူ၊ အရပ် ၅ ပေ ၉ လက်မခန့်၊ ကိုယ်လုံးကျစ်ကျစ်လျစ်လျစ် တောင့်တင်း၍ ဖြောင့်စင်းသောနှာတံ၊ အတန်ငယ်ထူသော နှုတ်ခမ်းနှင့် မျက်ရစ်မပါဘဲ စူးရှသွယ်လျသည့် မျက်ဝန်းများကို ပိုင်ဆိုင်သည်။ ဆရာ့တစ်ကိုယ်လုံးမှာ အထူးခြားဆုံးမှာ စူးရှသွယ်လျသော မျက်ဝန်းများပင်ဖြစ်သည်။ ဆရာသည် စကားနည်းသည်။ Text Book မကိုင်၊ မြေဖြူခဲတစ်ချောင်းကို တိုက်ပုံအင်္ကျီထဲ ထည့်ထားသည်။ ဒတ်(စ်)တာ ရှာမတွေ့လျှင် တခြားဆရာတွေလို မတ်တတ်ရပ်ခိုင်းတာတို့၊ ဆူတာပူတာတို့





မလုပ်ဘဲ သူ့တိုက်ပုံအင်္ကျီလက်နှင့်ပင် ပွတ်ဖျက်ပစ်လေ့ရှိသည်။ ဒါကို ဆရာမတစ်ယောက်က 'တပည့်တွေရှေ့မှ လုပ်တာဆိုတော့ တပည့်တွေကို နည်းကောင်းတွေ သင်ပေးနေတာပေါ့' ဟု ခနဲ့သည်ကို ဆရာက ...

"အရေးမကြီးတာကို အပြစ်မရှာဖို့ရယ်၊ လေးဆယ့်ငါးမိနစ်ပဲ ရတဲ့အချိန်ထဲမှာ Duster ကို အချိန်မပေးနိုင်တာကြောင့်ပါ၊ ဝတ္ထုဖတ်ပြီး ဆီးထုပ် စားပြတာလောက်တော့ မဆိုးဘူးထင်တာလည်း ပါတာပေါ့၊ ကောင်းတော့ မကောင်းဘူးပေါ့လေ" ဟု ပြန်ဖြေခဲ့သည်ဟု ဆိုသည်။ ဆရာသည် စကားနည်းပြီး အနေအထိုင် ခွကျသည့်အပြင် မည်သည့်ဆရာနှင့်မျှလည်း မတည့်ဟု ကျန်ဆရာမများက ဆိုကြသည်။ ဆရာက ဒီနှစ်မှ ကျောင်းပြောင်းလာခြင်းဖြစ်ပြီး ရောက်ရောက်ချင်း ရှစ်တန်းတစ်ဆောင်လုံးမှာ အညံ့ဆုံးဖြစ်သော ကျွန်တော်တို့အတန်းကို အတန်းပိုင်အဖြစ် ရခြင်းဖြစ်သည်။

ဆရာသည် စာသင်နေစဉ် စကားပြောတာတို့၊ အစာစားတာတို့ကို ဆူလေ့မရှိပါ။ ကျောင်းစိမ်းမဝတ်တာကိုလည်း ဆူလေ့မရှိပါ။ 'ကျောင်းစိမ်းဝတ်ထားရင် မင်းတို့ကို ကျောင်းသားမှန်းသိမယ်၊ တစ်ခုခုဖြစ်ရင် အကူအညီပေးမယ်၊ နေရာပေးမယ်၊ ဦးစားပေးမယ်၊ ကိုယ့်အတွက် အတိအကျ အကျိုးပေးတဲ့ကိစ္စကြီးကို မလုပ်ချင်တာတော့ မင်းတို့သဘောပဲ' ဟုသာ ခပ်ဆတ်ဆတ်ပြောသည်။ ကျွန်တော်တို့အတန်းသည် ကျောင်းစိမ်းမဝတ်လျှင် အပေါ်တစ်မတ် အောက်တစ်မတ်ပေးရသော A ခန်းလောက် ကျောင်းစိမ်းပျက်ကွက် မရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် ဆရာမတွေနှင့် မတည့်တာဟု ပြောသူက ပြောကြသည်။

ဆရာက ကျွန်တော်တို့ကို သိပ်မရိုက်တတ်သော်လည်း ဆရာ၏



www.burmeseclassic.com

www.burmeseclassic.com



သေးငယ်ကျဉ်းမြောင်းစူးရှလှသော မျက်ဝန်းဒဏ်ကို ကျွန်တော်တို့ မခံနိုင်ပါ။ ထို့ကြောင့် ဆရာ့ကို ကြောက်ကြပါသည်။ ဆရာကတော့ သူ့ကို ကြောက်ဖို့ တစ်ခါမျှမပြောဘူးပါ။

အခု ကျွန်တော်တို့ဆရာက ကျောင်းတက်ပြီး သုံးလခန့်သာ ရှိသေးသည်။ ကျွန်တော်တို့အတန်းကို သူ့သဘောနှင့် သူ စာမေးပွဲစစ်ချလိုက်သည်။ ကျွန်တော်မှတ်မိသလောက် တစ်ယောက်မှ မအောင်ပါ။ သို့သော် ဆရာသည် စိတ်လည်းမဆိုး၊ ရိုက်လည်း မရိုက်ပါ။

“ဒီလို အဖြေမှန်ကိုသိရတာ ဝမ်းသာတယ်ဟေ့၊ ငါက ဒါမျိုးမှ ကြိုက်တာ၊ ကဲ ... အင်္ဂလိပ်စာတစ်ဘာသာတည်းကို အမှတ်အများဆုံး ၁၂ မှတ်ရပြီးကျတဲ့ ပထမရကျောင်းသား ထစမ်းဟေ့”

ကျွန်တော့်သူငယ်ချင်း ကျော်ဦးက စပ်ဖြဲဖြဲနဲ့ ထပါတယ်။ ဆရာက ကျေနပ်သလို ပြုံး၍ ခေါင်းညိတ်သည်။

“ကဲ ... ပြီးတော့ ဘာသာစုံကျတဲ့ထဲမှာ ဘဲဥက နှစ်လုံးရတဲ့ စန္ဒာလင်းလက် ဆိုတာ ထစမ်းဟေ့ မြင်ဖူးထားချင်လို့”

ကျွန်တော်တို့ အတန်းထဲမှာ ရုပ်အချောဆုံးဟု အားလုံးက သိထားသော စန္ဒာက ထရပ်သည်။ သူလည်း ရယ်လျက်ရှိ၏။

“ကဲ ... စန္ဒာလင်းလက်၊ ကျော်ဦးဘေးမှာ သွားထိုင်၊ ကျော်ဦးက အတန်းထဲမှာ အတော်ဆုံးဆိုတော့ အညံ့ဆုံးဖြစ်တဲ့ စန္ဒာ့ကို ဆရာလုပ်တော့၊ စန္ဒာ စာမရရင် စာများရင် စန္ဒာလင်းလက်ကို မရိုက်ဘူး၊ သူ့ဆရာ မင်းကိုရိုက်မယ် ကျော်ဦး၊ ငါပြောတာ နားလည်လား၊ ကဲ ... မကြည်မာ ဒုတိယရတယ်၊ ထစမ်း”

အဲဒီလိုနဲ့ ဆရာက အဆင့် (၁) နဲ့ (၅၉)၊ (၂) နဲ့ (၅၈) စသည်ဖြင့်





တွဲပေးသည့်အတွက် ကျွန်တော်တို့အတန်းထဲမှာ ဆရာတပည့် စုံတွဲအစိတ် တိတိ ရှိပါသည်။ ဆရာများက တပည့်များကို အနားတွင်ထားကြရသည်။

ဆရာ့စည်းကမ်းက ဆရာမှားလျှင် တစ်ချက်၊ တပည့်မှားလျှင် ငါးချက် ရိုက်လေ့ရှိသည်။ တပည့်များလျှင် ဆရာက ဝင်ဆို ဝင်တွက်ပေးပြီး ဆည်ခွင့်မရှိ။ အရိုက်ခံရဖို့သာ ရှိသည်။ ဆရာမှားလျှင် တပည့်က ဝင်ဖြေပေး၊ ဝင်ဆို၊ ဝင်တွက်ပေးပြီး ကယ်၍ရသည်။ ထိုအခါတွင် တပည့်က ဆရာဖြစ်ပြီး ဆရာက တပည့် ပြန်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာ့ကို မကြိုက်သော တပည့်များမှာ ဆရာစာမရတာနှင့် ကြုံသောအခွင့်အရေးကို လက်မလွှတ်ဘဲ ဆရာပြန်ဖြစ်ရေးကို မပြတ်ချောင်းနေကြတတ်သလို ဆရာမှ စာမရ၍ တပည့်ပြန်ဖြစ်နေသော တပည့်ကလည်း ဆရာပြန်ဖြစ် အောင် စာကျက်ရလေသည်။

ထိုစနစ်ကြောင့် ကျွန်တော်တို့ ဘတ်ချေး (အီး) အခန်းမှာ ပထမ ခြောက်လပတ်တွင် ကျဝုံသူမရှိ၊ စံချိန်ကို တင်နိုင်ခဲ့လေသည်။ ထိုခြောက် လပတ် စာမေးပွဲတွင်လည်း ဆရာက ထုံးစံအတိုင်း အဆင့်များကို ခေါက် ချိုးချိုးပြီး တွဲပေးခဲ့ပြီး ဆရာတပည့် စုံတွဲ (၂၅) တွဲနှင့် စာသင်စေပြန်ပါ သည်။ ထိုအတွဲတွင် ကျွန်တော်၏ တပည့်လုပ်ရသူက ရင်ရင်အိဆိုသော ကောင်မလေးဖြစ်သည်။

ထိုရင်ရင်အိမှာ ဝတုတ်မကလေးဖြစ်ပြီး ဉာဏ်ကလည်း ထိုင်းလေ သည်။ ရယ်လိုက်လျှင် ကလေးလေးနှင့် တော်တော်တူပြီး ငိုလျှင်တော့ ဘီလူးမပေါက်စနဲကလေးနှင့် တူ၏။ ထို့ကြောင့် ရင်ရင်အိသည် အမြဲမ ဘီလူးမကလေး ဖြစ်သည်။

မိန်းကလေးမို့ ကျက်စာများတွင် ကျက်အားကောင်းသောကြော



www.burmeseclassic.com

www.burmeseclassic.com



မသိသာသော်လည်း တွက်သည့်ချက်သည့် နေရာတွင်မတော့ အတော်လေးကို ဒုံးဝေးပါသည်။ သင်လေမှားလေ မသင်ဘဲထားတော့ ဘာမှမသိလေဆိုသည့်အထဲတွင် ရင်ရင်အိသည် ထိပ်ဆုံးမှ ရှိလေသည်။ ထို့ကြောင့် ကျွန်တော် ဒီအခါ ကျောင်းသားဆရာတွေထက် ပို၍ကြိုးစားရလေသည်။

ဆရာလုပ်ပေးထားသော system က တပည့်မှားလျှင် ဆရာကို အားရပါးရတွယ်သော systemဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ်ထက် သူ့ကို ပို၍ အားထုတ်ရပါသည်။ ထိုအခါတွင် စာတစ်ပုဒ်ကို ကိုယ့်အတွက် အရကျက် ဖို့အပြင် သူနားလည်အောင် ပြောဆိုသင်ပြရသည့်အတွက် ပုံမှန်စာကျက်ခြင်းထက် ငါးဆလောက် အားထုတ်ရလေသည်။ ကျွန်တော်က ဥပမာ ဥပမေယျမျိုးစုံဖြင့် သူ့ကို သင်ရသည့်အတွက် ထိုစာတစ်ပုဒ်မှာ ကျွန်တော့် အတွက်တော့ ဖွတ်ဖွတ်ညက်ညက်တင်မက ဒွတ်ဒွတ်ဒွက်ဒွက်ပါ ကြေလေသည်။

"နင်ကလည်းဟာ လက္ခဏာတူတာတွေကို မြှောက်ရင် အပေါင်းဟာ၊ မတူတာမြှောက်ရင် အနုတ်၊ ဒါလေးကို နင်သိထားရင် ဘယ်လိုလုပ်မှားတော့မှာလဲ၊ ဒီမှာ +3 နဲ့ +9 ကိုပေါင်းရင် ...'

"+12"

"ကဲ ... ဟုတ်နေပြီပဲဟာ၊ +7 နဲ့ +4 ကို မြှောက်ရင် ..."

"အင်း ... ဟို ... +1 +21"

"OK ... OK ... −6 နဲ့ −8 ကို ပေါင်းရင် ..."

ရင်ရင်အိပုံစံက တွေဝေသွားသည်။ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။

ပြီးတော့ ဘာလုပ်ရမှန်းမသိ။





"ဟို ... (−)"

"ဘာ ..."

"မဟုတ်ဘူး (+)"

ကျွန်တော် စိတ်ဓာတ်ကျသွားသည်။ ကျွန်တော်က (−) ကို ဘာ ... ဟု အော်လိုက်တော့မှ (+) ဖြစ်သွားခြင်းဖြစ်သည် မဟုတ်လား။ လက္ခဏာ နှစ်မျိုးတည်းရှိတာမို့ ဒါ ရမ်းသောအဖြေမှန်ဖြစ်ကြောင်း သိရသည်။

"နင့်ကို ငါ ပြောထားတယ်ဟာ၊ လက္ခဏာတူရင် (+)၊ မတူရင် (−) ဆိုတာ၊ ဒီမှာ အနုတ် အနုတ်ချင်း တူနေတော့ ..."

"အနုတ်"

ကျွန်တော် လဲသေချင်စိတ်သာ ပေါက်သွား၏။ စာသင်လျှင် ဒေါသနှင့် သင်၍မရကြောင်း ကျွန်တော်သိသဖြင့် ဒီနေ့ ထူပူအုပြီး ရှုးရှူး ကြောင်ကြောင် ရင်ရင်အိကို လမ်းကြောင်းပြောင်း၍ သင်ရသည်။ (+) နှင့် (−)ကိစ္စကို မသင်တော့။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ထို (+) နှင့် (−)ကို သူသိအောင် ဘယ်လိုလုပ်ရမလဲဆိုသည့်စိတ်က ကြီးစိုးနေခဲ့သည်။

ဆရာက ဘောမှာ တွက်ချက်ပေးရသည့်အခါ ကျွန်တော်ကမှန်ပြီး သူက ခဏလေးမှားတာနှင့် ကျွန်တော် ငါးချက် အတီးခံရတော့မည်။ နောက်ဆုံးမှာ (+)နှင့် အနုတ်အတွက် အကောင်းဆုံးဥပမာကို ရရှိသွား၏။ ကျွန်တော် အရမ်းပျော်သွားသည်။

"ကဲ ... နင့်ကို ငါ ဥပမာတစ်ခုပေးမယ်၊ သူငယ်ချင်းကို (+) ဆရာတွေရော အိမ်က အဖေ အမေတွေရောက ခွင့်မပြုတဲ့ သမီးရည်းစား ဆိုရင် (−) ဟုတ်ပြီလား၊ ရည်းစားထားရင် အကုန်ဒုက္ခရောက်တာပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သိတယ်၊ ဘာတွေပြောမှန်းလဲ မသိဘူး"

"ခဏလေးပါဟာ၊ ကဲ ... ယောက်ျားလေးတွေကို (+)လို့ သဘောထားပြီး မိန်းကလေးတွေကို (–)လို့ သဘောထားရမယ်၊ ဟုတ်ပြီလား"

"အေး ... ငါသိပြီ"

"ဒီတော့ ကျားကျားချင်း (+) ရင်"

"(+) ပဲရမယ် သူငယ်ချင်း"

"မ,မချင်းပေါင်းရင်"

"(+) ပေါ့ဟ၊ သူငယ်ချင်းပဲလေ"

"ကျား (+) နဲ့ မ (–) တွေ့ပြီး ပေါင်းကြရင်"

"(–) ပေါ့၊ သမီးရည်းစား၊ ဒုက္ခရောက်ကြပြီ"

ကျွန်တော် ရင်ရင်အိလက်ကို အားရပါးရကိုင်ပြီး နှစ်ယောက်သား အားရပါးရ ရယ်ကြ၏။ ကျွန်တော့်ဘဝမှာ စာသင်ရတဲ့ အရသာကို ပထမဦးဆုံး အရှိန်အဟုန်ကြီးကြီးနဲ့ ခံစားလိုက်ရတာပဲ ဖြစ်သည်။ တပည့်ကောင်းရှိတဲ့ ဆရာဟာ သိပ်ပျော်စရာကောင်းမှာပဲလို့လည်း တွေးလိုက်မိသည်။ ဆရာ၊ ဆရာမတွေကို တခြားအသုံးအဆောင်ပစ္စည်းတွေနဲ့ ကန်တော့တာက တစ်မျိုး၊ အဲဒီ ဆရာ၊ ဆရာမကိုယ်တိုင် တီထွင်ထားတဲ့ နည်းစနစ်တွေနဲ့ သင်ခန်းစာကို အခက်အခဲမရှိ ရယူပြီးတော့ ကျော်ဖြတ်နိုင်တာကတစ်မျိုးဆိုတာကို ကျွန်တော် လုံးဝ သဘောပေါက်သွားခဲ့ပြီး အဲဒီနေ့ကစလို့ ဘယ်ဆရာမဆို စာသင်တဲ့အခါ ကိုယ်ပိုင်ဟန်ကလေးနဲ့ ဘယ်လိုသင်သလဲဆိုတာကို သတိထားပြီး အဲဒီဟန်ကို အရယူ၊ ကျွန်တော် ကြိုးစားခဲ့ပါသည်။ ထိုနည်းနှင့် တပည့်တာဝန်ကျေရန် ကျွန်တော် ကြိုးစားခဲ့သည်။

ကျွန်တော်နှင့် ရင်ရင်အိတို့ (+) (–) ကိစ္စတွေ ပြီးသွားတဲ့ နောက်





ရက်တွေမှာ ကျန်တဲ့ဘာသာရပ်တွေပါ သင်လို့ကောင်းလာသည်ကို သတိထားမိလာ၏။ ရင်ရင်အိကလည်း တပည့်ကောင်း၏ အရသာကို ခံစားတတ်လာဟန်တူသည်။ တစ်နေ့တော့ ရင်ရင်အိက ကျွန်တော့်ကို စကားတစ်ခွန်းပြောသည်။

"ရဲဝင်း ... သီရိရဲ့ပါတနာ ယမင်းက ငါ့ကို စိန်ခေါ်နေတယ်၊ သူနဲ့ ငါနဲ့ ပြိုင်မယ်တဲ့"

"ဟင် ... ဘယ်လိုဖြစ်လို့ ပြိုင်ရမှာလဲ"

"ယမင်းနဲ့ ငါနဲ့ ပုစ္ဆာပြိုင်တွက်တော့ ငါက မြန်လည်းမြန်တယ်၊ မှန်လည်းမှန်နေတော့ သူက မကျေနပ်တာကစတာ၊ သူက သူ့ Guide ကို သွားခေါ်ပြီး ငါ့ကိုချွတ်တော့ ငါက မြေပုံဆွဲပြီး စက်ရုံ (၂၈) ရုံကို နင့်ကဗျာအတိုင်း ထည့်ပြလိုက်တာပေါ့"

"အဲဒါတော့ နင်မှားတယ်၊ ယမင်းကို နင် ဘာမှသွားပြိုင်စရာမလိုဘူး၊ ငါ နင့်ကိုသင်ပေးတာ ဆရာပြောတဲ့အတိုင်း စာမေးပွဲမှာပြိုင်ဖို့"

"သူက လာစိန်ခေါ်တာကိုးဟာ၊ အခုလည်း သူတို့က နင်နဲ့ပြိုင်မလို့တဲ့"

"မပြိုင်ပါဘူး၊ ဘာဖြစ်လို့ ပြိုင်ရမှာလဲ"

"အဲဒါတော့ ငါလည်းမသိဘူးဟာ၊ သူက နင်နဲ့ပြိုင်မယ်တဲ့၊ သူရှုံးရင် သူ့ပါတနာ ယမင်းကို နင်နဲ့ထည့်လိုက်မယ်တဲ့"

"ဘာ ... ဘာ ... ဘယ်လို"

ကျွန်တော် တအံ့တသြ စကားဆုံးတော့ ရင်ရင်အိက ပြုံးလေသည်။ ပြီးတော့ ရင်ရင်အိက တည်ငြိမ်သော မျက်နှာထားနှင့် ကျွန်တော့်ကိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီလို ရဲဝင်းရာ၊ သူက တပည့် တပည့်ချင်း မပြိုင်ချင်ဘူး၊ ဆရာချင်း ပြိုင်ချင်တာတဲ့”

“ဆရာချင်း”

“အေး … ငါကလည်း နင့်ဘက်က မခံချင်ဘူးပေါ့ဟာ၊ သီရိက နင့်လောက် မကျွမ်းဘူးဆိုတာ ငါသိတယ် ရဲဝင်း၊ ပြိုင်ရင် နင်ပဲနိုင်မှာ”

“ဟာ … ဒါပြိုင်စရာပွဲမှ မဟုတ်တာ”

“အေး … သူကတော့ မုန့်စားကျောင်းဆင်းချိန်မှာ နင်နဲ့ တွေ့ချင်တယ်တဲ့၊ ပထမတော့ စာနဲ့ရေးပြီး ချိန်းတာပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး၊ စာကိုရေးပြီးမှ ဆွဲဆုတ်ပစ်လိုက်ပြီး ငါ့ကိုပဲ နှုတ်နဲ့ပဲချိန်းလိုက်တာ၊ နင်သွားမယ် မဟုတ်လား ရဲဝင်း”

ကျွန်တော် တော်တော်လေး စဉ်းစားရသည်။ ကျွန်တော့်စိတ်ထဲမှာ အတန်းတူ အသက်တူချင်း ဆရာလုပ်ရတာကို အရသာတွေ့နေသလိုလို ရှိတာကိုတော့ ကျွန်တော် ဝန်ခံရမည် ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်တော်က သိပ်အတော်ကြီး မဟုတ်ဆိုတာကိုလည်း ကောင်းကောင်းနားလည်ထားသည်။ ဦးနှောက်က မှတ်ရခက်တာလေးတွေကို လွယ်အောင် ဘယ်လိုမှတ်ရမလဲ ဆိုတာလောက်ကိုတော့ ဉာဏ်နီဉာဏ်နက်ကလေး ထုတ်ပြီး သုံးတတ်သည် ဆိုတာလောက်ပဲဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။

“ဆရာသိသွားရင် မကောင်းဘူးဟာ၊ ပြီးတော့ ယောကျ်ားလေးနဲ့ မိန်းကလေး၊ ငါ မပြိုင်ချင်ဘူး”

“နင်ကလည်း … အဲဒါဆို သီရိက နင့်ကို ကြောက်လို့ ထင်သွားမှာပေါ့”





အဲဒီအချိန်တုန်းက ထိုစကားသည် ကျောင်းသားတိုင်း ကြောက်ကြသော စကားဖြစ်သည်။ ကျောင်းသားများသည် သတ္တိရှိသည်ဆိုခြင်းကို ဆန့်ကျင်ဘက်ကျောင်းသူများ သိစေချင်ကြသည်။ ထို့ကြောင့် ကျောင်းရှေ့ အုတ်ခုံမှာထိုင်ရင်း တစ်ဖက်နှင့်တစ်ဖက် ရန်ဆောင်ပြီး ရိုက်ကြနက်ကြသည်။ ရန်ဖြစ်ကြသည်။ စိန်ခေါ်ထိုးပွဲတွေ၊ အုပ်စုလိုက်ချိန်းပွဲတွေ တာစားကြသည်။

ကျောင်းသူများကလည်း ထိုကဲ့သို့ ဆိုးမိုက်နေသူ ကျောင်းသားများကိုမှ ချစ်ကြသော၊ ရည်းစားထားကြသောခေတ် ဖြစ်၏။ ရုပ်ရှင်ကားတွေကလည်း ‘မိုက်တယ်ဆိုတာ လွယ်ပါတယ်’၊ ‘စိန် သို့မဟုတ် စိမ်’၊ ‘ဗန်ဒိုလူကလေးနဲ့ သူဇာ’ စသည့်ကားတွေ အောင်မြင်ကြချိန်ဆိုတော့ ထိုအရှိန်တွေလည်း ပါမည်ထင်သည်။

ဒီတော့ ကျွန်တော်လည်း ငကြောက်ဆိုသော စကားကိုတော့ ဘာပဲဖြစ်ဖြစ် အခေါ်မခံနိုင်ပါ။

“ငါက ကြောက်လို့မှမဟုတ်တာ၊ သူက မိန်းကလေးမို့ မပြိုင်ဘူးပြောတာပဲ”

“အင်း … အဲဒါလည်း ငကြောက်ပဲ၊ ပြိုင်လိုက်စမ်းပါဟာ”

“သူက ဘာပြိုင်မှာလဲ”

“စာပဲနေမှာပေါ့ဟ”

“ဘယ်စာကို ဘယ်လိုပြိုင်ကြမှာလဲ၊ ဘယ်စာဆိုတာကို ဘယ်သူက ထုတ်ပေးမှာလဲ၊ ဒိုင်က ဘယ်သူလဲ၊ ဒီကိစ္စက လွယ်လွယ်ကလေးမှ မဟုတ်တာ”

“အဲဒါကြောင့်မို့ သီရိက ချိန်းတာနေမှာပေါ့ဟာ၊ နင်မသွားရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပဲ ရဲဝင်း”

“သွားမယ်ဟာ၊ သူက ဘယ်ကိုလာရမှာတဲ့လဲ”

“မုန့်စားဆင်းရင် ဆယ်တောင်ပြည့်ဘုရားဝင်းထဲကို လာခဲ့တဲ့”

သီရိဆိုသည့် ကောင်မလေးက ကျွန်တော်တို့ အတန်းထဲမှာ ကျွန်တော့်လိုပဲ ဘယ်နေရာမှာမှ ဘာသံမှမထွက်သော ကောင်မလေးတစ်ယောက်ဖြစ်သည်။ သူ့ကို ကျွန်တော် သိသည်ဆိုသည်ကလည်း သာမန်ကျောင်းသူတစ်ယောက်လို သိခဲ့ခြင်းမျိုးဖြစ်သည်။ သူနဲ့ ကျွန်တော် အပြိုင်အဆိုင်မရှိ၊ မုန်းတီးမှုမရှိ၊ ရင်းနှီးမှုလည်း မရှိခဲ့ပါ။

အခုမှ သူက ကျွန်တော့်ကို အရေးတယူ သဘောထားပြီး ပြိုင်တာတွေ ဘာတွေ လုပ်ချင်နေရသနည်း။ ကျွန်တော် စဉ်းစားသော်လည်း အဖြေမရပါ။

မုန့်စားမဆင်းခင် အတန်းထဲမှာ တွေ့ကြတော့လည်း အရင်က အတိုင်းပဲ ထူးခြားမှု ဘာမျှမရှိပါ။ ကြားထဲက ကျွန်တော့်တပည့် ရင်ရင်အိပဲ တမင်ချွန်တာလားဟု ကျွန်တော် ထင်လိုက်သေးသည်။ သို့သော် မုန့်စားကျောင်းဆင်းလို့ ကျွန်တော်က ဘာရယ်မဟုတ်၊ သူ့ကို စူးစိုက်ပြီး ကြည့်တော့ သူက တစ်ချက် မဲ့ပြုံးကလေးပြုံးပြီး မျက်နှာကိုမော်၍ လွှဲထွက်သွားသည်ကို တွေ့ရသည်။

“သွားမယ်လေ ရဲဝင်း၊ သီရိက သွားနှင့်နေပြီ”

“နင့်ဟာက သူချိန်းတာ သေချာတယ်နော်”

“ဘာလဲ၊ နင်က ငါ့ကို မယုံလို့လား၊ ငါက နင့်ကို ဘာကိစ္စနဲ့ လိမ်ရမှာလဲ၊ ဒီလိုကိစ္စမျိုးကို”

“အေးပါဟာ ... ဟုတ်ရင် ပြီးရောပေါ့၊ သီရိကို ကြည့်ရတာက





ဘာမှမထူးဆန်းလို့ပါ”

ဆယ်တောင်ပြည့်ဘုရားဝင်းထဲကို ရောက်တော့ သီရိကို ယမင်းနှင့်အတူ ဒေးဗစ်ချန်း ဆီးထုပ်စားရင်း တွေ့ရသည်။ ကျွန်တော့်ကိုတွေ့တော့ ဘာသဘောလဲတော့ မသိ။ သီရိက ဆီးထုပ်ထဲမှ ဆီးစေ့ကို နှုတ်ခမ်းထိပ်တွင် စုထားပြီး အားနှင့်မှုတ်မှုတ်ပစ်လိုက်သဖြင့် ဆီးစေ့က ကျွန်တော့်ပခုံးပေါ်မှ ကျော်၍ ထွက်သွားသည်။ သူကတော့ မသိ။ ကျွန်တော်ကတော့ သီရိ နှုတ်ခမ်းကလေးစုထားသော အိုက်တင်ကို သဘောကျနေမိသည်။

“မဆိုးပါဘူး၊ သတ္တိတော့ ရှိသားပဲ”

“ငါက ဘာဖြစ်လို့ သတ္တိမရှိရမှာလဲ၊ ငါမသိတာက ဘာကြောင့် ဘာကိုပြိုင်ချင်တာလဲ ဆိုတာကို မသိတာ”

“မကျေနပ်လို့ပေါ့”

“ဘာကိုမကျေနပ်တာလဲ”

“ဆရာကြီးလုပ်လို့”

ကျွန်တော်က နှုတ်ခမ်းတွေကိုစုပြီး ကျွတ်ခနဲ အသံမြည်အောင် စုတ်လိုက်ပြီး ခေါင်းကို နောက်ဘက်လှန်ပစ်လိုက်၏။ အဲဒီစတိုင်လ်က အဲဒီအချိန်တုန်းက တော်တော်လေးကို ခေတ်စားသည်။ နောက်ပြီး ကျောပေးပြီး စကားပြောတဲ့စတိုင်လ်လည်း ခေတ်စားသေး၏။ အဲဒါက ကျော်ဟိန်း လုပ်တာတဲ့၊ အဲဒီလိုလုပ်ဖို့ စစ်အကျီကလည်း ဝတ်ရဦးမယ်တဲ့၊ ကျွန်တော်ကတော့ လုံချည် ခြေဖျားထွေးနဲ့ ခေါင်းမော့၊ နောက်လှန်ကျွတ် ... စုတ်ရတဲ့ စတိုင်လ်ကိုပဲ ကြိုက်သဖြင့် ထိုစတိုင်လ်ကို အကျႌဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အမြဲလုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိုက်တင်ဆုံးတော့ ဆယ်တောင်ပြည့်ဘုရား အုတ်ခုံတန်းပေါ်မှာ တင်ပလ္လင်ထိုင်နေသော သီရိက ဖျတ်ခနဲ ခုန်ဆင်းသည်။

သို့သော် သီရိခုန်ဆင်းသော ခန္ဓာကိုယ်က သီရိဝတ်ထားသော စကတ်က နောက်ဘက်မှာ ဘာနှင့်ငြိနေသည်မသိ၊ သီရိကို ကုတ်ဆွဲထားသလိုဖြစ်ကာ ကျွန်တော့်မျက်နှာကို သူ့ခေါင်းနှင့် ပြေးဆောင့်သလို ဖြစ်အသွားမှာ ကျွန်တော်က အိုက်တင်ခံ၍ နောက်အလှန်နှင့် သွားကြုံသဖြင့် သီရိ အပေါ်ပိုင်း တစ်ပိုင်းလုံးက ကျွန်တော့်ရင်ထဲ ထိုးကျလာသည်။

ကျွန်တော်ကလည်း ထင်မှတ်မထားဘဲ သတိနှင့် တောင့်မထားနိုင်ဘဲ သီရိကိုဖက်ရင်း ပက်လက်လှန် လဲကျလေသည်။ စက္ကန့်နှစ်ဆယ်ခန့် လောကကြီး ဘာဖြစ်သွားမှန်း ကျွန်တော်မသိလိုက်၊ သတိဝင်တော့ သီရိက ကျွန်တော့်အပေါ်မှာ ပိလျက်ကြီး ဖြစ်နေသည်။ ကျွန်တော့်နောက်စေ့က ဆယ်တောင်ပြည့်ဘုရားအောက်ခြေ ပထမဆင့်နှင့် ရိုက်မိပြီး ပူလောင်နာကျင်လေသည်။

ကျွန်တော်တို့ အိမ်ကို ကိုယ်စီပြန်ကြရသည်။

'ရဲဝင်းကို သီရိက အုတ်ခဲနဲ့ ထုလို့တဲ့ကွ' ဟူသော မှတ်ချက်ကို ကျွန်တော် ပြန်မရှင်းတော့ပါ။ 'ထုမှာပေါ့၊ သီရိက စကတ်တောင် ပြဲနေတဲ့ဟာကို' ဆိုသော စကားကိုသာ ချေပပါသည်။ ကျွန်တော့်မျက်စိထဲမှာ စကတ်အပြဲစကလေးကို ကိုင်ပြီး ပါးစပ်ထဲက သွေးတွေကို ထွေးထုတ်ရင်း ဝမ်းနည်း၍လား၊ နာကျင်ထိတ်လန့်သွားလို့လားမသိ ငိုနေသောကလေးလေးကို ပြန်မြင်ရင်း ချစ်နေရသည်။

ကံမကောင်း အကြောင်းမလှစွာပင် ထိုကိစ္စကို ဆရာဦးထွန်းဖော်က သိသွားခဲ့သည်။ ဆရာက ကျွန်တော်တို့နှစ်ယောက်ကို မတ်တတ်ရပ်ခိုင်း





ပြီး ဖြစ်ပုံအကျဉ်းကို မေးသည်။ သူ့စာမေးပွဲကိစ္စလည်း ပါနေသဖြင့် ဆရာက တော်တော်သဘောကျသည်ကို တစ်တန်းလုံးရှေ့တွင်မှာပါ ကျွန်တော်တို့ နှစ်ယောက်ကို ထုတ်ဖော်ချီးကျူးခဲ့သည်။

"အဲဒါ တရားသော ပြိုင်ဆိုင်ခြင်း၊ လှပသော ပြိုင်ဆိုင်ခြင်းလို့ ခေါ်တယ်ကွ၊ ကျောင်းသားဟာ စာမှာပြိုင်တာ ကျက်သရေအရှိဆုံးပဲ၊ ငါကတော့ မင်းတို့နှစ်ယောက်စလုံးကို ချီးကျူးတယ်၊ ရဲဝင်း ခေါင်းပေါက်တာနဲ့ သီရိ စကတ်ပြဲ နှုတ်ခမ်းပေါက်တာကတော့ မတော်တဆဖြစ်တာပါ၊ ဆရာဆိုတာက ကျောင်းသားကို နားလည်ပေးရမယ်ကွ၊ ဒါပေမဲ့ ကျောင်းဝင်းထဲမှာမနေဘဲ ဘုရားဝင်းထဲသွားတာကတော့ အပြစ်ရှိတယ်၊ ဒီတော့ မင်းတို့ကို နှစ်ချက်စီရိုက်မယ်ကွာ"

ဘာကြောင့်မှန်းတော့ မသိ။ ဆရာရိုက်တာကို ခံရတာ မနာဟု ကျွန်တော် ထင်သည်။ ကျွန်တော်တို့တွင်ရှိသော ရိုက်သင့်သည့် အပြစ်ဒဏ်ကို သေသေချာချာ သိလိုက်ရလို့ပဲလား၊ ရိုက်တဲ့ဆရာကိုက ပျော်ပျော်ရွှင်ရွှင်ကြီးနဲ့ ရိုက်လို့လားတော့ ကျွန်တော် မသိပါ။

သီရိကို မေးကြည့်တော့လည်း 'အေးဟ ... အဲဒီနေ့က ငါလည်း မနာဘူး' ဟု ပြန်ဖြေခဲ့သည်။ ရိုက်ပြီးသွားသော်လည်း ဆရာက ကျွန်တော်တို့ ကိစ္စကို ပြီးသွားပြီဟု သဘောမထားခဲ့။

"ကိုင်း ... မင်းတို့ ပြိုင်ကြမယ်ဆိုရင်တော့ မေးခွန်းလိုတယ်၊ စစ်ပေးမယ့် လူလိုတယ်၊ ဒဏ်တပ်မယ့်လူလည်း လိုတယ်မဟုတ်လား၊ အေး ... အဲဒီနေရာကို ငါ ကျေကျေနပ်နပ်ကြီး သဘောတူတယ်ကွာ၊ ကဲ ... ဘယ့်နယ်လဲ"

ကျွန်တော်တို့က မကျေနပ်ဘူးလို့ သွားလုပ်ရမှာလား၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာက ကျွန်တော်တို့ ဖြေရမယ့် ဘာသာရပ်ကို မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနဲ့ အထွေထွေဗဟုသုတဆိုပြီး ခွဲသည်။ အဲဒီအထွေထွေ ဗဟုသုတထဲမှာ ပထဝီတို့၊ သမိုင်းတို့၊ ဖိဆစ်တို့ကို ရောမွှေပြီး ထုတ်ထားသည်။ ကျွန်တော်ကလည်း ပထမအစမ်းစာမေးပွဲအတွက် ပြင်ဆင်ထားတာဆိုတော့ တော်တော်များများကို အလွတ်နီးပါးကို ရနေခဲ့သည့်အတွက် စာပြန်နွေးရုံ စာပြန်လေ့ကျင့်သလို ဖြစ်နေသဖြင့် ကျွန်တော်တို့အတွက် အလွန်အဆင်ပြေခဲ့ပါသည်။

ဆရာက ကျွန်တော်တို့ ပြိုင်ပွဲအတွက် နိုင်သူကို Youth ဖောင်တိန်တစ်ချောင်း၊ စာအုပ်တစ်ဒါဇင်နှင့် ကွန်ပါဘူး အသစ်တစ်ဘူး ဆုချမည်ဖြစ်ပြီး ဒဏ်တပ်သည့်အနေဖြင့် ရှုံးသူက နိုင်သူ၏ တပည့်လုပ်ရမည်ဖြစ်သည်။

ကျွန်တော် စာတစ်ပုဒ်ကျက်ပြီးတိုင်း သီရိရော ကျက်၍ရရဲ့လားဆိုတာကို စိတ်ပူနေခဲ့သည်။ ကျွန်တော် နေ့တိုင်း သီရိကို ငေးမိနေသဖြင့် သီရိမျက်နှာက ကျွန်တော့်မျက်စိထဲမှာ စွဲနေခဲ့သည်။

စာမေးပွဲဖြေရန် လေးရက်အလိုမှာ ကျွန်တော် သီရိကို ချစ်နေပြီဆိုတာကို စာဖြင့် အသိပေးလိုက်သည်။ သို့သော် သီရိထံမှ ဘာတုန့်ပြန်မှုမှ မရခဲ့။ ဒုတိယ၊ တတိယတစ်စောင်တွင်မတော့ ကျွန်တော်က ပြိုင်ပွဲမှာ ကျွန်တော့်ဘက်က အရှုံးခံမည်ဖြစ်ကြောင်း ထည့်ရေးတော့မှ သီရိက အရှုံးခံစရာမလိုကြောင်း၊ ကျွန်တော်က တော်ပြီးသားဖြစ်ကြောင်းကိုသာ ရေးသည်။ ကျွန်တော် ခွင့်ပြုချက်အကြောင်းကို ဘာတစ်ခုမှမပြောခဲ့။

နောက်ဆုံး တစ်စောင်ကိုတော့ စာမေးပွဲမဖြေခင် တစ်ရက်မှာ ပေးခဲ့သည်။ သီရိကလည်း ချက်ချင်းပင် စာမေးပွဲဖြေမည့်နေ့မှာ စာပြန်လာ





သည်။ မုန်းတယ်တဲ့။ ကျွန်တော့်ရင်တွေ ပူကုန်သည်။ ဒီနေရာတစ်ခုတည်းကို ကျွန်တော်လုနေတာ မဟုတ်ကြောင်းကိုလည်း ရှင်းပြသည်။ ကျွန်တော် သီရိကို အရှုံးပေးမယ် စိတ်ကူးတာကလည်း သီရိကို စည်းရုံးတာမဟုတ်ဘဲ အနိုင်သက်သက် ရစေချင်တာဖြစ်ကြောင်းတွေကို ပြန်ရေးထည့်လိုက်သည်။ သို့သော် သီရိထံမှ စာပြန်မလာတော့ဘဲ စာမေးပွဲခန်းထဲသို့ ကျွန်တော် ဝင်ခဲ့ရသည်။

သီရိသည် ကျွန်တော် တရားဝင်ရည်းစားစာ ပထမဆုံးပေးခဲ့သော ရည်းစားဦး ဖြစ်ပါသည်။ သီရိမတိုင်ခင်က ဟိုလူ့ကို ကြိုက်သလိုလို၊ ဒီလူ့ကို ချစ်သလိုလိုတော့ ရှိခဲ့ဖူးသည်။ သို့သော် တရားဝင်အဆင့်သို့ ရောက်မလာ။ သီရိကိုတော့ တကယ်ချစ်ပြီး စာရေးတဲ့အဆင့်၊ ပေးတဲ့အဆင့်၊ ယစ်မူးရင်ခုန်သည့်အဆင့် စသော ရည်းစားဦးအဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းသွားခဲ့ရတာ အမှန်ပဲဖြစ်သည်။

ဥပမာ–သီရိကို စာစပေးခဲ့သောနေ့၏ ဆောင်းမနက်ခင်းကလေးသည် ကျွန်တော့်အတွက် အရမ်းကို ထူးခြားပြီး သိပ်သည်းကျစ်လျစ်သော ခံစားမှုကလေးနှင့် ယခုတိုင်ရှိနေသည်။ ထိုမနက်ခင်းကလေး၏ မွှေးရနံ့သည် ကျွန်တော့်တွင်ရှိနေပြီး ထိုမွှေးရနံ့မှာ ဘယ်လိုဘယ်ပုံ ရနံ့ဆိုတာ ဥပမာထားရေးစရာ အရာဝတ္ထုပစ္စည်း ကျွန်တော်ရှာမတွေ့၊ ကမ္ဘာလောကတွင်လည်း မရှိပါ။

ထို့ကြောင့် ကျွန်တော်သည် သီရိကို လုံးဝ အရှုံးပေးချင်နေသည်။ ချစ်သူက အနိုင်ရပြီး ချစ်သူ့အနားမှာ ချစ်သူသင်တာကို နာခံချင်သည်။ ချစ်သူ ငါးချက်အရိုက်မခံရအောင် ကာကွယ်ပေးချင်ပါသည်၊ ချစ်သူ သင်သမျှနှင့် ကျွန်တော် အတန်းတင်စာမေးပွဲကြီးကို အောင်မြင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်မည်။ ထိုစာမေးပွဲကြီးသည် ချစ်သူနှင့် ကျွန်တော့်အတွက် အမှတ်တရ စာမေးပွဲကြီးကို ဖြစ်ရမည်။ ကျွန်တော့်တွင် တခြားအခြေအမြစ် မရှိလှသော စိတ်ကူးတွေလည်း သီရိနှင့်ပတ်သက်၍ ရှိနေသေးသည်။

အခုတော့ သီရိက ကျွန်တော့်ကို 'မုန်းတယ်' လို့ ပြန်ရေးလိုက်ပြီ။ ကျွန်တော့်မှာ တိုင်းပြည်ပျက်သလို ခံစားလိုက်ရသည်။ ဘာကြောင့်မုန်းမသိ ငိုချင်နေသည်။ ဘာကြောင့်မုန်းမသိ ကျွန်တော့်ကို 'မုန်းသည်' ဟု ပြောသော ရေးလိုက်သော သီရိကိုလည်း ချက်ချင်းပင် မုန်းပစ်လိုက်သည်။

ရည်းစားဦးတွေ ဘာဖြစ်လို့ မခိုင်မြဲကြသလဲဆိုသည့် အချက်မှာ ရည်းစားဦးမို့ ခံစားချက်တွေအားလုံးက အရိုင်းဆန်နေကြတာ အမှန်ပဲဖြစ်သည်။ အချစ်ကလည်း အသစ်၊ သံယောဇဉ်၊ စိတ်ကူး၊ တွယ်တာမှု၊ မြတ်နိုးမှု၊ ရင်ခုန်သံ၊ သတိရစိတ်၊ တမ်းတစိတ်၊ အလွမ်း စသည့် ခံစားမှုအားလုံးက အသစ်ကျပ်ချွတ်တွေမို့ ဘယ်သူမှ နိုင်နင်းအောင် မထိန်းတတ်ချေ။ ထို့ကြောင့် ရည်းစားဦးများသည် ပထမဦးဆုံး အသစ်များ၏ရန်နဲ့ဖြင့် ဆုံးရှုံးခဲ့ရတတ်သောကြောင့် ရည်းစားဦးများကို မမေ့တတ်နိုင်ခြင်း ဖြစ်လေသည်။

ယခု သီရိကတော့ အချစ်ဦးသာဖြစ်သည်။

ကျွန်တော့်ကို ပြန်မချစ်သော ပထမဦးဆုံး 'မချစ်ဦး' လည်း ဖြစ်ပါသည်။ စာမေးပွဲဖြေသည့်နေ့တွင် ကျွန်တော်သည် တစ်စုံတစ်ရာမာနနှင့် ဒေါသအပြည့် ဖြစ်နေခဲ့သည်။ ဆရာဦးထွန်းဇော်တင်မက တစ်တန်းလုံးက စိတ်ဝင်စားကြသော ကျွန်တော်တို့နှစ်ယောက်၏ စာမေးပွဲကို အတန်းထဲမှာ ဖြေကြသည်။

ကျွန်တော် သီရိကို ကြိုက်နေတာကို တစ်တန်းလုံးက သိထားကြ





သည်။ ဒီတော့ ကျွန်တော်က အရှုံးပေးလိမ့်မည်ဟု အသံထွက်နေသောကြောင့် ဆရာဦးထွန်းဇော်ကိုယ်တိုင် အားလျော့နေသည်ဆိုတာ သိရ၏။

သို့သော် စာမေးပွဲမဖြေခင် ကျွန်တော်က သီရိအတွက် ရည်စူးဝယ်ထားခဲ့သော BIG ဘောပင်၊ ချွန်ထားပေးပြီးသား ခဲတံ၊ ပေတံ၊ ခဲဖျက်နှင့် ကျွန်တော် ပြန်ရခဲ့သော မုန်းတယ်ဆိုသောစာကို ရခဲ့ခြင်းဖြစ်သည်။ ရှင်းခွင့်၊ ငြင်းခွင့် အချိန်မရှိတော့ဘဲ ကျွန်တော် စာမေးပွဲခန်းထဲသို့ ဝင်ခဲ့ရသည်။ သီရိက ဒီလိုဖြစ်အောင် တမင်လုပ်တာဟု ကျွန်တော် သိပါသည်။

သီရိသည် ကျွန်တော့်ကို မဲ့ပြုံးကလေး ပြုံးလိုက်၊ ဖြေလိုက်နှင့် လုပ်နေသေးသည်။ ပထမ ဆယ့်ငါးမိနစ်လောက် ကျွန်တော် ဘာမှမဖြေနိုင်သေးပါ။ ဘာက စရေးရမည်ဆိုတာကိုပင် မရေးတတ်ဖြစ်နေခဲ့သည်။

နောက်တော့ ပူကျွမ်းသည့်ဒေါသနှင့် မခံချင်စိတ်၊ နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တို့က ကျွန်တော့်ကို ခဏရူးသွားစေခဲ့သည်။ ကျွန်တော်သည် ရှေ့မှာရှိနေသည့် မေးခွန်းထဲက စာတွေကို ရန်သူတစ်ယောက်လို သဘောထားပြီး အကုန်ရေးချပစ်လိုက်သည်။

ဆရာသည်ပင်လျှင် ကျွန်တော့်ကို အံ့အားတွေသင့်နေသည်။ သီရိကတော့ နားမလည်နိုင် ဖြစ်နေပုံရသည်။ ရင်ရင်အိက ခုန်နေ၏။ ပျော်လွန်းလို့ဟု ဆိုသည်။ သီရိကတော့ ကျွန်တော့်ကိုကြည့်ပြီး စာမေးပွဲကို အထိတ်တလန့် ဖြေလိုက်သေးသည်။ သို့သော် သီရိ နောက်ကျသွားလေသည်။

ကျွန်တော်က အမှတ်အပြတ်အသတ်ဖြင့် သီရိကို အနိုင်ရရှိသည်။ သို့သော် ကျွန်တော်ကား ပျော်စရာ ဘာမျှမရှိ။

"နင် ငါ့ကို တမင်တကာလုပ်တာ မဟုတ်လား ရဲဝင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်က မုန်းတယ်ဆို"

"ငါက နင့်ကို စာမေးပွဲမဖြေခင် စတာလေ၊ ဒါကို နင်က လုံးဝ သည်းညည်းမခံဘူးပေါ့၊ နင် အရှုံးပေးမယ်ဆိုတော့ ငါက ဘာစာမှ သိပ် မကျက်ထားဘူးပေါ့၊ အမှန်ဆို ငါ နင့်ကိုနိုင်တယ်"

ထိုစဉ်က ဘယ်လောက်ရိုးသည့် ခေါ်ယူချိန်းတွေ့ ပြဿနာရှင်းနည်း ဖြစ်ပါသနည်း။ 'ငါကစတာကို နင်ကတကယ်ထင်ပြီး နိုင်အောင်ဖြေတယ် ဆိုတော့ နင် ငါ့ကို ဖြူဖြူစင်စင်ချစ်တာတို့၊ မြတ်နိုးတာတို့က ဘယ်မှာလဲ၊ အဲဒါတွေကို သိရအောင် ငါ တမင်စမ်းတာ' စသည့် အခြေအနေကို အမိ အရ အသုံးချသော ဉာဏ်ကစား စကားလုံးများ မပါရှိခဲ့။

"ငါ နင့်တပည့် လုံးဝ မလုပ်နိုင်ဘူး"

"ဒါကတော့ ဆရာ့ကိုပြောလေ"

"ပြောဖို့မလိုပါဘူး၊ နင်နဲ့ ငါ နှစ်ယောက်တည်းသိတဲ့ ပြိုင်ပွဲတစ်ခု လုပ်မယ်၊ အဲဒီပွဲမှာ ငါ နင့်ကိုနိုင်ရင် ငါ နင့်တပည့် မဟုတ်ဘူးဆိုတာ လက်ခံလိုက်ပေါ့"

"ဘာပြိုင်ရဦးမှာလဲ"

"ကြက်ဖခွပ်"

"ဘာ ..."

* * *

ထို့ကြောင့် ကျွန်တော်သည် အခု ချစ်သူဦး မဖြစ်လိုက်ရသော ရည်းစားဦးကလေးနှင့် ကျောင်းအနောက်ဘက် ခုံပျက်ကြီးတွေထားသည့် စတိုခန်းရှေ့တွင်ရှိသော ကော်ရစ်တာတွင် ရောက်နေခြင်းဖြစ်သည်။





ကျွန်တော်သည် ယောက်ျားလေးဖြစ်သည့်တိုင် ဘာကြောင့် ဒီကြက်ဖ ခွပ်ပြိုင်ပွဲကို သဘောတူလိုက်ရသနည်း။

အဖြေကို နတ်ကောင်းနတ်မြတ်များနှင့် ပရိသတ် သိပါလိမ့်မည်။

ပြိုင်ပွဲစတော့ သီရိက သူ့စကတ်စကလေးကို ပေါင်နှင့်ခါးကြားတွင် ညှပ်၍ သေသေချာချာ ထည့်ပါသည်။ ထိုအချိန်တွင် ကျွန်တော်က သူ့ ပေါင်ရင်းတွင် အမာရွတ်ကြီးတစ်ခု တွေ့လိုက်ရ၏။ အမာရွတ်နေရာသည် အခြားအသားအရေများနှင့် မတူဘဲ အုန်းသီးပေါင်မုန့်၊ ပဲပေါင်မုန့်တို့ထဲမှ ပဲပေါင်မုန့်ထဲတွင် တွေ့ရလေ့ရှိသော ပဲယိုလိုအရောင်မျိုး ဖြစ်ပါသည်။

"နင့်ဒဏ်ရာက ဘာဖြစ်တာလဲ"

"ရေနွေးပူလောင်တာ၊ ဘာဖြစ်လို့ ကြည့်နေတာလဲ"

"ငါ ကြက်ဖမခွပ်ချင်ဘူး၊ ငါ နင့်ကိုချစ်တယ်"

"အပိုတွေပြောမနေနဲ့တော့၊ ကဲ ... တစ် ... နှစ် ... သုံး"

ပွဲစပြီး နှစ်မိနစ်အတွင်း ကျောင်းနောက် store ခန်းထဲသို့ ကျောင်းသားကျောင်းသူများ တဖွဲဖွဲ ရောက်လာကြသည်။

ယောက်ျားလေးတန်မဲ့ မိန်းမကြီးတစ်ယောက်လို ကြက်ဖခွပ်နေရသော ကျွန်တော့်ကိုယ်ကျွန်တော် ကားအောက်သို့ ထိုးထည့်ထားလိုက်ချင်နေသည်။

တွေ့သမျှလူအားလုံးက ကျွန်တော့်ကို လှောင်ကြသည်။

"ဒါက ဘာဖြစ်တာလဲ"

"တော်ပြီ၊ ငါ အရှုံးပေးလိုက်ပြီ၊ ငါ မရဘူး"

"နင် အကျင့်မယုတ်နဲ့၊ ပြီးတဲ့အထိ ခွပ်ရမှာ"

"အဲဒါ ငါမသိဘူး၊ ငါသိတာ ငါရှုံးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပယ်ပယ်နယ်နယ် ခုခံခွင့်မရှိ လှောင်ပြောင်နေကြသည့် လူတွေကြားထဲက ကျွန်တော် ဖြတ်ထွက်လာခဲ့သည်။ ရင်ထဲမှာလည်း ရှက်လိုက်သည့်ဖြစ်ခြင်း။ ဒီ 'ကြက်ဖခွပ်ခြင်း' ကို သဘောတူတာကစပြီး ကျွန်တော် မှားခဲ့သည်။ ထို့ကြောင့် ကျွန်တော့်ကို 'ကြက်ဖ' ဟု ချစ်စနိုး ခေါ်ကြသည်။

ထို့ကြောင့် ကျွန်တော့်ကျောင်း နာမည်အရင်းမှာ 'ကြက်ဖ' ဖြစ်သွားသည်။ နောင်ကျတော့ လူတွေက ကျွန်တော့်ကို 'ကြက်ဖ' ဟု မခေါ်ကြတော့။ ဘာကြောင့်မှန်း ကျွန်တော်လည်း မသိတော့။ သိရိုကတော့ (၁၀) တန်းနှစ်ရောက်တော့ နှစ်ဝက်လောက်သာတက်ပြီး ကျောင်းပြောင်းသွားခဲ့သော်လည်း ကျွန်တော့်ကို နာမည်ကလေးတစ်ခုတော့ ပေးသွားခဲ့ပါသည်။

အခု ကလေးတွေ 'ကြက်ဖ' ခွပ်တာကို မြင်တိုင်း လွမ်းရ၏။ တော်တော် ကိုးရိုးကားရားနိုင်သော အစီအစဉ်ဖြစ်သည်။ အခု Rapper လောကမှာ နာမည်ကြီး Hip-Hop အဆိုတော်တစ်ယောက်၏ နာမည်က 'ကြက်ဖ' ဟု ဆိုသည်။

သူကတော့ ဘယ်လို 'ကြက်ဖ' လဲ ကျွန်တော်မသိ။

ကျွန်တော်ကတော့ ရည်းစားဦးကလေးခဲ့သော ရှုံးခဲ့သည့် ကြက်ဖတစ်ကောင်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းလိုက်တဲ့ အောင်သွယ်






www.burmeseclassic.ccom

www.burmeseclassic.com



## ကောင်းလိုက်တဲ့ ... အောင်သွယ်

ဒီနှစ် ကျောင်းပိတ်တော့ မနှစ်က မပြန်ဖြစ်သော ရွာကိုပြန်ဖို့ကိစ္စကို ထွန်းကျော် အသေအချာ စဉ်းစားနေမိသည်။

ထွန်းကျော် စဉ်းစားရတာက ဇာတိချက်ကြွေ မွေးရပ်မြေသည် ရန်ကုန်မြို့မှဆိုလျှင် အလွန်ဝေးသည့်အပြင် ခေါင်လည်းခေါင်လှသော ရွာကလေးဖြစ်သည်။ သူ့မွေးရပ်မြေ 'ပင်လှဒေါ' ရွာကလေးမှာ စစ်ကိုင်းတိုင်း အစွန်အဖျားမှာ ဖြစ်သည်။ ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ကျွန်းလှ၊ ကျွန်းလှမှ ချပ်သင်း၊ ချပ်သင်းမှ သူ့ရွာ 'ပင်လှဒေါ' သို့ ရောက်ရန် လှည်းစီးပြီးနောက်ဆုံး လမ်းမှာ လှည်းလမ်းပင် မပေါက်သောကြောင့် လမ်းလျှောက်ယူရလေသည်။ ထို့ကြောင့် ကျွန်းလှမှနေ၍ ချပ်သင်းရောက်လျှင် လမ်းအတူလျှောက်ဖော်ရအောင် တစ်ရက်၊ နှစ်ရက် စောင့်ရတတ်သည်။





ဒီလို နေရပ်ဝေးသည့်အတွက် အိမ်ကမိဘများက ကျောင်းပိတ်ရက်ကို မပြန်ဖို့ တားတတ်ကြသည်။ ပညာတော်သည့်လူသည် နယ်မရွေးဆိုတာ ထွန်းကျော်အတွက် ထားတာပဲဖြစ်ရမည်။ ဒီလောက် ခေါင်လှသည့် ရွာက 'ဒီ' သုံးလုံးပါပြီး ရန်ကုန်စက်မှုတက္ကသိုလ် (RIT) မှာ ကျောင်းတက်ရတာ ချပ်သင်း၊ ကျွန်းလှအထိ ထွန်းကျော်တစ်ယောက်တည်းသာ ရှိသည်။ ထို့ကြောင့် ထွန်းကျော်တို့အိမ်ကလည်း ထွန်းကျော်ကို ရန်ကုန်မှာ အချိန်ကြာကြာ နေစေချင်ကြသည်။ (အင်္ဂလန်မှာ ကြာကြာနေရင် စာပိုတတ်တယ် ထင်ကြသလိုမျိုး ဖြစ်သည်။)

ဒီအတွက် ထွန်းကျော် ရွာကိုပြန်မလာတာကို ပိုသဘောကျကြသည်။ မနှစ်က ထွန်းကျော်တို့ အိမ်ကိုမပြန်ဘဲ Computer သင်တန်းတက်သည်။ အိမ်က ကျေနပ်လို့မဆုံး။ ဒီအကြောင်းကို တစ်ရွာလုံးက သိရအောင် ထွန်းကျော်အဖေက ရွာဦးကျောင်းဆရာတော်ကို လျှောက်တော့ ဆရာတော်ကလည်း ဂုဏ်ယူလို့မဆုံး၊ ပြောလို့မဆုံးပေါ့။

'ရွာမှာကတည်းက အားရင် စာအုပ်နဲ့မျက်နှာ မခွာတဲ့ကောင်' ဟု ဆရာတော်ဘုရားက ဝမ်းသာကျေနပ်ညည်းကလေး ညည်းရင်းနဲ့ ပြောတတ်တာခံရတဲ့ ထွန်းကျော်ဖြစ်သည်။ ထွန်းကျော်ကတော့ သူ့ကိုယ်သူ သိပ်အထင်ကြီးတတ်သူ မဟုတ်ပါ။ 'ရွာက ခေါင်လွန်းတော့ ဘာမှလုပ်စရာမရှိလို့ အားရင် စာပဲဖြစ်နေရတာပေါ့' ဟု သူငယ်ချင်းတွေကို မျက်နှာ ရိုးရိုးကြီးနှင့် ရှင်းပြတတ်လေ့ရှိသည်။

ဒီနှစ်တော့ ထွန်းကျော်ကို ရွာကိုပြန်လာဖို့ အိမ်ကစာရေးသည်။ ရေးတာမှ သုံးစောင်တောင်ရှိသည်။ ပြီးတော့ တစ်ယောက်တည်းသော ရွာကရည်းစား မမြဝင်းကလည်း ဒီနှစ် ရွာကိုပြန်လာဖို့ရေးသော ငါးစောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ရည်းစားဆိုတော့ လွမ်းလို့ပူဆာတယ်ဆိုရင်လည်း တစ်မျိုးစီ ပူဆာဖို့ကောင်းသည်ဟု ထွန်းကျော်ထင်သည်။ အခုတော့ မမြဝင်း ပူဆာပုံက တစ်စောင်နှင့်တစ်စောင် ရေးထားသော စာသားတွေက ငါးစောင်စလုံး တူနေသည်။

မမြဝင်းက ထွန်းကျော်ကို တစ်ခါတည်း တအားလွမ်းပြီး တအားသတိရလို့ စာငါးစောင် တစ်ပြိုင်တည်း ရေးပြီးတော့မှ ရက်ခြားပြီးပို့တာဟု အဆောင်နေသူငယ်ချင်းတွေက အထူးအဆန်းမို့ နောက်ကြသည်။ ထွန်းကျော်နာမည်ကိုလည်း Nick Name အဖြစ် ငါးစောင်ဟု ခေါ်ကြသည်။ ထွန်းကျော်အဖေ စာကတော့ ဒီအပြင် အကြောင်းတရားတွေ ကွဲသည်။ ရွာကိုပြန်လာဖို့ မှာတာတော့ စာလုံးအသုံးအနှုန်းက အတူတူပင် ဖြစ်၏။

"ငါတို့စိတ်ထင်တော့ မင်းကောင်မလေးနဲ့ကိစ္စ သိကုန်ကြပြီနဲ့ တူတယ်ကွ၊ ဒါကြောင့် နှစ်ဖက်စလုံး အတင်းမှာနေကြတာ နေမှာပေါ့"

"မဟုတ်သေးဘူးကွ၊ မမြဝင်းနဲ့ ကြိုက်တာကို အဖေနဲ့အမေ သိတာပဲ၊ မမြဝင်း အဖေနဲ့ အမေကလည်း သိနေတာပဲ"

"တရားဝင်မပြောရသေးဘူး မဟုတ်လား"

"ဒီလိုပဲ ပြောနေကြတာပဲ"

"မင်းမသိတဲ့ ပြဿနာတစ်ခုခု တက်နေတာနေမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ မင်းပြန်သင့်တာ အမှန်ပဲ၊ ငါတို့ကတော့ စားရတော့မယ် ထင်တာပဲဟေ့"

သူငယ်ချင်းတွေ ထင်သလို မဟုတ်ဘူးဆိုတာကိုတော့ ထွန်းကျော်က ကောင်းကောင်းသိတယ်။ ကိုယ့်ရွာက ကိုယ့်လူတွေ အကြောင်းပဲ၊





မသိဘဲနေပါ့မလား။ နှစ်ဖက်စလုံးက ဒီလိုပြဿနာမျိုး မရှိဘူးဆိုတာ သေချာသည်မို့ တွေးမရဖြစ်ပြီး ပဟေဠိလေးနဲ့ ထွန်းကျော် အိမ်ကိုပြန်လာခဲ့သည်။

အိမ်ကိုရောက်တော့လည်း သာမန်ပျော်ကြ ဝမ်းသာကြတာမျိုးပဲ ဖြစ်နေသည်။ အဖေနဲ့ အမေကလည်း ဘာမှုမထူးခြား။ နောက်တစ်နေ့ ညနေမှာ ထွန်းကျော်က –

"အဖေ ... ကျွန်တော် မမြဝင်းတို့အိမ်ဘက် လက်ဆောင်လေးတွေ သွားပေးလိုက်ဦးမယ်"

"အေး ... သွားလေကွာ၊ မနေ့ကတည်းက သွားဖို့ကောင်းတာပေါ့ ကွ"

ဟု အဖေဆိုတော့ ထွန်းကျော် အေးအေးဆေးဆေးပင် မမြဝင်း ထံသို့ ထွက်လာခဲ့သည်။ မမြဝင်းနှင့် တွေ့ရင်တော့ မေးမည်ဟု စိတ်ကူးထားလိုက်၏။

သူချစ်ရသော မြထံသို့ရောက်တော့ မြက ရွာတောင်ဘက် ကြာကန်လေးဆီ သွားရအောင်ဆိုသဖြင့် ထွက်ခဲ့ရသည်။ သူ သုံးနှစ်ခန့်ခွဲခဲ့ရသော ရွာသည် ဒီလမ်း၊ ဒီအိမ်၊ ဒီတံတား၊ ဒီသစ်ပင်နှင့်ပင် ဖြစ်သည်။ ဘာမှု ပြောင်းလဲခြင်းမရှိ၊ ပြောင်းလဲလာတာတစ်ခုက သူ့ချစ်သူ မမြဝင်းလေးနှင့် သူ ရွာလယ်လမ်းမှာ ဒီလိုတွဲလျှောက်ခွင့် ရခြင်းသာဖြစ်သည်။ အရင်တုန်းက သူ ဒီအခွင့်အရေးကို မရခဲ့။ ရန်ကုန်မြို့မှာ ကျောင်းတက်နေသည့် အင်ဂျင်နီယာကျောင်းသားဆိုသော ဂုဏ်ပုဒ်ကြောင့် အခုလို အခွင့်အရေး ရခဲ့သည်ဆိုလျှင် မမှားဆိုတာကို သူသိသည်။ ပညာ၏တန်ဖိုးသည် တန်ခိုးကြီးသည်ဟု ဆိုရမလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြလေးက ကိုယ့်ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲဟင်၊ ပြီးတော့ မြလေးရေးတဲ့ စာတွေကလည်း တစ်စောင်နဲ့တစ်စောင် အတူတူတွေချည်းပဲ"

"ကိုပုကျော် မြို့တက်တုန်းက စာတိုက်ကနေ ထည့်ပို့ပေးလိုက်ရတာလေ၊ တစ်စောင် နှစ်စောင်နဲ့ မရောက်မှာ မပို့မှာစိုးတာနဲ့ တစ်ခါတည်း လေးငါးစောင် ရေးပေးလိုက်တာ"

ထွန်းကျော် သက်ပြင်းကိုသာ ချရသည်။ သူ့ရည်းစား မြလေးကို ဘာမျှပြောမနေတော့။ သူတို့ရွာမှာ စာတိုက်မရှိတာရော သူတို့ရွာကလူတွေ စာရေးလေ့ရေးထ မရှိတာရော သူသိပြီးသားမို့ ဖြစ်သည်။

စာထည့်တာကိုပင် တစ်ပုံစံတည်း လေးငါးစောင်ရေးပို့မှ စာတိုက်က အားနာပြီး ပို့ပေးမှာဟု သူ့ချစ်သူ မြလေးက ထင်နေလိုက်သေး၏။ ဒါပေမဲ့ ထွန်းကျော် မြလေးကို အချစ်မပျက်နိုင်ပါ။

"ကိုယ်ပြောတာက ဘာကိစ္စနဲ့ ဒီလောက်အရေးတကြီး တွေ့ချင်တာလဲလို့ပါ မြလေးရဲ့"

"အင်း ... အဖေပေါ့၊ အဖေက တွေ့ချင်တာလေ၊ ဒီနှစ် ကျောင်းပိတ်ရင် ကိုထွန်းကို ဆက်ဆက်ပြန်လာခဲ့ဖို့ စာရေးချည်ဆိုလို့"

မြလေး၏အဖေ ဦးဒင်္ဂါးက တွေ့ချင်တာဆိုရင်တော့ သူတို့ကိစ္စပဲ ဖြစ်ရမည်။ ဒါပေမဲ့ မြလေးရဲ့မျက်နှာမှာလည်း ရှက်နေပြုံးနေတာက မရှိဆိုတော့ ထွန်းကျော် ပြောရတာခက်နေသည်။

"အင်း ... မြလေးကလည်း ခက်တာပဲ၊ ကဲ ... ကိုယ် ပြောင်ပဲမေးတော့မယ်၊ ဦးက တွေ့ချင်တာဆိုရင် ကိုယ်နဲ့မြလေး ကိစ္စလား"

"အောင်မယ် ... အောင်မယ် ... မဟုတ်ပါဘူးနော်၊ မဟုတ်ပါဘူး၊ ဘယ့်နှယ် ကြဲကြီးစည်ရာတော်၊ ဒီအဖေနဲ့ ဒီသမီးရှိတာ၊ ကျုပ်က ပြောရဲ





ပါ့မလားတော့၊ မဟုတ်ရပေါင်တော်"

"မြလေးကလည်း ... မြလေးက မပြောလည်း တစ်ရွာလုံးက သိနေတာပဲ၊ တခြားလူတွေက ပြောချင် ပြောမှာပေါ့"

မြလေးပုံစံက မရှက်သည့်အပြင် ဒေါသပင် ထွက်နေလိုက်သေး၏။

"ဘေးလူကပြောလည်း သားအဖချင်း ဒီလောက်အရှက်နည်းပြီး ကိုထွန်းကို ခေါ်ခိုင်းရအောင် ဒီကကောင်မက ဘာဖြစ်နေလို့လဲ၊ ယောကျ်ားတစ်ယောက်ရဖို့ စာတစ်တန် ပေတစ်တန်ရေးပြီး ခေါ်ရမှာဆို မြဝင်းတို့က မယူတော့ဘူး၊ သိလား"

ရွာပြန်လာရသည့်အကြောင်းကို မေးမိရာက ချစ်သူ၏ဒေါသကြောင့် ထွန်းကျော် မပျော်ရဘဲ စိတ်ကောက်တာချော့ပြီး ပြန်ခဲ့ရသည်။ လမ်းတစ်လမ်းလုံး စိတ်ထဲမှာ မကျေမနပ် ဖြစ်နေခဲ့ရသည်။ အိမ်ရောက်တော့မှ အဖေ့ကို မေးတော့မည်ဟု ဆုံးဖြတ်လိုက်၏။

အိမ်ကိုရောက်ပြန်တော့ အဖေ့ကို မတွေ့ရ။ အရှေ့ကျောင်းကို သွားသည်ဟုဆိုသည်။ ဒါနှင့် ထွန်းကျော်လည်း ရွာထဲက သူငယ်ချင်းယောင်းတွေနှင့် သွားတွေ့သည်။ သူငယ်ချင်းတွေ တော်တော်များများက အိမ်ထောင်ရက်သား ကျကုန်ကြသဖြင့် သူနှင့်သိပ်မတွေ့။ လယ်ထဲကိုင်းထဲ ဆင်းသူကဆင်း၊ ရွာပြောင်းသူကပြောင်း ဖြစ်ကုန်ကြသည်။

ညနေပြန်ရောက်သည်အထိ သူ့အဖေကို မတွေ့ရ။ သူ့အဖေလာရင်တော့ မြလေးအဖေ ဦးဒင်္ဂါးက ဘာကြောင့် သူ့ကို ခေါ်သည်ဆိုတာကို သိရမှာ ကျိန်းသေသည်။ သူ့အဖေကလည်း သူ့ကို ဒီနှစ် ဆက်ဆက်ပြန်လာဖို့ စာရေးထားတာ မဟုတ်လား။

ညမိုးချုပ်ခါနီးတော့မှ သူ့အဖေနှင့် ဦးဒင်္ဂါးကိုယ်တိုင်ပါ ရွာက

www.burmeseclassic.com



လူကြီး သုံးလေးယောက်နှင့်အတူ ပြန်လာကြတာ တွေ့ရလေသည်။

"အတော်ပဲ လူလေးရေ၊ ကဲ ... ကျုပ်ပြောတဲ့ ကျုပ်သားဆိုတာ အဲဒီကောင်ပဲဗျ"

အဖေနှင့်အတူပါလာသော လူသုံးယောက်က ထွန်းကျော်ကို ကြည့်သည်။ ထွန်းကျော် ထိုလူသုံးယောက်ကို မမြင်ဘူးချေ။

"ဒါ ကန်ပက်လက်ရွာက ရွာလူကြီးတွေကွ၊ မောင်ထွန်းကျော်ရေ မနက်ဖြန်မနက် (၁၀)နာရီမှာ ရွာဦးကျောင်းမယ် တို့ရွာက ရွာလူကြီးတွေနဲ့ ကန်ပက်လက်ရွာက ရွာလူကြီးတွေစုပြီး အစည်းဝေးလုပ်ကြမလို့၊ အဲဒါ မင်းကို လာဖိတ်တာကွာ"

မြလေးအဖေ ဦးဒင်္ဂါးစကားကြောင့် ထွန်းကျော် ကြောင်သွားသည်။ ကန်ပက်လက်ရွာက လူကြီးတွေကလည်း သူ့ကို ထူးထူးဆန်းဆန်း လူကို စူးစူးစိုက်စိုက်ကြည့်ပြီး တရိုတသေ ပြုံးပြရင်း ခေါင်းကိုညိတ်ကြသည်။

"အာ ... ကျွန်တော်နဲ့ ဘာဆိုင်လို့လဲခင်ဗျ၊ ကျွန်တော်က လူကြီးမှ မဟုတ်တာ၊ အဖေ့ကို ဖိတ်တယ်မဟုတ်လား၊ အဖေ့ကိုဖိတ်ရင် တော်ရောပေါ့ဗျာ"

"ဟာ ... မင်းနဲ့ဆိုင်တာပေါ့ကွ၊ ဆရာတော်ဘုရား ကိုယ်တိုင်က မင်းကို စောင့်နေတာ၊ မင်းလာမှ အားလုံးအဆင်ပြေမှာမို့ မင်းဆီကိုတောင် မိမြကို ငါစာရေးခိုင်းရတာ၊ မနက်ဖြန်အစည်းအဝေးမှာ မင်းကအဓိကပဲ"

ထွန်းကျော် ဘာမျှနားမလည်တော့ဘဲ ဖခင်ဖြစ်သူကိုသာ ကြည့်ရတော့သည်။ ဒီလိုရပ်ကွက်ကိစ္စတွေ ဘာတွေကို သူတစ်ခါမျှ ဝင်လုပ်ခဲ့ဖူးတာ ဘာညာမရှိပါ။ အခု ဘယ်လိုဖြစ်တယ်ဆိုတာကို သူ လုံးဝစဉ်းစားလို့ မရပါ။





"ဒီလိုကွ သားရ၊ ကျောင်းထိုင်ဆရာတော်ဘုရားက ငါတို့ရွာနှစ်ရွာအတွက် ဓမ္မာရုံဆောက်လုပ်မလို့တဲ့၊ လှူတဲ့ အလှူရှင်ကလည်း ရှိပြီဆိုပါတော့ကွာ၊ အဲဒါ မင်းက ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဆိုတော့ ကျောင်းပုံစံ ဆွဲခိုင်းမလို့တဲ့၊ ရွာမှာက ပညာတတ်ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတာမဟုတ်လား"

ဖခင်စကား ကြားတော့မှ ထွန်းကျော် မျက်လုံးပြူး၍သွား၏။ မှားကုန်ပြီ ဆိုတာကိုလည်း သိလိုက်ရသည်။

"ဟာ ... ပြဿနာပဲ အဖေရာ၊ ကျွန်တော်က စက်မှုတက္ကသိုလ် ကျောင်းသားပေမယ့် ကျွန်တော် ယူထားတဲ့ဘာသာက 'ချည်မျှင်' အဖေရ၊ ရက်ကန်းတွေ၊ စောင်စက်တွေနဲ့ပဲ ဆိုင်တာ၊ အဆောက်အအုံဆောက်တာတို့၊ ပုံစံထုတ်တာတို့က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ သင်လည်း မသင်ရဘူး အဖေ"

ထွန်းကျော် စကားကိုကြားတော့ ဦးဒင်္ဂါးက ခေါင်းကိုယမ်းသည်။

"ထွန်းကျော်ရာ ... ငါတို့က ကိုယ့်ရွာသားမို့ ကိုယ် ဂုဏ်ယူပြီးပြောတာ မဟုတ်ပါဘူး၊ မင်း ဒါတွေတတ်တယ်ဆိုတာ ငါတို့ အကုန်သိပါတယ်ကွာ၊ ကဲ ... ကတိုးဆည်ကြီးဆောက်တော့ ဘယ်သူတွေဆောက်သလဲ၊ အင်ဂျင်နီယာတွေပဲ မဟုတ်လားဘူး၊ မင်းတတ်ရဲ့သားနဲ့ ပညာတော့ မလှူပါနဲ့ကွ"

"မဟုတ်ဘူး ဦးလေး၊ စက်မှုကျောင်းသားဆိုပေမယ့် သင်ရတဲ့ဘာသာတွေက ခွဲထားတာမို့ပါ ဦးလေးဒင်္ဂါးရယ်၊ လမ်းတံတားက သပ်သပ်၊ လျှပ်စစ်ကသပ်သပ်၊ အဆောက်အအုံ ဆောက်တာက ..."

"မောင်ထွန်းကျော်ရ ... အဲဒီကိစ္စတွေ ငါ့ကို ရှင်းပြမနေနဲ့ကွာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



တို့ကတော့ မင်းကို အာမခံခဲ့ပြီ၊ ဒီတော့ မနက်ဖြန် မင်း ဆရာတော်နဲ့သာ ရှင်းပေတော့၊ ငါတို့လူကြီးတွေကတော့ မင်းကို တလေးတစား ဖိတ်ကြ တာပါပဲ"

ဦးဒင်္ဂါးတို့ ပြန်သွားကြတော့ ထွန်းကျော်က ဖခင်ဖြစ်သူကို ဓမ္မာရုံ ပုံစံအကြောင်း သူဘာမှမသိကြောင်းကို ရှင်းပြသော်လည်း သူရှင်းပြနေ တာတွေကို သူ့ဖခင် ဦးပုကျော်က တစ်လုံးမှမသိ၊ သူ့ဖခင်သိတာက သူသည် စက်မှုကျောင်းသား၊ စာတော်သည်၊ ဓမ္မာရုံပုံစံလောက်တော့ သူ့သားက အပျော့ပင်ဖြစ်သည်။

ဘယ်လိုမှ ရှင်းပြလို့မရ။ ထွန်းကျော် စိတ်ညစ်နေတုန်း မမြဝင်းက ရောက်ချလာသည်။ မမြဝင်း မျက်နှာပေါ်မှာက စိတ်ဆိုးနေသည့်ပုံလည်း ပေါ်သည်။ အရေးကြီးနေဟန်လည်း ရှိသည်။

"ကဲ ... ကိုထွန်းက ဖေဖေ့ကို ဘယ်လိုလုပ် လွှတ်လိုက်တာတုံး"

"ကိုထွန်းက ဘာလုပ်လို့လဲ မြလေးရဲ့၊ အဲဒီကိစ္စကို အခုပဲ ဒီမှာ အဖေနဲ့ ပြောနေတာ"

"ဒီမှာ ကိုထွန်းရဲ့၊ ကိုထွန်း မသိတာတွေကို မြလေးက ပြောပြရ ဦးမယ်တော့၊ အဖေက ကိုထွန်းကို ကွယ်ရာမှာ ဘယ်လောက်အထင်ကြီး ထားတယ် မှတ်သလဲ၊ ဟိုလူနဲ့တွေ့ရင် ကိုထွန်းအကြောင်း ပြောရ၊ ဒီလူနဲ့ တွေ့ရင် ပြောရနဲ့ သူ့သား အေးတင်အကြောင်းတောင် ဒီလောက်ပြော တာ မဟုတ်ဘူး၊ အခုဓမ္မာရုံကိစ္စကို ကန်ပက်လက်က လူကြီးတွေနဲ့ အိမ် မှာပြောကြတိုင်း ကိုထွန်းအကြောင်းက မပါရင် မပြီးပါတော်၊ အခု ကိုထွန်းက ဟိုဘက်က ရွာလူကြီးတွေရှေ့မှာ ဒီလိုအရှက်ခွဲချလိုက်တော့ အဖေ့မျက်နှာ ဘယ်လောက်ပျက်ခဲ့ရသလဲ"





"အဲဒါကိုပဲ ကိုထွန်းက ပြောနေတာလေ မြရဲ့၊ ကိုထွန်း ကျောင်း မှာသင်ရတာက ရက်ကန်းခတ်တဲ့စက်၊ ချည်မျှင်ကနေ အဝတ်ဖြစ်အောင် ရက်တဲ့စက်တွေအကြောင်းပဲ သင်ရတာ၊ ဒီဓမ္မာရုံကိစ္စက ..."

မမြဝင်းက ထွန်းကျော် ပျာပျာသလဲ ရှင်းပြနေတာကို နားမလည်။ ခါးကိုထောက်၍ ခေါင်းကိုသာ ယမ်းနေသည်။

"ကိုထွန်းတို့အိမ်က ပြန်လာပြီးကတည်းက အဖေက မျက်စိမျက် နှာပျက်နဲ့ ထိုင်နေလိုက်တာ၊ ထမင်းကျွေးတော့လည်း မစားဘူး၊ တော်တော် စိတ်မကောင်းဖြစ်နေတဲ့ပုံပဲ၊ အဲဒါ မေးတော့မှပြောတာ ကိုထွန်းရယ်၊ ကိုထွန်းက ရွာကိုမျက်စိလည်လာတဲ့ အင်္ဂလိပ်ကြီးတွေနဲ့တောင် စကား ပြောနိုင်တာပဲ၊ သူတို့ဆွဲခိုင်းတာကို ဆွဲပေးလိုက်စမ်းပါ၊ တတ်ရဲ့သားနဲ့ မကတ်စမ်းပါနဲ့၊ ဆွဲပေးလိုက်ပါ ကိုထွန်းရယ်နော်"

မမြဝင်း စကားဆုံးတော့ ထွန်းကျော် ဖင်ကုတ်ခေါင်းကုတ် ဘာ စကားကို ဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ ကျောင်းသို့ ပထမနှစ်သွား တက်ပြီး နွေကျောင်းပိတ်ရက်ကလေး ပြန်လာစဉ်က သူတို့ရွာဘက်ကို ငှက်ကြည့်သည့် တိုးရစ်အဖွဲ့ မျက်စိလည်ပြီး ရောက်လာခဲ့ဖူးသည်။

တစ်ရွာလုံးက ဝိုင်းအုံနေသဖြင့် ထွန်းကျော် ရောက်သွားတော့မှ လမ်းမှားနေမှန်းသိပြီး စကားနည်းနည်းပြောကာ ရွာမှာ ခဏနားကြသည်။ ဒီတော့ ထွန်းကျော်က မြန်မာပီပီ လိုအပ်တာလေးတွေ ကူညီရင်း လမ်း ညွှန်ပေးခဲ့ဖူး၏။ တိုးရစ်တွေက သူတို့လုပ်နေကျအတိုင်း ငှက်တွေကိုတင် မဟုတ်၊ ရွာကလူတွေကိုပါ ကြည့်သွား၊ ဓာတ်ပုံရိုက်သွား လုပ်သွားကြ သဖြင့် ထွန်းကျော် တော်တော်နာမည်ကြီးသွားခဲ့ရဖူးသည်။

အဲဒီကတည်းက သူတို့ တစ်ခါမှ မမြင်ခဲ့ဘူးသော အင်္ဂလိပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ရယ်ရယ်မောမော စကားပြောနိုင်သော ထွန်းကျော်မှာ အကုန်သိ အကုန်တတ်သူတစ်ဦး ဖြစ်သွား၏။ ထွန်းကျော်သည် သူတို့ 'ပင်လုဒေါ်' ရွာအတွက်တော့ 'ဂျိန်းစဘွန်း' ဖြစ်၍သွား၏။ အခုတော့ ဂျိန်းစဘွန်း ဒုက္ခရောက်ပြီဖြစ်သည်။

"ဒုက္ခပါပဲ မြလေးရာ၊ ကိုထွန်းတော့ ဘယ်ကစပြီး ဘယ်လိုရှင်းရ မှန်းကို မသိတော့ဘူး"

"ဘယ်လိုမှမရှင်းနဲ့တော့ ကိုထွန်း၊ အဖေက ကိုထွန်းကို နောက်ဆုံးစကား ပြောလိုက်ပြီ၊ ကိုထွန်း ရွာဦးကျောင်း မမ္ဘာရုံဒီဖိုင်းကို ဆွဲပေးရင် ကျုပ်နဲ့ အပ်ကျမတ်ကျပဲတဲ့၊ မဟုတ်ရင်တော့ ပြီးပြီတဲ့၊ ကျုပ်ကလည်း အဖေ့သမီး အဖေ့စကားအတိုင်းပဲ၊ ကိုင်း ... ကျုပ် အဲဒါလာပြောတာ၊ ရှက်ရှက်နဲ့ပဲတော့၊ ညဥ့်နက်နေပြီ၊ ကျုပ် ပြန်တော့မယ်"

"မြလေး ... မြလေး ... နေဦးလေ၊ ကိုထွန်း ရှင်းပြမယ်"

ဆင်းသွားသော မမြဝင်းကို လိုက်ဖမ်းနေသော ထွန်းကျော်ကို ဖခင်ဖြစ်သူက အတင်းဆွဲသွား၏။

"လိုက်မနေနဲ့တော့လေ၊ ငါ့သား မင်းကောင်မလေး ပြောတာက ရှင်းနေပြီပဲ၊ မနက်ဖြန် ဆွဲပေးလိုက်ပေါ့ကွ၊ ဘာအရေးလဲ"

* * *

ထွန်းကျော်က စကားကို ရပ်ထားလိုက်သဖြင့် Final ကျောင်းသားတွေအားလုံး စိတ်ဝင်စားမှုက အထွတ်အထိပ်သို့ ရောက်သွား၏။

ဒီနှစ် ကျောင်းအပိတ် အိမ်အပြန်တွင် အိမ်ထောင်ကျလာသော ထွန်းကျော်ကို ဝိုင်းမေးကြရာမှ ထွန်းကျော်က သူ့ရွာပြန် ဇာတ်ကြောင်း





ကို ရှင်းပြနေခြင်း ဖြစ်သည်။

"ဒါဆို မင်း အိမ်ထောင်ကျလာတယ်ဆိုတော့ ပုံစံထုတ်ပေးလိုက်တယ်ပေါ့"

"ထုတ်ပေးလိုက်တာပေါ့ကွ"

"ဟာ ... မင်းတို့ရွာက မမ္ဘာရုံကတော့ သွားပါပြီကွာ၊ ရက်ကန်းစင်ပုံစံကလေးလား"

"ဘယ်ဟုတ်မလဲကွ၊ ငါက စက်မှုကျောင်းသားဆိုပေမယ့် ယူထားတဲ့ဘာသာက ချည်မျှင်ဖြစ်ကြောင်း၊ မမ္ဘာရုံနဲ့ ဘာမှမဆိုင်ကြောင်း၊ လက်သမားသာခေါ်ပြီး ကြည့်လုပ်ပါပြောတာ ဆရာတော်ဘုရားက လုံးဝလက်မခံဘူးကွ၊ ဟိုဘက်ရွာက လူတွေလာရင် ဒါတွေမပြောဘဲနဲ့ ပုံစံသာဆွဲပေးပါလို့ ပြောတာကိုးကွ"

"အဲဒီတော့ မင်းက ... "

"လူစုံတော့ သူတို့က ပြောစရာ ဆိုစရာတွေပြီးတာနဲ့ ငါ့ကို ပုံစံဆွဲခိုင်းတော့ ငါလည်း ချက်ချင်းပဲ ပုံတစ်ပုံ ဆွဲပေးလိုက်တယ်၊ ငါ့ပုံလည်း ကြည့်ပြီးရော၊ သူတို့ တော်တော်လန့်သွားကြတယ်ကွ"

"ဒါတော့ မဖြစ်နိုင်ဘူးကွာ၊ ပိုက်ဆံအများကြီး ကုန်လိမ့်မယ်လို့ ပြောတယ်၊ ငါကလည်း အဲဒါ ငါတတ်ထားတဲ့အထဲက အနိမ့်ဆုံးပုံကို ဆွဲပေးတာပဲလို့ ပြောလိုက်တော့ ငါ့ကို ဘာမှမပြောဘဲ ပြန်လွှတ်လိုက်ကြတယ်"

"မင်းက ဘာပုံဆွဲပေးလိုက်လို့လဲ"

"ရန်ကုန်ဘူတာကြီးပုံလေ"

"ကောင်းတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ နောက်တစ်ပုံ ထပ်ဆွဲခိုင်းတာတို့၊ နောက် တစ်ခုခုဆောက်ရင် ဆွဲခိုင်းမှာတို့ ကြောက်တာနဲ့ ငါလည်း မြလေးကို တစ်ခါတည်း လက်ထပ်ခဲ့တာကွ"

"ကောင်းလိုက်တဲ့ အောင်သွယ်ကြီးပါပဲကွာ"


www.burmeseclassic.ccom

www.burmeseclassic.com



# ချစ်တိုက်ကြီး




www.burmeseclassic.ccom

www.burmeseclassic.com



## ချုပ်တိုက်ကြီး

ပန်းရိပ်ချောင်းသည် ဟိုးအရင် ရှစ်နှစ်လောက်တုန်းကလိုပဲ တိတ်ဆိတ်ညင်သာစွာ စီးဆင်းနေသည်ဟု ထွန်းဇံ ထင်ချင်သည်။ အို ... မဟုတ်သေးပါဘူး။ ဟိုးတုန်းကလို စီးနေတာမဟုတ်ဘူး။ တကယ့်ဟိုးတုန်းကမှ ဟိုတုန်းကလို စီးနေတာ စင်စစ်ဖြစ်ကို ဖြစ်ရမည် ...။ ချစ်သူ၏ပခုံးကို မှေးဖက်ထားသလို သူတို့ရွာလေးကို မှေးပြီး ယုယုယယ ပွေ့ဖက်ထားသည့် ပန်းရိပ်ချောင်းစွယ်ကလေး ...။ ရေစီးပေါ်မှာ ပေါ်နေတဲ့ ဂယက်ထငါးရေခွံတွန့်ကလေးတွေ ချောင်းအကွေ့ ... အင်မမြစ်မွှာတွေကို ရေအရှိန်နဲ့တိုးလို့ ခုန်ထနေတဲ့ ရေမှုန်ရေစက်တွေ ...

ပြီးတော့ ...

ချောင်းထဲမှာ ပုဇွန်ဆီသန်းနေတဲ့ ညနေခင်းနေရောင် အားလုံးသည် လွန်ခဲ့သည့်ရှစ်နှစ်တုန်းက ညနေခင်း သူ ဟောဒီပန်းရိပ်ချောင်းကလေးကို





ကျောခိုင်းခဲ့စဉ်ကအတိုင်း တစ်သဝေမတိမ်း ပြန်လုပ်ပြနေခြင်းသာ ဖြစ်ရမည်။

သူ့ ပန်းရိပ်ရွာကလေးဆီကို လှမ်းကြည့်လိုက်တော့ ညနေရီနေခြည်မှာ ငြိမ်သက်၍နေသည်။ ရွာအဝင်သဲလမ်းသည် ဟိုးအရင်တုန်းကလိုပဲ သဲဖွေးဖွေးနှင့် ဟိုးအဝေးကို ဆန့်၍ထွက်သွားသည်။ ရွာလမ်းရဲ့အဆုံးမှာ ညနေရီနေရောင်နဲ့ ငြိမ်နေတဲ့ ပဲခူးရိုးမရဲ့ တောင်စွယ်တောင်တန်းတွေ ...။ ရွာလေးဆီမှ ညနေခင်း ထမင်းချက်ထင်းမီးခိုးငွေ့သည် တစ်အိမ်မှတစ်အိမ် ငြိမ်ငြိမ်ဆိတ်ဆိတ် လွင့်တက်လာနေကြသည်။

ပန်းရိပ်ချောင်းပေါ်သို့ ဖြတ်တိုက်လာသော လေ၏ရနံ့ထဲတွင် နှင့်ခနဲနေအောင် ပါလာသည့် ချက်မြှုပ်ဇာတိရွာ၏ ရနံ့ကို ထွန်းဇံ အားပါးတရ ရှူပစ်လိုက်သည်။ ပြီးတော့ ... တံတားလက်ရမ်းကိုကိုင်ကာ ချောင်းပြင်ဖြတ် လေညင်ညင်သုန်သုန်ထဲကို မျက်လုံးအသာမှေးထားသော သူ့မျက်နှာ ခပ်မော့မော့ကလေး ထိုးထည့်ပေးထားလိုက်သည်။ ချောင်းပြင်လေသည် သူ့မျက်နှာတစ်ပြင်လုံး သူ့တစ်ကိုယ်လုံးနှင့် သူ့နှလုံးသားတစ်ခုလုံးကို ညင်သာစွာ ထွေးပွေ့ထားသည်ဟု သူ ခံစားနေရသည်။

သူ ရှစ်နှစ်လုံးလုံး အကြိမ်ကြိမ် စိတ်ကူးယဉ်ပြီးတော့ မျက်စေ့ထဲပြန်မြင်မြင်နေခဲ့ရတဲ့ ရွာကလေး ...။ ရိုးရိုးအသိစိတ်ဖြင့် စဉ်းစားသည့်အခါတွင် အိမ်လွမ်းစိတ်က ပိတ်စဖြူဖြူပေါ်တွင် မီးခိုးရောင်ဆေးတစ်စက်ကျသွားသလို အလွန်လျင်မြန်စွာ စိမ့်ပြန့်သွားတတ်၏။ အိပ်မက်မက်သည့်အခါ သူသည် တကယ့်ရွာကို ပြန်ရောက်သွားပြီး အရိပ်အယောင်၊ အသံ၊ လူ၊ ရနံ့တို့နှင့် လုံးထွေးလှုပ်ရှား လူးလွန့်နေရာမှ လန့်နိုးသွားသည့်အခါ အခြားအရာအားလုံး ပျောက်ကွယ်သွားသော်လည်း ညှိုးရိပ်



www.burmeseclassic.com

www.burmeseclassic.com



သင့်နေသော ရွာ၏ရနံ့က အိပ်မက်ဆိုသော အသိနှင့်ပေါင်းပြီး ရင်ထဲမှာ မီးခိုးတွေ တဖြည်းဖြည်းချင်း ပြိုကွဲသလို ပြိုကွဲနေတတ်သည်။

အခုတော့ သူ ... သူ့ဇာတိရွာကလေးကို ပြန်ရောက်ခဲ့ပြီ။

ဒီချောင်း ... ဒီရွာ ... ဒီလမ်း ... ဒီတံတား ... ဒီလေပြည် ... ဒီနေခြည် ... ဒီရနံ့တွေကို ရနေပြီ။ အရင်တုန်းကလို အိပ်မက်ဆိုတဲ့ အသိမှ တစ်ခါပြန်မပျောက်တော့တဲ့ သူ့ရင်ထဲက ရွာစင်စစ်။

ထိုအချိန်တွင် ချောင်းဟန့်သံကြောင့် လှည့်ကြည့်တော့ ဘကြီးမိုး။ နွားနိုကြီးနှစ်ကောင်နောက်မှ လှည်းပေါ်မှာ နှင်တံကြီးမြှောက်လို့။ အရင်တုန်းကလို သန်မာဆဲ ... တည်ငြိမ်မြဲ။

"ဘကြီးမိုး ..."

"ဟေ ..."

အသံက ရင်းနှီးခြင်းမရှိ။ မယုတ်မလွန် သတိထားသံကြီး ပါနေသည်။

"ဘကြီးမိုး ... ကျွန်တော်ပါ၊ ထွန်းဖဲရယ် ... ထွန်းဖဲ၊ ကိုလှဖဲ မမယ်အုပ်တို့သား ထွန်းဖဲပါ"

"ဟေ ... မယ်အုပ်တို့သား ထွန်းဖဲလား၊ ဟေ့ကောင် မင်းရွာပြန်လာတာလား၊ တသွေးတမွေးနဲ့ကိုကွ၊ တကယ်ကို မမှတ်မိတာဟေ့၊ မင်းက ဖြတ်လျှောက်ပေါ် ဘာလုပ်နေတာလဲ၊ လာလေကွာ"

"ရွာကိုငေးနေတာ အဘရ၊ ရွာကိုငေးနေတာ"

"ငေးမနေနဲ့ ရောက်မှပဲ၊ လာလာ လှည်းပေါ်တက်၊ ပစ္စည်းတွေက မနည်းပါလားကွ"

"ကျွန်တော် လမ်းပဲလျှောက်ခဲ့တော့မယ် ဘကြီးမိုး၊ ရွာက လမ်း





လျှောက်ပြီး ထွက်ခဲ့တာ လမ်းလျှောက်ပြီး ဝင်ချင်လို့"

"ကိုင်း ... လုပ်ပြီဟေ့ ထွန်းဖဲတို့ကတော့ကွာ၊ ကဲကွယ် ... အဲဒါဆို မင်းအိတ်တွေ ဘာတွေ တင်ပေးဦး၊ ပြီးမှ မင်းနောက်က အေးအေးဆေးဆေး လိုက်ခဲ့ပေါ့၊ ကိုင်း ... လာလာ မင်း လှည်းစောင့်နေတာပဲ မဟုတ်လား"

ဘကြီးမိုးက သူ့ပစ္စည်းတွေ လှည်းပေါ်တင်ပြီး ရှေ့က ထွက်သွားနှင့်သည်။

သူ ရွာလယ်လမ်းပေါ် ခြေချလိုက်တော့ ဖုန်မှုန့်ရနံ့က ထောင်းခနဲရသည်။ အဲဒီရနံ့ကို အိပ်မက်မက်ပြီးတိုင်း အမြဲတမ်း လွမ်းခဲ့ရသည်။ ရွာလယ်လမ်းကနေ ဘေးဘီဝဲယာအိမ်တွေကိုကြည့်တော့ ကြက်ခတ်ဝါးခြစ်ရိုး၊ ကနစိုသားကွပ်ပျစ်၊ သက်ကယ်မိုးထရံကာ အိမ်ကလေးတွေ ဟိုးရှစ်နှစ်တုန်းကအတိုင်း ဘာမှမပြောင်းလဲကြ။ သက်ကယ်တွေကို ချည်ထားသည့် နီးပင်တွေပင် ဟိုရှစ်နှစ်တုန်းက အတိုင်းပဲဟု ထင်ရသည်။

သုံးလေးအိမ်ကျော်လာတော့မှ သူ့ကို လူတွေကထွက်ပြီး ကြည့်ကြတာကိုလည်း သူ သတိထားမိသည်။ ဘကြီးမိုးက လှည်းပေါ်က သတင်းဖြန့်သွားဟန်တူသည်။ သို့သော် ထွက်ကြည့်သူတွေအားလုံးက ဘာကြောင့်မှန်းမသိ မခေါ်ကြ။ သူနှင့်အတူ ခင်မင်ခဲ့ကြသော အော်ဖော်အော်ဖက် ဖော်စဖက် တစ်အိမ်တက် တစ်အိမ်ဆင်းနေခဲ့ကြတဲ့ လူတွေချည်း ဖြစ်သော်လည်း သူ့ကို ဘယ်သူမှမခေါ်ကြ။ သူကလည်း သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော မျက်လုံးတွေကြောင့် စပြီးတော့ မခေါ်ရဲခဲ့။

လူတွေအားလုံး သူ့ကို တမင်တကာ ထွက်ကြည့်နေတာ သေချာပါသည်။ သို့တိုင် သူ အဲဒီလူတွေကို မခေါ်ဖြစ်။ ရှစ်နှစ်ဆိုသော အချိန်ကာလသည် ရွာလေးတွင်ရှိသော လူများနှင့် သူ့ကို တစ်စုံတစ်ရာ ကွဲပြား



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပစ်လိုက်ဟန် တူလေသည်။

ပြီးတော့ အားနာတတ်ပြီး တစ္ဆတ်ထိုးလုပ်တတ်သော သူ့ငယ်ကျင့်ကြောင့်လည်း ပါမည်ထင်သည်။ ရှေ့ကလူတွေကို ခေါ်မလာဘဲနဲ့ နောက်က လူတွေကျမှ လှမ်းခေါ်ရလျှင်လည်း ရှေ့က မခေါ်ခဲ့ရသူတွေကို အားနာသဖြင့် သူ မခေါ်ဖြစ်တော့။ လူတွေရဲ့ မျက်နှာပေါ်မှာလည်း သူ့ကို ကြည့်ပုံက ငယ်သူငယ်ချင်း တစ်ရွာတည်းသားဆိုတာထက် သူစိမ်းဆန်ခြင်းနှင့် စူးစမ်းခြင်း စသော မျက်နှာပေးနှင့် ပုံသဏ္ဌာန်များက များနေသဖြင့် ထွန်း၏ ရွာအပြန်သည် ထင်မှတ်ထားသလို အားလုံးက ကြိုဆိုနေကြသော်လည်း ထင်မှတ်မထားဘဲ သူစိမ်းဆန်သည့် ပွဲလေးတစ်ပွဲလည်း ဖြစ်သွားခဲ့ပါသည်။

ရွာလယ်ပိုင်းကို တဖြည်းဖြည်းကျော်တော့ လေးရင်တို့အိမ်နားကို ရောက်လာသည်။ သတင်းက ပြန့်ပြီးနေသည်မို့ လေးရင်ကို အိမ်ရှေ့မှ ထွက်ကြည့်သည့်အထဲမှာတော့ မတွေ့ရ။ မကြည့်ဘဲနဲ့လည်း လေးရင် နေမည် မဟုတ်ပါ။ ဒီတော့ လေးရင် အိမ်ထဲပုဏ္ဏာကွယ်မှ ချောင်းကြည့်နေမှာ သေချာပါသည်။ ဒါ့ကြောင့် သူ လေးရင်တို့အိမ်၏ ပုဏ္ဏာကွယ်ကို ရင်ဘတ်ဖြင့် ကြည့်သည့်အခါ နောက်ကွယ်မှာ လေးရင်ရှိသည်ဟု ထင်ပါသည်။

အိမ်ကိုရောက်တော့ အမေက သူ့ကို ပြေးဖက်သည်မှလွဲ၍ သူ့အိမ်သည် တစ်စုံတစ်ရာ ဆူညံခြင်းမရှိဘဲ အေးဆေးတိတ်ဆိတ်လျက်ရှိ၏။ မြို့တက် ပစ္စည်းဝယ်ပြီး ပြန်လာသည့် လူအိမ်ပင်လျှင် လူဝင်လူထွက်နှင့် ဆူညံနေလျက်ရှိတတ်သော သူ့ရွာသည် ရန်ကုန်မြို့ပေါ်သို့ သွားခဲ့ပြီး ရန်ကုန်မှတစ်ဆင့် နိုင်ငံခြားသို့ ရောက်သွားခဲ့သော သူ ပြန်လာသည့်အခါ





တွင် တစ်စုံတစ်ရာ လှိုက်လှိုက်လှဲလှဲ မရှိခြင်းကို ခုထိထွန်း၏ စဉ်းစား၍ မရ ဖြစ်၍နေသည်။ သူ့နှမအရင်း ခင်ထွေးပင်လျှင် သူ့ကိုတွေ့တော့ ခေါင်းတငုံ့ငုံ့နှင့် အိတ်ကိုဆွဲ၊ အပေါ်တင်ပေးစရာပေး၊ အိပ်ခန်းပြင်ပေးစရာရှိတာ ပြင်ပေးပြီးတော့ ‘အစ်ကိုကြီး ဝလာတယ်’ ဆိုသည့် စကားတစ်ခွန်းပြောပြီး အိမ်ပေါ်တက်သွားခဲ့သည်။ နှမပေးယောက်ဖကား ပြောဖွယ်မရှိ၊ ကိုယ်ကလည်း သူ့ကို မမြင်ဘူး၊ သူကလည်း အခုမှသိတာဆိုတော့ ဘာမှပြောစရာမရှိ။ ဒီကောင်က ကလာရေမလုပ်တတ်တာလည်း ပါမည်ထင်သည်။

ဘကြီးမိုး လှည်းပေါ်က ချပေးနေသမျှ အထုပ်အပိုးတွေကို လင်မယားနှစ်ယောက် ကူချပြီး အိမ်ထဲသို့ သွင်းနေကြသည်။ ပစ္စည်းတွေချနေကြသည်ကို ရွာထဲကလူတွေက ဝိုင်းကြည့်နေကြတာ မြင်ရတော့ သူ့ရင်ထဲမှာ မကျေနပ်ချက်က ပေါ်လာပြန်သည်။ ဒါပေမဲ့ ဘာမှပြောမနေတော့ဘဲ ငယ်ကျင့်အတိုင်း ပြုံးနေလိုက်၏။

ပြောင်းလဲသည်ဆိုလျှင် သူ့အိမ်တစ်အိမ်တည်းသာ ရှိလိမ့်မည်ထင်သည်။ သူ ကိုရီးယားမှ လှမ်းပို့ပေးလိုက်သောငွေနှင့် အမေက အောက်ခံအုတ်နှစ်ထပ်သစ်သားအိမ်ကို ဆောက်ခဲ့သည်။ ရန်ကုန်သို့ မထွက်မီနေခဲ့သော အိမ်က ရွာထဲကအိမ်တွေနည်းတူ မြေစိုက်တဲအိမ်ကျယ်ကြီးသာ ဖြစ်သည်။

“လာ ... ဘကြီးမိုး၊ ခဏနားပါဦး၊ ကျန်တာ ခင်ထွေးတို့ လုပ်ပါလိမ့်မယ်၊ လာ ... ဘကြီး”

အမေလာချပေးသည့် ရေနွေးအိုးက အရင်အတိုင်း မြေရေနွေးအိုးကလေးပဲမို့ သူ ကျေနပ်သွားသည်။ ပဲရေဖွကလည်း အမေ့လက်ရာ ရေဖွ



www.burmeseclassic.ccom

www.burmeseclassic.com



စစ်စစ် ဖြစ်သည်။ ရေနွေးကြမ်းကို သောက်ချလိုက်သည့်အခါ ကန်ရေနှင့် လက်ဖက်ခြောက်နံ့သည် အရင်နှစ်ပေါင်းများစွာ ဝိညာဉ်ထဲတွင် ကျန်ခဲ့သည့် အနံ့အရသာအတိုင်းသာ ဖြစ်သည်။

"ငါနဲ့သာမတွေ့ရင် မင်းရွာထဲ ဒီပစ္စည်းတွေနဲ့ ဘယ်လိုလုပ် အကြောင်းကြားမလဲ၊ တော်သေးတာပေါ့၊ မင်းနှယ့်"

"ဘာအရေးလဲ၊ ဘကြီးမိုးကလည်း ဒီပစ္စည်းတွေ ဒီအတိုင်းထားပြီး လူချည်း လျှောက်ဝင်လာပြီးမှ အကြောင်းကြားပြီး ပြန်သယ်ပေါ့ ဘကြီးမိုးရဲ့"

"ဟ ... ရွာကို မင်းက အရင်ကလို ထင်နေတာကိုး၊ အရင်ကလို မဟုတ်ဘူးမောင်ရေ၊ အရင်ကလို မဟုတ်ဘူးလဟ"

ဘကြီးမိုးစကားကြောင့် သူ တော်တော်လေး ဒေါသဖြစ်သွားသည်။ သူ့စိတ်ထဲမှာ တစ်ညနေလုံး မကျေမနပ် ခံစားနေရတာကိုလည်း ဖွင့်ပြောချင်နေတာနှင့် ဖွင့်ပြောချပစ်လိုက်သည်။

"ဟုတ်တယ် ဘကြီးမိုး၊ ကျွန်တော် ရွာထဲကိုဝင်လာတော့ ကျွန်တော့်ကို အိမ်ထဲကနေ ထွက်ကြည့်ကြတာ သူတို့ မျက်လုံးတွေကတစ်မျိုးပဲ၊ ကျွန်တော့်ကို သူတို့ကြည့်ပုံက ကြပ်ကုန်းထဲ ဝင်လာတဲ့လူကို ကြပ်တွေက ဝိုင်းကြည့်ကြသလိုပဲ၊ ဘကြီးမိုး သတိထားမိလား"

"ဟင့်အင်း ... ငါက နောက်က ခပ်အေးအေး မောင်းဝင်လာတာဆိုတော့ သတိမထားမိလိုက်ဘူးကွ"

သူ ရင်မောပြီး သက်ပြင်းကိုချရသည်။

ဒီနှစ်သကြံန် သူ ရွာမှာပျော်ချင်၍ ပြန်လာခဲ့ခြင်းဖြစ်သည်။ အခုပုံစံအတိုင်းဆိုလျှင် သူ ဒီရွာမှာ ပျော်ရပါတော့မလား။ ပြီးတော့ သူ့ကို





တရားဝင် သံယောဇဉ်ရှိထားပါသည်ဆိုသော လေးရင်ကရော သူ့ကို ဘာဖြစ်လို့ ထွက်မကြည့်တာတဲ့လဲ။ သူ ဆက်မစဉ်းစားချင်တော့တာနှင့် ဆက်မတွေးဘဲ အတွေးကို အဲဒီနေရာမှာပင်ရပ်ပြီး ဘကြီးမိုးကို လှျပ်စစ်ဓာတ်အားသွင်း ဓာတ်မီးကြီးတစ်ချောင်း လက်ဆောင်ပေးလိုက်သဖြင့် ဘကြီးမိုးမှာ ပျော်ရွှင်ကျေနပ်လွန်းသည့် စိတ်ကိုမထိန်းနိုင်ဘဲ ထိုင်ရမလိုထရမလိုကြီး ဖြစ်၍နေသည်။ အဲသည်နောက်မှာတော့ ခရီးပန်းလာသောသူ တွင်းရေကို ဝဝချိုး၊ အမေချက်ထားသော ကြက်သားဟင်းငံပြာရည်ချက်နှင့်ထမင်းတစ်ကြီးနက်ပြီး အိပ်ရာသို့ဝင်ခဲ့သည်။

"ဒေါသကို ဒေါသနှင့်တူအောင် ထွက်တယ်" ဆိုသော ရင်အေးသည် အခု ဒေါသကို ဒေါသနှင့်တူအောင် ထွက်နေရလေသည်။

ထွန်းဖဲ ရွာထဲသို့ ဝင်လာတာကို ပုဏ္ဏကွယ်က မြင်လိုက်ရတုန်းက အံ့လည်း အံ့သြသည်။ ဘာကိုမှန်းမသိ၊ ဝမ်းလည်းနည်း ငိုလည်း ငိုချင်သည်။ နောက်ဆုံးကျန်ခဲ့သည့် ခံစားမှုကတော့ ဒေါသပင်ဖြစ်သည်။

ခင်ထွေးဆီမှ ထွန်းဖဲ နိုင်ငံခြားကနေ ရိုက်ပြီးပို့လိုက်သည့်ပုံကို ကြည့်ရတာ ပျော်လည်းပျော်၊ ရှက်လည်းရှက် ရင်တွေ ဘာတွေခုန်ဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်ခဲ့ရသေးသည်။ အာကာသသို့သွားမည့် ဂြိုဟ်သားအင်္ကျီလို အင်္ကျီကြီးဝတ်ထားသော ထွန်းဖဲကိုကြည့်ပြီး ကြည့်လို့လည်းမဝ၊ အထင်ကြီးလို့လည်းမဝနှင့် ဖြစ်ခဲ့ရဖူးသည်။

ထွန်းဖဲမှာ ဂဟေဆက်အလုပ်သမားဖြစ်၍ ဂဟေဆော်သည့်ဝတ်စုံနှင့် ဓာတ်ပုံရိုက်ပြီး ပေးလိုက်ခြင်းဖြစ်သည်။

အဲဒီဓာတ်ပုံကိုကြည့်ပြီး အေးအေးတိုးက 'ဟဲ့ ... ရင်အေးမ၊ နင့်ကို ထွန်းဖဲက အဲဒီ ကိုရီးယားဆိုတာကြီးကို ခေါ်သွားပြီး ဟိုမှာနေမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲအေ့’ ဟု မေးစဉ်က ရင်အေး ဘာမှပြန်မဖြေနိုင်ခဲ့။

ထွန်းဖုံနှင့် ကိုရီးယား လိုက်သွားရလျှင်ဆိုပြီး ညစဉ် အိပ်မက်တွေမက် စိတ်ကူးယဉ်ခဲ့ရတာတွေကို ပြန်တွေးပြီး ဒင်းကို အမုန်းကြိတ်ချင်နေလေသည်။ ဒီလိုဆိုတော့ ရင်အေးနှင့် ထွန်းဖုံကို သမီးရည်းစားတွေလားဆိုတော့လည်း မဟုတ်ပြန်။ ဒါပေမဲ့ ထွန်းဖုံက ရင်အေးကို ကြိုက်နေတယ်ဆိုတာ တစ်ရွာတည်းလုံးက အသိပင်ဖြစ်သည်။ အိမ်ခြေ (၉၀)ခန့်သာရှိသော သူတို့ရွာမှာက အဲဒီလောက်ဆိုလျှင် စေ့စပ်ထားပြီးသားလို ဖြစ်သည်။ ထိုကဲ့သို့ တစ်ရွာလုံးကသိအောင် နှစ်ပေါက် ကြိုက်ထားသောလူကို မိန်းကလေးက ခါးခါးသီးသီး မငြင်း၊ လိုရင်းဆက်ဆံသည် ဆိုလျှင်ပင် စေ့စပ်ကြောင်းလမ်းထားတာနှင့် အတူတူပင်ဖြစ်သည်။

ဒီလိုဆိုလျှင်တော့ ရင်အေးအဖြစ်က ဒီထက်ပိုမည်ဟုသာ ဆိုရမည်။

ထွန်းဖုံ ရန်ကုန်မြို့တက်ပြီး အလုပ်လုပ်တော့မည်ဆိုပြီး တစ်ရွာလုံးနီးပါး လိုက်ပို့ကြစဉ်တုန်းက ရွာအဝင် ပန်းရိပ်တံတားမှာ မျက်ရည်တွေကျပြီး ထွန်းဖုံနှမ ခင်ထွေးကို ဖက်ငိုခဲ့ရတာ ဘယ်ကောင်းမလဲ။ ပန်းရိပ်တံတားပေါ်မှာ ကျခဲ့သည့် မျက်ရည်တွေကို တစ်ရွာလုံးက နားလည်ကြသည်။ တစ်ရွာလုံးက သဘောပေါက်ကြသည်။ မြို့သွားတော့မည့် ထွန်းဖုံခမျာ အတွယ်အတာတွေ ဘာတွေနှင့် ဖြစ်သွားသည်ဟု ရွာကလူတွေက ပြောကြသည်။

ထွန်းဖုံသွားသည့် ရှစ်နှစ်လုံးလုံး ရင်အေးကို ဘယ်သူကမှ ထိကပါးရိကပါးမရှိ၊ စကားအရိအသွား မရှိ၊ ထွန်းဖုံအကြောင်းကို မေးသည်သာရှိသည်။ ဟော ... အခုတော့ ရှစ်နှစ်ကြာလို့ ရွာပြန်လာတော့ ဒင်းက တစ်ရွာလုံးကိုလည်း ဂရုမစိုက်၊ သူ့ကိုလည်း ဖုတ်လေသည့်ငပိ ရှိသည်ဟူ၍ပင်





သဘောမထား လူပါးဝလွန်းသည်။ သူ့ကိုယ်သူ နိုင်ငံခြားပြန်ဆိုပြီး ဖင်ခေါင်းက ကျယ်ချင်သည်။

ကိုယ်က မျက်ရည်နဲ့မျက်ခွက် အရှက်ကလေးနဲ့ အဖြေပေးထားတာကို သူက အမေ့ခံထားမှတော့ ရင်အေးတို့က ဘာမှငဲ့ကွက်နေစရာမလို။ ဒီလိုငတိမျိုးကို နှိပ်ကွပ်ဖို့အတွက်က တစ်ခုသာရှိသည်။ ဒီနှစ်သင်္ကြန်ပင် ဖြစ်သည်။ ဒီတော့ ဒီနှစ်အတွက် ရွာလယ်လမ်းသစ်ဘက်က ရွှေသွယ်ရွှေနွယ် အပျိုကြီးနှစ်ယောက်နှင့် တိုင်ပင်ရသည်။ ဒီအပျိုကြီးတွေက အပျိုကြီးမအောင်ရင်တို့ အသက်ကြီးလို့ မျက်နှာလွှဲသွားကတည်းက ကာလသားကြီးတွေနှင့်တန်းတူ အပျိုတွေဘက်က ရပ်တည်ခဲ့သော အပျိုဖော်ကြီးများပင် ဖြစ်သည်။ ညီအစ်မနှစ်ယောက်စလုံး လုံးကြီးပေါက်လှသန်ကလည်း သန်လှသည်။ တော်ရုံဗလနှင့် လူပျိုခါးချိုလိုဟာမျိုးကတော့ ဒီအပျိုကြီးနှစ်ယောက်နှင့် တွေ့လျှင် ဘဝကိုပင် နောင်ကျဉ်သွားတတ်ကြလေသည်။

“ညည်းဟာက ဟုတ်ရော့ဟုတ်ရဲ့လားအေရယ်၊ တော်ကြာ ...”

“ရွှေသွယ်ရယ် ... ကျုပ်ကိုယ်တိုင်က အပ်တာပါတော့်၊ ရင်အေးကလည်း ကျုပ်စကားဆို တစ်ခွန်းပြောပါ၊ ပြီးတော့ ကျုပ်ကိုယ်တိုင်ပါမှာပါတော်”

“နင့်ဟာက အကြမ်းချုပ် အကြမ်းချုပ်ဆို ...”

“အေးလေဟယ် ...”

“ဒါဆိုရင် အချုပ်တိုက်အတွက် ဒေါ်တင်လှကြီးကို ခေါ်ပါလားအေ့”

“ဟာ ... ဒေါ်တင်လှကြီး မကောင်းပါဘူး၊ ရွာနောက်က ဒေါ်ပွေးကြီး



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား"

ရင်အေးစကားကြောင့် ညီအစ်မနှစ်ယောက်နှင့် နားထောင်နေသူတွေ အာမေဋိတ် ရိုက်ကုန်ကြသည်။ ဒေါ်ပွေးမှာ ရွာအနောက်ပိုင်းတွင်ရှိသော အသက် (၆၀) ကျော် အဖွားကြီးဖြစ်သည်။ အိမ်ထောင်မရှိ အပျိုကြီးဖြစ်ပြီး ရုပ်က အလွန်ဆိုးသည်။ အပျိုအရွယ်ကတည်းက အရိုးပေါ် အရည်တင်၊ မျက်ပေါက်ကကျဉ်းကျဉ်း၊ သွားတွေက တစ်ဖက်သုံးချောင်းစီလောက် အပြင်ကို ငေါထွက်နေကြသည်။ ဒေါ်ပွေးကြီးသည် ငယ်စဉ် အပျိုကြီးဘဝက သင်္ကြန်ရောက်လျှင် ပွဲတောင်းကာလသားများကို ရအောင်ချုပ်ပြီး ထမင်းဝါးခွံ့ခြင်း၊ ထမိတ်ပေးခြင်း၊ ကလေးလေးငါးယောက်အမေ နို့တိုက်ခြင်း စသည်တို့ကို လုပ်ရာတွင် အထူးနာမည်ရခဲ့သည်။ အခုတော့ အသက်ကြီးသဖြင့် နားနားနေနေ ဖြစ်နေပြီ။ ဒါကို ရင်အေးက ပြောနေခြင်းဖြစ်သည်။

နောက်ဆုံး ရွှေသွယ်တို့နှင့် အသေးစိတ် တိုင်ပင်ရသည်။

"ဘယ်နေရာက ကောင်းမလဲ"

"ပန်းရိပ်တံတားပေါ်ပေါ့"

"ဟဲ့ ... အဲဒီနေရာက လူမစည်လွန်းဘူးလား၊ ဒါမျိုးက တခြားအရှက်ခွဲတာနဲ့ မတူဘူးနော် ရင်အေး"

"ကျွန်မ မျက်ရည်ကျခဲ့တာကလည်း အဲဒီမှာပဲ ကျခဲ့တာလေ၊ ကျွန်မကတော့ အဲဒီနေရာကိုပဲ ရွေးတယ်"

"လူကအားလုံး ဘယ်နှစ်ယောက်လဲ"

"ခြောက်ယောက်၊ အဘွားနဲ့ဆို ခုနစ်ယောက်ပေါ့"

"နေ့ကတော့ အတက်နေ့ပဲ မဟုတ်လား"





"အို ... အတက်နေ့ မလုပ်ပါဘူး၊ အကြတ်နေ့လုပ်မှာ"

"ဟယ် ... နင့်ဟာက မဟုတ်သေးပါဘူး ကောင်မရဲ့၊ ဒါမျိုးဆိုတာက နောက်ဆုံးနေ့ လုပ်ကြရတာကြီးကို"

"အို ... အကြတ်နေ့ပဲ ကောင်းပါတယ်၊ ဒါမှကို ကျေနပ်နိုင်မှာမို့ပါ"

ဆုံးဖြတ်ချက်ချပြီးသွားသည့် ပုံစံမျိုးနှင့် မျက်နှာမပျက် ပြောလာသော ရင်အေးကြောင့် ရွှေသွယ်တို့လည်း သဘောတူလိုက်ကြသည်။

ရင်အေးသည် သူ့ရင်ကလေးကိုကော့၍ ရွာထဲသို့ဝင်သွားပြီ။ အချစ်ကြီးတော့ ရင်အေးတို့ အမုန်းပါကြီးလေပြီ။ ထိုသတင်းမှာ အပျိုတွေအချင်းချင်း ပျံ့နှံ့နေပြီဖြစ်သော်လည်း ကာယကံရှင် ထွန်းဇံတစ်ယောက်ကတော့ မသိခဲ့။ မသိရအောင်လည်း အပျိုတွေအားလုံးက ထိန်းသိမ်းကြသည်။ သူလိုငါလိုလူပင် မသိနိုင်သော ထိုသတင်းမျိုးကို တစ်ရွာလုံးနှင့်ဘာစကားပြောရမှန်းမသိ ဖြစ်နေသော ထွန်းဇံသိရန်ကား ဘယ်လိုမှမလွယ်သော ကိစ္စသာဖြစ်လေသည်။

ပူပြင်းခြောက်သွေ့သော ရွာကလေး၏ ရွာလယ်လမ်းကို ဖြတ်၍ တိုက်လာသော တန်ခူးနေရောင်ထဲတွင် ရောစွက်ပါလာသော သင်္ကြန်နံ့သည် လူတိုင်း၏ ရင်ထဲသို့ ဆွတ်ကြည်စွာ တိုးဝင်ရောက်လာသောအခါ ခန္ဓာကိုယ်ထဲမှ သွေးဆဲလ်တွေ နိုးထလာသည်။ မြူးကြွသော သီချင်းသံ၊ စိတ်ဖိစီးမှု တစ်စုံတစ်ရာမရှိသော မျက်နှာများ၊ ပျော်ရွှင်ဖို့အတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေသော မျက်ဝန်းနှင့် နှုတ်ခမ်းများတို့ဖြင့် သင်္ကြန်တွင်းသည် ပန်းရိပ်ရွာလေးထဲသို့လည်း ရိုးရာမခွဲ ဝင်မြဲဝင်လာခဲ့သည်။

ထွန်းဇံ စိတ်ညစ်၍နေသည်။

ရွာ၏သင်္ကြန်အတွက် မိုင်ပေါင်းထောင်ချီသောနေရာမှ ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဘာ့ကြောင့်မှန်းမသိ ရွာ၏သင်္ကြန်သည် သူ့ကိုဟန်ဆောင်၍ ထားသလို ခံစားနေရသည်။ ရောက်ကာစကတည်းက တစ်ရွာလုံးနှင့် စိမ်းခဲ့သောသူသည် အခု ခင်ခင်မင်မင် ဖြစ်မလာဘဲ ပို၍ဆိုးလာသည်ဟု သူထင်သည်။

ထိုကိစ္စသည် သင်္ကြန်တွင် အသိသာဆုံး ဖြစ်၍လာသည်။

တစ်ရွာလုံးရှိလူတွေ သူတို့နည်းနှင့်သူတို့ ပျော်နေကြချိန်တွင် သူတစ်ယောက်တည်း ဘာလုပ်ရမယ်မှန်းမသိ ဖြစ်နေခဲ့သည်။ အိပ်ရာနိုးစကတည်းက ကြားနေရသော ဟေး ... ဟား ... အား ... အင်းနှင့် အော်သံများ၊ တဖြန်းဖြန်း တဝွမ်းဝွမ်းနှင့် ပက်နေသော ရေသံများသည် သူနှင့် ဘာမှမဆိုင်သလို ခံစားနေရသည်။

အိမ်ရှေ့မှာ ငုတ်တုတ်ကလေး ဝေါင်နေသောသူ့ကို မဒွေးတို့အုပ်စု ကုန်စုံဆိုင်တွင် ရေပြွတ်လာဝယ်သော ကလေးနှစ်ယောက်က လမ်းမပေါ်မှ လှမ်းပြီး ရေပက်သွားကြသည်။ ထိုရေပက်ခြင်းကို ခံလိုက်ရသောအခါ ထွန်းဇံသည် စိတ်ဆိုး၍မသွား။ ဝမ်းနည်း၍သွားသည်။ သင်္ကြန်ရေသည် သင်္ကြန်ရနံ့နှင့်အတူ သူ့ကိုယ်ပေါ်သို့ ရောက်လာပြန်ပြီ။ သို့သော် အထီးကျန်ကျန် ရောက်လာခဲ့ခြင်းသာ ဖြစ်သည်။

တစ်ရွာလုံးမှာရှိတဲ့ အပျိုတွေ၊ ကာလသားတွေအားလုံးက ဘာဖြစ်လို့ သူ့ကို ချန်ထားရတာလဲ။ နောက်တက်သည့် အပျိုတွေက သူနှင့် မသိသည်ဘဲ ထားပါဦး။ သူနှင့်တစ်နှစ်တည်း အပျိုတွေကလည်း သူ့ကို ဂရုမစိုက်ကြ။

မနေ့ကဆိုလျှင် တော်တော် ဝမ်းနည်းဖို့ကောင်းသည်။

သူ ဘာရယ်မဟုတ် တစ်ရွာလုံး ဘာတွေကစားနေကြသလဲဆိုတာ





ကို သိချင်လို့ လမ်းလျှောက်ထွက်ခဲ့သည်။ ရွာလယ်လမ်းကိုရောက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် ရင်အေး ထွက်လာတာကို တွေ့ရသည်။ သနပ်ခါး အဖွေးသား၊ ရေမစိုသေးသည့် သနပ်ခါးရောင် ချည်ဝမ်းဆက်လေးနှင့်။

ကဲ ... ရေလုံးဝမစိုသေးတဲ့ ကိုယ်ချစ်သူကို သင်္ကြန်တွင် မျက်နှာချင်းဆိုင် တွေ့ရတာလောက် ကံကောင်းတာ ရှိပါဦးတော့မလား။ ဒါနဲ့ အနားမှာ ရေပက်နေသည့် ကလေးတစ်ယောက်ထံမှ ရေခွက်နှင့် ရေငှားပြီး ရင်အေးနောက်သို့လိုက်၍ ရေပက်မည်ကြံတုန်း ရင်အေးက ရှေ့မှလျှောက်နေသည်ကို ရပ်ပစ်လိုက်သည်။

"ဘာလုပ်ဖို့လဲ"

"အာ ... နင့်ကို ရေလောင်းမလို့လေ"

"မလောင်းပါနဲ့"

ရင်အေးက ခပ်ပြတ်ပြတ်ပြောရင်း ဆက်လျှောက်သွားသဖြင့် မနည်းလိုက်ယူရသည်။

"ရင်အေး ... ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ ရင်အေးရယ်"

"နင်နဲ့ သင့်တော်တဲ့စကားပေါ့"

"ဟာ ... ငါ့ကို ဘယ်လိုဆက်ဆံလိုက်တာလဲ ရင်အေးရယ်၊ ငါ ရွာကိုပြန်လာတာ ရွာမှာ သင်္ကြန်ကျချင်လို့ရယ်၊ ပြီးတော့ ..."

"ဩော် ... ဒီလိုလား၊ မသိပါဘူး၊ ငါက နင် ဝဇီပိတ်ဘုန်းကြီး ဝတ်ဖို့များ ပြန်လာတာလားလို့"

"အဲဒါ ငါက စတာမဟုတ်ပါဘူးဟာ"

"အောင်မာ ... ဒီရွာကို နင်ပြန်ဝင်လာတာပါ ထွန်းဇံရဲ့"

"ငါ နင့်ကို တစ်နေ့မှ မမေ့ဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"လဲသေလိုက်"

"ရင်အေးရယ် ... နင် ငါ့ကို ဘာဖြစ်လို့ ဒီလောက်ထိ စိမ်းနေရတာ လဲဟင် ရင်အေး"

"နင့်ကိုယ်နင် သိပေါ့"

ရင်အေးက သူ့ကို အရယ်အပြုံး မရှိသောမျက်နှာ၊ အနိမ့်အမြင့် မရှိသောလေသံ၊ အကြောက်အရွံ့မရှိသော ဟန်ပန်တို့ဖြင့် စကားပြန်ပြော သည်ကို တွေ့လိုက်ရသဖြင့် ထွန်းဖံ့ အတော့်ကို ဝမ်းနည်းသွားသည်။

ထိုဝမ်းနည်းခြင်းကို လေးလံလွန်းသည့်အတွက် ခြေလှမ်းတွေ လှမ်း၍ မရတော့ ထွန်းဖံ့ ထိုနေရာမှာပင် ကျန်ရစ်ခဲ့သည်။ သူ ချစ်ရပါသော ရင်အေးသည် သင်္ကြန်မှာ အဘယ့်ကြောင့် သူ ရင်မအေးရသော စကား တွေ ပြောသွားရသနည်း။ ဝမ်းနည်းစိတ်တို့ဖြင့် ရင်အေးကို လှမ်းငေးနေ ခိုက် ရေပက်မည့် ကာလသားတစ်ယောက်ကို တွေ့သောအခါ ရင်အေး သည် သေသေချာချာရပ်၍ ဆံပင်တွေကို နောက်မှ ဆွဲယူမတင်ပေးပြီး သေသေချာချာ ရေအလောင်းခံသွားသည်။

ထိုကာလသားက ရေလောင်းအပြီး လှမ်းမထွက်မီ ရင်အေးက နောက်ကို လှည့်ကြည့်သည့်အခါ သူ ငေးနေတာကို တွေ့သွားသည်။ ရင်အေးမျက်နှာမှာ ပွင့်သော မဲ့ပြုံးတစ်ချက်ကိုလည်း ထွန်းဖံ့ ကောင်းကောင်း ကြီး မြင်လိုက်ရလေသည်။ ခဏနေရင် ရင်အေးကို သွားရှာပြီး မေးချင် တာလေးတွေကို မေးဖို့ ထွန်းဖံ့ ဆုံးဖြတ်လိုက်သည်။ ထိုအချိန်တွင်ပင် သောင်းမြိုင်၏သားလေး အေးအောင် ရောက်လာပြီး ထွန်းဖံ့ကို စာတစ် စောင်ပေးသည်။





**ကိုထွန်း**

မနေ့ကကိစ္စကို စိတ်မဆိုးဘူးဆိုရင် ညနေခင်း ပန်းရိပ် တံတားကို လာခဲ့ပါ။ စောင့်နေမယ်နော်။

**အေး**

"ဟော့ကောင် ဟော့ကောင် မင်းကို ဒီစာ ဘယ်သူပေးလိုက်တာလဲ"

သူ၏ အစိုးရိမ်တကြီး အမောတကောမေးသည့် စကားနှင့် အမူ အရာကြောင့် အေးအောင် လန့်သွားပုံရသည်။

"အန်တီရင်အေး ပေးလိုက်တာပေါ့ဗျ"

"သေချာလို့လားကွာ၊ ငါ့ကို ဘာမှာလိုက်သေးလဲ"

"ဘာမှမမှာလိုက်ဘူး၊ ကျွန်တော့်ကိုပဲ မှာတာ"

"ဘာတဲ့လဲ"

"အဲဒီစာကို ဦးလက်ထဲရောက်အောင် ထည့်ရမယ်တဲ့၊ လူကြုံနဲ့ မပေးရဘူးတဲ့"

အင်း ... ဒါဆိုရင်တော့ ဟုတ်နိုင်သည်။ ရင်အေးက အရှက် အကြောက် ကြီးသည်။

သင်္ကြန်တွင်းဆိုတာက သိပ်စိတ်ချလို့ ရတာမျိုးမဟုတ်၊ နောက် သည့်ပြောင်သည့် လူတွေက ပေါတယ်မဟုတ်လား။

"အေး ... အေး ... ငါလာခဲ့မယ်လို့ ပြောလိုက်ကွာ"

ညနေကျတော့ တံတားဘက်ဆီသို့ ထွန်းဖံ့ ထွက်လာခဲ့သည်။ ဒီနေ့က သင်္ကြန်နောက်ဆုံးနေ့ဆိုတော့ ညနေခင်းအချိန် သည်တံတားဘက် မှာ အစည်ကားဆုံးပင်ဖြစ်သည်။ အခုချိန်တောင် တစ်ရွာလုံးရောက်နေ ပြီလား မသိ။ ရွာထဲမှာ လူသံတော်တော်လေးကို တိတ်နေသည်။ ရွာလမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ကိုရောက်ဖို့ အကွေ့ကလေးကို ကွေ့ပြီး တံတားဆီသို့ လှမ်းကြည့်လိုက်တော့ ထင်ထားသည့်အတိုင်းပင်။ တံတားထိပ်မှာ လူတွေ ဖွေးဖွေးလှုပ်နေသည်။ ထွန်း၏ ရင်ခုန်သံတွေ မြန်လာသည်။ တံတားပေါ်ကို ရောက်ချင်စိတ်က ထိန်းမရအောင် ဖြစ်နေသည်။ အရင်နေ့တွေက သူတစ်ရက်မှ တံတားထိပ်ကို မထွက်ခဲ့တာကို နောင်တရနေမိ၏။

ခပ်မြန်မြန် လျှောက်လာရင်းကပင် နောက်ဘက်မှ သိုင်း၍ အချုပ်ခံလိုက်ရကြောင်း သိလိုက်ရချိန်တွင် သူ့တစ်ကိုယ်လုံး လှုပ်လို့မရအောင် ဖြစ်သွားသည်။ နောက်ထပ် ခိုင်မြဲသောလက်များ ရောက်လာကြသည်။

"ဘာလုပ်တာလဲ၊ ဒါ ဘာလုပ်တာလဲဟ"

ရုတ်တရက် လန့်ဖြန့်စိတ်နှင့် ရုန်းကန်နေရာမှ ခြေထောက်နှစ်ချောင်းပါ လေထဲမြောက်သွား၏။ လှမ်းကြည့်တော့ ရွှေသွယ်။

"ရွှေသွယ် ... နင်တို့ ငါ့ကို ဘာလုပ် အ ... အ ... အု ... ဝ ... ပူး"

သူ့ပါးစပ်ထဲသို့ အဝတ်လုံးတစ်လုံး ဝင်လာသည်။ သူ့အော်သံ၊ စကားပြောသံ ဘာတစ်ခုမှ အရာမထင်တော့။ သူတို့ရွာဓလေ့ကို သူ သိလိုက်ပြီ။ သူ့ကို သင်္ကြန်တွင်း အပျိုတွေကဝိုင်းပြီး ချုပ်တိုက်ကြီးလုပ်ဖို့ ရွေးလိုက်ကြပြီ။ ဒါဆိုလျှင် သူ့ကို စာရေးပြီးချိန်းခဲ့သော ရင်အေးသည် အပျိုအုပ်စုတွေနှင့် တစ်ဉာဏ်ထဲဖြစ်ရမည်။

"မိပြီဟေ့ ... မိပြီဟ၊ မရုန်းစေနဲ့ ... ချုပ်ထားကြ၊ မလွတ်စေနဲ့"

လက်တွေ ... လက်တွေ သူ့ခန္ဓာကိုယ် အနှံ့အပြားသို့ ထွက်လာကြသည်။ သူ ရှက်ရှက်နှင့် အားထည့်ရုန်းကြည့်သည့်အခါတွင် သူ့တစ်ကိုယ်လုံး လုံးဝ လှုပ်လို့မရအောင် ချုပ်မိနေပြီဆိုတာကို သိလိုက်ရသည်။ ထိုအသိရပြီး နောက်သိပ်မကြာခင်မှာပင် သူ့မျက်လုံးများကို အစည်းခံ





လိုက်ရပြီး အရာအားလုံး မှောင်သွားလေသည်။

ပျော်ပျော်ရွှင်ရွှင် အော်ဟစ်သံများနှင့်အတူ သူ့ခန္ဓာကိုယ်ကို သယ်မသွားကြမှန်း သူသိလိုက်ပြီ။ ကာလသား ကိုကြီးစိုးက သူ့ကို တစ်ခါတုန်းက ချုပ်တိုက်ကြီးအကြောင်း ပြောပြဖူးသည်။ ကိုကြီးစိုးမှာလည်း အလွန်ပျော်တတ် စတတ်သော ကာလသားကြီးမို့ အပျိုကြီးတွေ တော်တော်များများနှင့် ရန်စရှိသဖြင့် သင်္ကြန်တွင်းဆိုလျှင် အမြဲတမ်း ချုပ်တိုက်ကြီး အလုပ်ခံရလေ့ရှိသော ကာလသားခေါင်းဖြစ်သည်။

သူတို့ရွာ၏ ဓလေ့ဆန်းတစ်ခုမှာ သူတို့ရွာရှိ အပျိုများသည် သင်္ကြန်ရောက်လျှင် တစ်နှစ်ပတ်လုံး မကျေနပ်သော၊ သူတို့ အသည်းယားသော၊ သူတို့ကို စစနောက်နောက် လုပ်ထားသော ယောက်ျားလေးကို အပျိုလေးတွေစုပြီး အပျိုဝါရင့်ကြီးတွေက ဦးဆောင်ကာ ဝိုင်းချုပ်ပြီး အိုးမဲသုတ်ခြင်း၊ ထမင်းဝါးခွံ့ခြင်း၊ အသက် ၅၀ ကျော် ကလေးအမေကြီးများ၏ နို့ကိုတိုက်ခြင်း စသည်တို့ကို လုပ်ခွင့်ရှိသည်။ ထို့ကြောင့် တစ်နှစ်အတွင်း အပျိုများနှင့် တည့်အောင်မနေထားသော ကိုလူပျိုသည် သင်္ကြန်တွင် ချုပ်တိုက်ကြီး မမိရအောင် နေရလေသည်။

အိမ်အပြင်ထွက်မှ တရားဝင်ရေလောင်းခွင့် ရသကဲ့သို့ ချုပ်တိုက်ကြီး လုပ်ခံရမည့်သူ အိမ်ထဲမှမထွက်လျှင် အတင်းဝင်ပြီး ဆွဲခေါ်၍မရပေ။ ချုပ်တိုက်ကြီး အလုပ်ခံရမည်ဟု နာမည်ကြီးသူသည် သင်္ကြန်အတွင်းတွင် အထူးဆင်ခြင်၍ နေရလေသည်။ တစ်ခါတရံလည်း ချုပ်တိုက်ကြီးခံရမည်ဟု သတင်းထွက်သူကတစ်ယောက်၊ တကယ်ချုပ်တိုက်ကြီး လုပ်ခံရသူက တစ်ယောက်ဖြစ်နေတတ်သည်။ ထိုဓလေ့မှာ သူတို့ရွာမှလွဲ၍ အခြားဘယ်ရွာတွင်မှ မရှိသော ထူးခြားသည့် ဓလေ့ဆန်းတစ်ခုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ချုပ်တိုက်ကြီး ခံရပြီးမှန်း သေချာသွားသော ထွန်းဖဲမှာ ကိုကြီးစိုး၏စကားကို ပြန်လည်ကြားယောင်ခြင်း ဖြစ်ပါသည်။

"မျက်လုံးကို အစည်းခံရတဲ့အဆင့်ကို ရောက်ပြီဆိုရင်တော့ အားကို အကုန်မခံနဲ့တော့ကွ၊ အသာငြိမ်ငြိမ်နေလိုက်ပေတော့၊ သူတို့ ချုပ်တိုက်လုပ်မယ့်နေရာကို မရောက်ခင်ရော ရောက်ပြီးရောမှာ လွတ်နိုင်တဲ့အချိန်တွေရော နေရာတွေရော ရှိတယ်ကွ၊ ကိုယ်က အဲဒါကို သိထားပြီး သတိရှိဖို့ပဲလိုတာ"

'ချုပ်တိုက်ကြီး' လုပ်သောနေရာ ဆိုသည်မှာ ရွာရှိအပျိုကာလသမီးတွေ စုထားသောနေရာကို ဆိုလိုသည်။ ချုပ်တိုက်ဖမ်းအဖွဲ့က လိုက်ဖမ်းပြီးနောက် ထိုလူစုထားသော နေရာသို့ခေါ်သွားပြီး နေရာရောက်တော့ ချုပ်တိုက်စာရင်းပေးသူက စ,အိုးမဲသုတ်ပြီး ချုပ်တိုက်ပွဲကို စဖွင့်ပေး၏။ ထိုသို့ စဖွင့်ပေးလိုက်တော့မှ ဤအပျိုအုပ်စု လက်ကုန်ကြဲခြင်းဖြစ်၏။ ချုပ်တိုက်စာရင်းပေးသူမှာ သူတို့ရွာထဲမှ အပျိုတစ်ဦးဦးပင် ဖြစ်ရမည်။ ချုပ်တိုက်လုပ်စရာ အကြောင်းအချက်ကလည်း ခိုင်ခိုင်လုံလုံ ရှိဦးမည်။ သို့မှသာ ချုပ်တိုက်အဖွဲ့က သဘောတူပြီး ချုပ်တိုက်လုပ်ခွင့်ရခြင်း ဖြစ်၏။ အခု သူ့ကို ချုပ်တိုက်လုပ်ဖို့ စာရင်းပေးသူမှာ ဘယ်သူဖြစ်မည်ဆိုတာကို ထွန်းဖဲ စဉ်းစား၍မရ။ သူက ရွာကိုပြန်ရောက်တာ ရစ်ရက်ပဲရှိသေးတော့ ပိုဆိုးသည်။ ဒါပေမဲ့ ချုပ်တိုက်ကြီးမှ ခဏခဏ လွတ်ခဲ့ဖူးသော ကိုကြီးစိုး၏ နည်းအတိုင်း ငြိမ်နေလိုက်၏။

"ကိုယ့်ကို ချုပ်တိုက်ရှင်ဆီရောက်တော့ သူတို့က မေးလိမ့်မယ်၊ အဲဒီမှာ ချုပ်တိုက်ရှင်ကို သိပြီဆိုတာနဲ့ သူ့ကို ထပ်စရမလား၊ တောင်းပန်ရမလား စဉ်းစားရတယ်၊ ဆုံးဖြတ်စဉ်းစားလို့ ရပြီဆိုတာနဲ့ တစ်ခါတည်း





စပေတော့၊ တောင်းပန်တော့ စတဲ့အခါ ရယ်ရရင်ပဲဖြစ်ဖြစ် တောင်းပန်တဲ့အခါ သနားသွားရင်ပဲဖြစ်ဖြစ် အချုပ်နည်းနည်း လျော့သွားတတ်တယ်၊ ဒီတော့မှ တစ်လျှောက်လုံး မရုန်းဘဲနဲ့ စုထားတဲ့အားသုံးပြီး တစ်ခါတည်း ရုန်းပေတော့" ကိုကြီးစိုးနည်းအတိုင်း လုပ်တော့မည်ဟု ဆုံးဖြတ်ပြီးတော့ ထွန်းဖဲ အသက်ကိုဝအောင် ရှူသွင်းထားလိုက်သည်။ စိတ်ကိုတင်းမထားတော့ဘဲ လျော့ပြီး ခန္ဓာကိုယ်ကို အနားပေးထားလိုက်သည်။

"ပါလာပြီဟေ့ ... ပါလာပြီ၊ အကုန်အဆင်သင့်ပဲလား"

"အားလုံး စီစဉ်ပြီးနေပြီ၊ ထမင်းလည်း အဆင်သင့်ပဲ၊ ဝါးဖို့ပဲလိုတော့တာ၊ မီးသွေးလည်း အဆင်သင့်ပဲ၊ ဟဲ့ ...ရင်အေးရော ... ရင်အေး"

"ရှိပါတယ် ခင်ချိုရဲ့၊ စဖွင့်ရတော့မှာလား"

"အမေပွေးရော"

ထိုမေးသံကြောင့် ထွန်းဖဲတွန့်၍ သွားသည်။ ရွာအနောက်ပိုင်းက အမေပွေးဆိုရင်တော့ အသက် (၆၀)နား နီးနေပြီ။ သူ့သားအငယ် အောင်ခကပင် ထွန်းဖဲထက် သုံးနှစ်လောက်ကြီးမည် ထင်သည်။ ပြီးတော့ သူ့ကို ချုပ်တိုက်စာရင်းပေးသူက ရင်အေးဆိုပါကလား။

ဒါကိုတော့ ထွန်းဖဲ တော်တော်လေး အံ့အားသင့်သွားတာ သေချာသည်။ ရေအေးက သူ့ကို ချုပ်တိုက်ကြီးလုပ်ဖို့ စာရင်းပေးရလောက်အောင် သူ့မှာ ဘာအပြစ်မှမရှိဟု သူထင်သည်။ သူ့ရင်ထဲ တော်တော်လေး စိတ်မကောင်း ဖြစ်၍သွား၏။

"ကဲ ... ချုပ်တိုက်ကြီး ဖွင့်တော့လေ ရင်အေးရဲ့"

"ဟင် ... အမေပွေးရော ရောက်ပြီလား၊ အမေပွေးလာမှ ဖွင့်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ရင်အေး တကယ်တမ်းကျတော့ သနားနေပြီလားဟေ့"

"အောင်မယ် ... မဟုတ်ပါဘူးနော်၊ အမေပွေးကို စောင့်နေရတော့ အချိန်တွေ လပ်ကုန်မှာစိုးလို့ပါ"

"ရင်အေး ..."

သူ့ခေါ်သံကြောင့် တစ်ယောက်တစ်ခွန်း ဆူညံနေသော စကားသံတွေ တိတ်သွားကြသည်။

"ငါ့ကို ချုပ်တိုက်လုပ်ဖို့ စာရင်းတင်တာ နင်ပေါ့ ရင်အေး၊ ဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လဲ"

"ငါ့မှာ ဘာအပြစ်များရှိလို့လဲ ရင်အေးရယ်၊ ငါက မနေ့တစ်နေ့ကမှ ရွာကို ပြန်ရောက်တဲ့ကောင်ပါ၊ ငါ ... ငါ ဘာမှလည်း ..."

"နင်လုပ်ခဲ့လို့ နင့်ကို ချုပ်တိုက်လုပ်ဖို့ သဘောတူခဲ့တာပေါ့"

"ငါ ... ငါ ဘာများလုပ်ခဲ့ရလို့လဲ ရေအေးရယ်"

သူ့ ကြေကြေကွဲကွဲ အသံဆုံးတော့ အရာအားလုံးသည် ငြိမ်ဆိတ်၍-

"ရောက်ရောက်ချင်းနေ့ကပဲ နင် လုပ်ခဲ့တာလေ၊ နင်က ရန်ကုန်မြို့ကိုတင်မက နိုင်ငံခြားဆိုတာကြီးကိုပါ သွားရတယ်ဆိုပြီးတော့ တစ်ရွာလုံးကို မခေါ်နိုင် မပြောနိုင်နဲ့ ဖြစ်နေတာ၊ ကဲ ... သိပြီလား၊ အဲဒါ နင့်ကို ချုပ်တိုက်ကြီးလုပ်ဖို့ အသင့်တော်ဆုံးအပြစ်ပဲ၊ တစ်ရွာလုံးက မကျေနပ်တာကို ငါက စာရင်းပေးတာ၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒါဆိုရင် နင်တို့မှားတယ် ရင်အေးရယ်၊ နင်တို့မှားတယ် သိလား၊ ငါရှင်းပြတာလေးကို နားထောင်ပေးပါလား"

သူ့ဝမ်းနည်းစကားသံဆုံးပြီး တိတ်ဆိတ်သွားတဲ့အသံတွေ ခဏ





ငြိမ်သွားပြီးတော့ ထွန်းဖေ သူ့ကို အောက်ချပေးလိုက်မှန်း သိလိုက်ရသည်။ သို့သော် ချုပ်ထားသောလက်တွေက သတိရှိဆဲဆိုတာကို သူ ခံစားနေရသည်။

"ငါ ရန်ကုန်မြို့ကို ရောက်သွားတော့ တစ်လလောက် အလုပ်မရဘူး ရင်အေး၊ ငါတည်းတဲ့အိမ်က ဗာဟီရတွေ ဝိုင်းလုပ်ပေးရင်းနဲ့ နေရတယ်၊ တစ်လကျော်လောက်မှ ဝပ်ရှော့တစ်ခုမှာ အလုပ်စဝင်ရတယ်၊ စဝင်တော့ ပညာသင်ပေါ့၊ တောက်တိုမယ်ရလေးပေါ့၊ ကွမ်းဝယ်၊ ဆေးလိပ်ဝယ်၊ သူတို့ညောင်းရင် နှိပ်ပေးပေါ့၊ အဲဒါ လေးလလောက်ကြာတော့မှ သူတို့က ပညာသင်တပည့်ခန့်တာ"

ထွန်းဖေ ခဏရပ်ထားလိုက်တော့ တိတ်တဆိတ်ပင် သူပြောတာကို နားထောင်နေကြမှန်း သိရသဖြင့် ဝမ်းသာသွားသည်။ စကားပြောရင်း သတိမေ့မသွားဖို့ကိုလည်း သူ မှတ်ထားလိုက်၏။

"ငါ နေရာတကာမှာ ဖင်ပေါ့တာ နင်တို့လည်း အသိပဲဆိုတော့ ငါ့ကို အားလုံးက ချစ်ကြပါတယ်၊ တဖြည်းဖြည်းနဲ့ ငါအလုပ်မှာ ထူးချွန်လာတော့ ဆရာက ငါ့ကို လက်လွှဲရတဲ့အဆင့်ကို ရောက်ခဲ့တယ်၊ နောက်နှစ်ထဲရောက်တော့ ဆရာ့ရဲ့သားအကြီးက ငါတို့သင်ထားတဲ့ ဝရိန်ဆက်တဲ့ ဂဟေဆော်တဲ့ပညာနဲ့ပဲ ကိုရီးယားကို အလုပ်သွားလုပ်ရပြီး ကိုရီးယားမှာ တစ်နှစ်ကြာတော့ ဒီကိုလှမ်းခေါ်တာနဲ့ ဆရာက ခွင့်ပြုလို့ ငါလည်း ကိုရီးယားကို လိုက်သွားရတယ်"

"တီဗီထဲကလာတဲ့ ကိုရီးယားလားဟင်"

"အေးပေါ့ဟ ... သူတို့တိုင်းပြည်က သိပ်လှတယ်၊ အဲဒီလိုပဲ အလုပ်လည်း အရမ်းလုပ်ရတယ်၊ ပိုက်ဆံလည်း အရမ်းရတယ်၊ ငါတို့တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဂဟေဆော်ရတဲ့ တိုက်ကြီးတွေဆိုရင် အထပ်တစ်ရာနှစ်ဆယ် ကျော်တယ်၊ ဟိုးအပေါ်ထိကို တက်ရဲတဲ့လူ သိပ်မရှိဘူး၊ ငါက နေ့တိုင်းတက်ရဲတော့ ဆရာနဲ့ သူဌေးက ငါ့ကို အရမ်းသဘောကျတယ်”

ထွန်းဇံ သတိထားလိုက်တော့ သူ့လက်တွေကို ကိုင်ထားသည့် လက်တွေက ကိုင်ထားတယ်ဆိုရုံသာ ရှိတော့သည်။ အခုနေ ဆတ်ခနဲ ရုန်းထလိုက်လျှင် သူ လွတ်ပြီဆိုတာ သေချာသည်။ သို့သော် ထွန်းဇံ မရုန်းပါ။

“နင် ကိုရီးယားမင်းသမီး မင်းသားတွေနဲ့ တွေ့သေးလား”

“ဘယ်ကတွေ့ရမှာလဲ၊ ငါက အလုပ်နဲ့အိမ် ဒါပဲသွားတာ၊ လုပ်ခ ရင်းတိုင်း ငါက ဘာနပ်(စ်) သူများတွေထက်တောင် အမြဲပိုရတာ၊ ဒါပေမဲ့ အဲဒီလောက် ပိုက်ဆံတွေရပြီး နေလို့ကောင်းတဲ့ ကိုရီးယားကနေ သုံးနှစ်ပြည့်တော့ ငါ ပြန်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရွာကလေးကို သတိရလို့ လွမ်းလို့”

ထွန်းဇံ စကားကို ခဏရပ်ထားလိုက်သည်။ တိတ်ဆိတ်မှုမှာ သူ့ ချည်း လမ်းလျှောက်နေသည်ဟုပင် ထင်ရ၏။ ထွန်းဇံကိုယ်တိုင်ပင်လျှင် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။

“အထူးသဖြင့် အခုလိုသင်္ကြန်တွင်း၊ သင်္ကြန်ရက်ကို ရောက်ပြီဆိုရင် ငါ ရွာကို အရမ်းလွမ်းတယ်၊ ဟိုမှာရှိတဲ့ မြန်မာတွေအချင်းချင်းတော့ သင်္ကြန်ကျကြပါတယ်၊ ဒါပေမဲ့ ကြောင်တောင်တောင်ပဲပေါ့၊ ဘယ်ပျော် စရာ ကောင်းမှာလဲ”

“မုန့်လုံးရေပေါ်ရော စားကြလား”

“မရှိဘူး၊ ဘာမှမရှိဘူး၊ ကိုရီးယားမှာ သင်္ကြန်ပန်းပွင့်တဲ့တော မရှိ





ဘူး၊ နေပူထားတဲ့ မြေကြီးကို သင်္ကြန်ရေထိပြီး ပြန်တက်လာတဲ့ သင်္ကြန် ရေထိပြီး ပြန်တက်လာတဲ့ သင်္ကြန်ရနံ့ဆိုတာ မရှိဘူး၊ သင်္ကြန်စာမရှိလို့ သီကြားမင်းကလည်း ကိုရီးယားမှာမဆင်းဘူး၊ ငါသင်္ကြန်မှာ အလွမ်းဆုံးက နင့်ကိုပဲ ရင်အေး၊ ငါ နင့်ကို အရမ်းလွမ်းတယ်၊ ကိုရီးယားမလေးတွေက နင့်တို့ထင်သလို မချောကြပါဘူး၊ နှာခေါင်းနဲ့ ပါးစပ်တွေ မလှဘူး၊ သွားတွေ မလှဘူး”

“ရုပ်ရှင်ထဲမှာတော့ လှနေတာပဲ”

“လှတဲ့သူ နည်းနည်းတော့ ရှိတာပေါ့၊ အဲဒါ မင်းသမီးတွေပေါ့၊ ငါ နင့်ကို သိပ်သတိရတယ် ရင်အေး၊ ငါ ဒီရွာက ထွက်သွားတုန်းက ပန်းရိပ်တံတားပေါ်မှာ ငိုခဲ့တဲ့နင့်အသံကို ငါ မမေ့သေးဘူးရင်အေး၊ ငါ နင့်ကို သိပ်သတိရလို့ နင်ရှိတဲ့ရွာကလေးကို ငါပြန်လာတာ၊ ငါ ... ငါ နင့်ကို ရွာထဲဝင်ဝင်ချင်း တွေ့လိုက်ရတော့လေ ... ငါ နင့်ကို အရမ်း ...”

“ဟာ ... လွတ်သွားပြီ၊ လွတ်သွားပြီ၊ ဖမ်း ... ဖမ်း လွတ်သွားပြီဟဲ့၊ လိုက်ကြလေ ... လိုက်ကြ ... ဘာကြောင်နေကြတာလဲ”

ရွှေသွယ်နှင့် ရွှေနွယ်တို့နှစ်ယောက် အတင်းပြေးလိုက်ကြသည်။ သို့သော် အကြံအစည်နှင့် ဦးတည်ပြေးသော ထွန်းဇံကို မမီကြတော့။ ထွန်းဇံကို ပန်းရိပ်တံတားပေါ်မှာ နှစ်ဖွဲ့ခွဲဖမ်းတော့ ထွန်းဇံက နှစ်ဖက် စလုံး လက်ပြကာ ပန်းရိပ်တံတားပေါ်က ခုန်ချသွားသည်ကို ရင်အေး ငေးနေမိသည်။

ထွန်းဇံကို လိုက်ရသဖြင့် ရင်အေး ရင်တွေတုန်နေသည်။ နှလုံးခုန်သံက တဝုန်းဝုန်း ဖြစ်၍နေသည်။ သွေးတိုးပြီး မောလို့ခုန်သော နှလုံး ခုန်သံနှင့် လှိုက်ဖိုစိတ်နှင့် တပ်မက်စရာကောင်းသော ရင်ခုန်သံတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ရောယှက်၍ သွားလေ့မရှိ။ ဆီနှင့် ရေမရောသကဲ့သို့ လုံးဝမရောချေ။

နှစ်သစ်သကြ်န် အချိန်ခါသည် ပန်းရိပ်တံတား စီးဆင်းသွားရာ ဟိုးအဝေး ညနေရီတိမ်ထုကြားထဲမှာ ရွှေအိုရောင်ဖြင့် ငြိမ်းချမ်းလှပ၍ နေလေသည်။

* * *





ရှင်မြူးနေသော မျက်နှာအများစုနှင့် နှစ်ဆန်းတစ်ရက်နေ့သည် လှပ၍နေသည်။ ပန်းရိပ်တံတားပေါ်ကို ရင်အေးက ချိန်းသဖြင့် ထွန်းဖံ လာရပြန်ပြီ ဖြစ်သည်။ သို့သော်... ဒီတစ်ခါတော့ ချုပ်တိုက်ကြီးမရှိတော့။

သူတို့နှစ်ယောက် ညင်သာနူးညံ့စွာ ဆုံကြသည်။

"နင် ချုပ်တိုက်ကြီးက လွတ်အောင်လုပ်သွားတာ သိပ်ပညာသားပါတာပဲ"

"ငါက အဲဒီလိုမတွေးဘူး"

"ဘာ ... ဘယ်လို ..."

"တစ်ရွာလုံးက အပျိုတွေရှေ့မှာ တရားဝင်သမီးရည်းစားစကား အပြောခံရအောင် ချုပ်တိုက်ကြီးစဉ်ခဲ့တဲ့ နင့်ကိုပဲ ချီးကျူးတာ"

"အောင်မယ် ... လူပါးဝလို့၊ နင်လွတ်သွားအောင် လုပ်သွားတာ မဟုတ်လား၊ နင့်ကို ဖမ်းထားတဲ့လူတွေ စိတ်ဝင်စားအောင် ပြောသွားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါရုန်းချင်ရင် အစောကြီးကတည်းက ရတာပေါ့၊ တမင် အဲဒီစကားနားကိုရောက်မှ တမင်ရုန်းခဲ့တာ၊ အဲဒီစကားရဲ့ အဆက်ကို ငါအခုဆက်ပြောမယ်နော်"

"သွား ... မပြောနဲ့"

ထွန်းဖဲနှင့် ရင်အေးတို့နှစ်ယောက် ပန်းရိပ်မြစ်ပြင်ကို တံတားပေါ်မှ ရယ်၍ငေးနေကြသည်။ မြစ်ပြင်တစ်ကြောမှာ အတူတွဲတိုက်လာသောလေသည် သူတို့နှစ်ယောက်ကို တွေ့တော့ ဝင်တိုးကြည့်ပြီး မရတော့မှ နှစ်ဖက်ခွဲပြီး ဟိုးအဝေးသို့ ဖြတ်တိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ချွန်စက်




www.burmeseclassic.com

www.burmeseclassic.com



## ညှုန်စက်

တစ်လောက City Mart ဇဝနကို ကျွန်တော့်သားနဲ့ အတူသွားတော့ အပေါ်ထပ်ဈေးဆိုင်က ကောင်မလေးတွေက ကျွန်တော့်သားကို ချစ်တယ်ဆိုပြီး သုံးခါလောက် နမ်းပါတယ်။ ကျွန်တော်ကလည်း ငေးကြည့်နေရတာပေါ့လေ။ ဩော် ... ကလေးဘဝဟာ တော်တော်လေးကို အဆင်ပြေပါလားလို့လည်း တွေးမိတာအမှန်ပါ။ ကျွန်တော် အဲဒီအချိန်မှာ ကလေးဖြစ်ချင်သွားတာတော့ အသေအချာပဲ ကိုယ့်ဆရာရေ။

ပြီးတော့ သူတို့က ကလေးကစားစရာပစ္စည်းတွေ တစ်ခုပြီးတစ်ခုပြရင်းနဲ့ ကျွန်တော့်သားကို ဝယ်ချင်အောင် ပြောပါတယ်။ အဲဒီအချိန်မှာကျတော့ ကျွန်တော်က ကလေးဖြစ်နေလို့ မရတော့ဘူး။ ကျွန်တော်က လူကြီးဖြစ်သွားတယ်။

"ဟ ... မတော်မတဲ့တွေ မလုပ်နဲ့ဟ၊ ဒီကောင်က ဘာမှနားလည်တာ မဟုတ်ဘူး"





"အောင်မယ်လေး ... ဘာလို့နားမလည်ရမှာလဲ၊ မျောက်အရုပ်ကလေး ဟောဒီခလုတ်ကို နှိပ်လိုက်ရင် သူက ဒီလိုကျွမ်းထိုးတာ သားသားရဲ့၊ ဟောဒီမှာ အန်တီပြမယ်၊ တွေ့လား"

ကောင်မလေးကပြောပြီး ခလုတ်ကို နှိပ်လိုက်တော့ မျောက်ကလေးက ကျွမ်းထိုးတာပေါ့ခင်ဗျာ။ ကျွန်တော့်သားကလည်း သဘောကျတာပေါ့။ ကျွန်တော့်ဘောင်းဘီကို ဆွဲပြီး 'ဖေဖေကြီး ... ဖေဖေကြီး' ဖြစ်ရော။

ကျွန်တော်ကတော့ ဒီလို Marketing တွေကို ကြုံဖူးလှပါပြီ။ ဒီတော့ အေးဆေးပေါ့။ ကောင်မလေးတွေကိုလည်း အပြစ်တင်စရာ မရှိပါဘူး။

"သား ... အဲဒီမျောက်ထက် ကောင်းတဲ့တစ်ခုကို ဖေဖေ ဝယ်ပေးမယ်"

"အဲဒီမျောက်ပဲ"

"မျောက်က လှမှ မလှတဲ့ဟာကို၊ သားကလည်း ... ဟောဒီမှာကြည့်၊ စတော်ဘယ်ရီသီး တွေ့လား"

"အင်း ..."

ကျွန်တော့်သားက မျက်လုံးကလေး ပြူးပြီးတော့ ကျွန်တော်ပြတဲ့ အရုပ်ကလေးကို ကြည့်တယ်။ ကျွန်တော်ပြတဲ့ အရုပ်ကလေးက စတော်ဘယ်ရီသီးက ခေါင်းမှာရှိပြီး မျက်နှာက လူမျက်နှာပါ။ နောက်ကျောမှာ သံပတ်ကလေးပါတယ်။ သံပတ်ပေးလိုက်ရင် အဲဒီကောင် လမ်းလျှောက်မယ်ပေါ့။

"ဒါလေးပဲ ပြ"

"ကလေးကမှ မကြိုက်တဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"စတော်ဘယ်ရီသီး လမ်းလျှောက်တာကို သူ့ကို ပြချင်လို့ပါ၊ ကဲ ... ထုတ်လိုက်တော့"

ကောင်တာက ကောင်မလေးသုံးယောက်က မဲ့မဲ့ရွဲ့ရွဲ့နဲ့ပဲ စတော်ဘယ်ရီသီးလမ်းလျှောက် သံပတ်ရုပ်ကလေးကို ထုတ်ပေးပါတယ်။ သူတို့ပုံစံကတော့ ဘယ်ကျေနပ်ကြမှာလဲ။

သူတို့ ပထမပြတဲ့ မျောက်ကလေး ကျွမ်းထိုးတဲ့အရုပ်က တစ်သောင်းလေးထောင်ခင်ဗျာ။ အခု စတော်ဘယ်ရီသီး လမ်းလျှောက်တဲ့အရုပ်က ငါးရာငါးဆယ်ဆိုတော့ သူတို့စိတ်ထဲမှာ ကျွန်တော့်ကိုလည်း 'ငပေါ' လို့ ထင်ချင် ထင်မှာပေါ့လေ။ ထင်ချင် ထင်ပါစေ။ ကျွန်တော်လည်း ဒီလောက် ထင်တာကလေးကိုတော့ လဲရဲပါတယ်။

သံပတ်ပေးလိုက်တော့ အရုပ်ကလေး လမ်းလျှောက်တယ်။ ကျွန်တော့်သားကလည်း သဘောကျသွားတာပေါ့လေ။

"သားသား ... ကြိုက်လား"

"ကြိုက်တယ်၊ သား ဒါပဲယူမယ်၊ ထပ်လုပ်ပြဦး၊ ဘယ်နေရာကို လှည့်ရတာလဲ"

"ဒီနောက်ကျောကို လှည့်ရတာ သားရဲ့၊ ဖြည်းဖြည်းလှည့်နော်၊ ကျိုးသွားလိမ့်မယ်၊ ပြီးတော့ ဒီမှာ ခဲတံချွန်စက်လည်း ပါတယ်"

"ဟာ ... ခဲတံချွန်တဲ့စက်ပါ ပါတယ်တဲ့ ဖေဖေကြီး"

"အေးပေါ့ကွာ ..."

"သားသား စတော်ဘယ်ရီသီး ခဲတံချွန်စက်ပဲ ယူတော့မယ်"

"အေးပေါ့ကွ ..."

ဈေးရောင်းတဲ့ ကောင်မလေးတွေကတော့ ကျွန်တော့်ကို နှာခေါင်း





ရှုံ့ကြတာပေါ့လေ။ ကျွန်တော့်သားကလည်း စတော်ဘယ်ရီသီးပုံ အရုပ်က လမ်းလျှောက်ပြီး နောက်ကျောမှာ ချွန်စက်ပါတဲ့ အရုပ်ကလေးကို စိတ်ဝင်စားပြီး 'ဒါပဲ'၊ 'ဒါပဲ' နဲ့ အော်နေတာနဲ့ အဲဒါကိုပဲ ဝယ်လိုက်ရတယ်၊ သူက ချွန်စက်ကို သဘောကျသွားတာကိုး။

ကျွန်တော် ဇဝန City Mart က ပြန်လာတော့ ကားပေါ်မှာ စဉ်းစားမိတယ်။ ကျွန်တော် ငယ်ငယ်တုန်းက ချွန်စက်ငှားရင်းနဲ့ ကောင်မလေးတစ်ယောက်ကို ချစ်မိမလို ဖြစ်ဖူးတယ်။ ချစ်လည်း ချစ်မိသွားတယ် ပေါ့လေ။

ကျွန်တော်ဆိုတဲ့ ကောင်ကလေး သိပ်ကောင်းတဲ့ကောင် မဟုတ်ပါဘူးဗျာ။ ချစ်ရေးချစ်ရာနဲ့ ပတ်သက်ရင် အားနည်းချက်ရှိတယ်။ တစ်ခါတလေ မိန်းကလေးတစ်ယောက်ကို ကိုယ်က ချစ်ချင်တာလား။ သူ့အချစ်ကို ခံချင်တာလား ဆိုတာလည်း မကွဲပြားဘူး။ နောင်လည်း ဘယ်တော့မှ ကွဲပြားမှာ မဟုတ်ပါဘူး။

ယောကျ်ားလေးတွေ ဘဝဆိုတာလည်း ကြည့်ပါဦး။ သူ့အချစ်ကို ခံချင်တာဆိုရင် ရေရေလည်လည် style ထုတ်ပေတော့။ သူတို့မျက်စိက ကိုယ့်အပေါ်ကျလာအောင် ဝတ်ပေတော့။ စားပေတော့။ ကဲ ... ကိုယ်က ချစ်ချင်တာဆိုရင်လည်း ကိုယ်ချစ်တာကို သိအောင်လုပ်ပေတော့။ သူက ကကနဲ့ မြို့ထဲကိုသွားပြီဆိုရင် ကိုယ်ကလည်း ကကနဲ့ သူ့နောက်က လိုက်မှလေ။ ဘတ်(စ်)ကားကြီးစီးပြီးလိုက်လို့ ကိုယ်ကချစ်တာကို ဘယ်မိန်းကလေးက သိမှာတဲ့တုန်း။

ထားပါတော့ဗျာ။

အချစ်ခံရတာရော ချစ်ရတာရော အကြောင်းတွေပြောရတာ မော



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အခု ကျွန်တော် ပြောချင်တာက ခဲတံချွန်စက်ကလေးတစ်ခု အကြောင်းပါ။ ခဲတံချွန်စက်ကလေးပါတဲ့ အရုပ်ကို ကျွန်တော့်သားက လက်ကလေးက ကိုင်လို့။

အဲဒီနေ့ဆိုတာက စာမေးပွဲဖြေတဲ့နေ့ပါ။ ဘယ်ဘာသာလဲဆိုတော့ ပထဝီခင်ဗျာ။ ပထဝီဘာသာဆိုတော့ ခဲတံကလိုပြီလေ။ ချွန်စက်က လို ပြီလေ။ ကျွန်တော်ဆိုတဲ့ကောင်က ခဲတံပဲပါတာ။ ချွန်စက်က မပါဘူး။ ပထဝီဘာသာဆိုတာကလည်း ဘယ်လိုပဲသင်သင် ဘာတွေပဲရှိရှိ ကျွန်တော့် ဘဝမှာ ဘယ်တုန်းကမှ မကျွမ်းကျင်တဲ့ ဘာသာပါ။

ကျွန်တော်က ပြည်နယ်နဲ့ တိုင်းတွေကို မကျွမ်းကျင်ဘူး။ ဘယ် နေရာမှာ ဘာရှိတယ် ဆိုတာကိုလည်း မသိဘူး။ ကိုယ့်နေရာမှာ ကိုယ် ရှိတယ် ဆိုတာလောက်ပဲ သိတာ။ ကိုယ်ရှိတဲ့ ကိုယ့်နေရာကလေးကို ကောင်းအောင်ကြိုးစားမည်ပေါ့ဗျာ။ အမှန်တော့လည်း ဒီနေ့အထိ မကြိုး စားနိုင်သေးပါဘူး။ အဲဒီတော့ ပထဝီဖြေရမယ့်နေ့မှာ ပထဝီကို မုန်းတဲ့ ကောင်က ကျွန်တော်ပေါ့ခင်ဗျာ။

ဖြစ်ချင်တော့ ကျွန်တော်တို့ အဲဒီနေ့ ပထဝီဖြေရတဲ့ မေးခွန်းတွေက တော်တော်လေးကို ကြောင်တယ်ဗျာ။ ဆရာမဒေါ်ဝင်းဝင်းလှက ပညာပါ တယ်ဆိုလားပဲ။ မြေပုံတွေချည်းပဲ ဆွဲခိုင်းတာခင်ဗျ။ ရခိုင်၊ တနင်္သာရီနဲ့ စစ်ကိုင်းတိုင်းတို့ကိုလည်း အရောင်ခြယ်ပြပါတဲ့။ ကဲ ...။

ကျွန်တော်တို့မှာ ရောင်စုံခဲတံမှမရှိတာ။ ယူလာစရာလည်း မလို ဘူးလေ။ ဒီတော့ အခန်းစောင့်ဆရာမကို မေးရတာပေါ့။ မေးတော့ ဆရာမ က ခဲတံနဲ့ အရောင်ခြယ်ပြီးတော့ နာမည်ထိုးရင်လည်း ရပါတယ်တဲ့။

အဲဒီမှာ ကျွန်တော်လည်း ချတာပေါ့ဗျာ။





တော်တော်လေးတော့ ရယ်ရတယ်။ စစ်ကိုင်းတိုင်းကို ရှမ်းပြည်နယ် မှာသွားပြီး အရောင်ခြယ်မိတယ်။ ဘေးက သော်တာဆိုတဲ့ သူငယ်ချင်းက ပြောတော့မှ လွဲပြီဆိုတာကို သိရတာ။ တခြားကောင်တွေက ခဲတံနဲ့ ခြစ် တယ်ဆိုရုံ ခြစ်တာ။ ကျွန်တော်ကတော့ သိတဲ့အတိုင်းပဲ အသေးစိတ်ကို လုပ်ချင်တာလေ။

စစ်ကိုင်းတိုင်း တစ်ခုတည်းကို ခဲသားနဲ့ အရောင်ခြယ်နေလို့ သုံး နာရီ ပြည့်သွားရင်လည်း ခြယ်မှာပဲဆိုတဲ့ကောင်မျိုး။ ကောင်းတော့ မကောင်း ဘူးပေါ့ဗျာ။ ကြီးပွားဖို့ ကံဇာတာက အဲဒီကတည်းက မပါတာပါ။ ဒါပေမဲ့ ကျွန်တော်က ဒီလိုပဲ။

အဲဒီမှာ ကျွန်တော့်ခဲတံ ကျိုးတယ်ဗျာ။

ကျွန်တော့် ဘယ်ဘက်မှာ ထိုင်တဲ့ကောင်ကငတုံး။ မြန်မာနိုင်ငံ မြေပုံကိုတောင်မှ မဆွဲတတ်တဲ့ကောင်။ ဒီတော့ သူ့မှာ ခဲတံရှိတာပေါ့။

"ဟေ့ကောင် ... ငါ့ကို ခဲတံခဏပေးကွာ"

စာမေးပွဲဖြေနေတဲ့ အခန်းဆိုတာက စကားပြောရတဲ့နေရာ မဟုတ် ဘူးဆိုတာ ကိုယ့်ဆရာလည်း သိတာပဲ။ ဒီတော့ ကျွန်တော်လည်း လေသံ ကို အောက်ချပြီးတော့ ကျိတ်ပြောရတာပေါ့။

"ဘာလို့ ခဲတံပေးရမှာလဲ"

"ကျိုးသွားလို့ကွ"

"ကျိုးသွားရင် ထပ်ချွန်ပေါ့"

"ဟဲ့ ... ဟိုနှစ်ကောင်၊ ဘာစကားပြောနေကြတာလဲ"

ငတုံးနဲ့ ကျွန်တော် စကားပြောတာကို ဆရာမက တွေ့သွားပြီး လှမ်းအော်တာပါ။ ဟုတ်တယ်လေ။ စာမေးပွဲအခန်းဆိုတာ စကားမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ရတာကိုး။ ကျွန်တော်တို့လည်း ဘာမှရှင်းမနေတော့ဘဲ ကိုယ့်ဘာသာ ကိုယ်ရှိန်သတ်လိုက်ကြတယ်။ ဘာလုပ်ရမှန်းမသိတော့တဲ့ ကျွန်တော်က ခဲတံအကျိုးကလေးကို ကိုင်ပြီး ဘေးဘီကိုကြည့်တာပါ။ အဲဒီမှာ သူ့မျက်ဝန်းနဲ့ 'ဒိုင်း' ခနဲ ဆုံတာပဲ။

သူက ကျွန်တော်တို့ အခန်းထဲက မဟုတ်ပါဘူး။

သူက C အခန်းကပါ။ ငါ့အခန်းလို့ ကျွန်တော်တို့က နောက်ရင် သူတို့က (စီ)အခန်းလို့ ပြန်အော်ကြတယ်။ ကျွန်တော်က အဲဒီတုန်းကတော့ သူ့ကို သိပ်သတိမထားမိပါဘူး။ ဟုတ်တယ်လေ။ ကျွန်တော်က A အခန်းကကောင်ဆိုတော့ ဆရာကြီးပေါ့။ တော်လို့တော့ မဟုတ်ပါဘူး။ သူ့ဘာသာသူ ရောက်သွားတာ။ ဘာပဲဖြစ်ဖြစ် A ခန်းကို ရောက်ပြီဆိုရင် သွေးနားထင်ရောက်တော့တာပဲ။ ကျွန်တော်တို့ အ. ထ. က (၃) သင်္ဃန်းကျွန်းမှာကလည်း Aခန်းကကောင်တွေ ကောင်မလေးတွေဆိုရင် မျက်လုံးအောက်မစိုက်ကြဘူးပေါ့။ ခေါင်းအမြဲ မော့နေတာပေါ့။

အခု စာမေးပွဲခန်းမှာ သူနဲ့ကျွန်တော် ဘာဖြစ်လို့ တစ်ခန်းတည်းကျနေတာလဲဆိုတော့ ကျောင်းအုပ်ဆရာမကြီးက ပထမအစမ်းမှာ ကလေးတွေရဲ့ ပညာရေးကို စမ်းသပ်ချင်တာနဲ့ အတန်းတွေရောပြီး မွှေပစ်လိုက်တယ်ဗျာ။ Aခန်းက Aခန်းပဲ ဖြေရမယ်ဆိုရင် ကိုယ့်သူငယ်ချင်းနဲ့ ကိုယ်ဆိုတော့ အပေးအယူတည့်ပြီး ခိုးချတာတို့၊ ခိုးကြည့်တာတို့ ဖြစ်မှာစိုးလို့နဲ့ တူပါရဲ့။

ကျွန်တော်က ကံကောင်းပြီး ဘေးကငတုံးနဲ့ တစ်ခုံတည်းကျပေမယ့် ဒီကောင်က သုံးမရတော့ ကျွန်တော် ခဲတံကြီးကိုကိုင်ပြီး ဘာလုပ်ရမှန်းမသိတုန်း သူနဲ့ မျက်ဝန်းချင်းဆုံတာပါ။





'ချွန်စက်လား'

မိန်းကလေးတစ်ယောက်က တိုးတိုးကလေးမေးတာကို ပထမဦးဆုံးအကြိမ် ကြားဖူးတာပါ။

"အေး ..."

"ငါပေးမယ်၊ ခဏနေဦး"

"အေး ..."

တကယ်ပါဗျာ။ လက်ဖျားခြေဖျားတွေ အေးစက်လာတယ်။ ပထဝီဆိုတဲ့ဘာသာက သူ ချွန်စက်မပေးလည်း ကျွန်တော် ကျမှာပါ။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်နဲ့ လှို့လှို့ဝှက်ဝှက်လုပ်ရတာ ပထမဦးဆုံးအကြိမ်မို့ ရင်တွေခုန်လိုက်တာ အရမ်းပဲ။ စိတ်လှုပ်ရှားတယ် ဆိုကြပါစို့ဗျာ။ ပြီးတော့ စာမေးပွဲခန်းမှာကိုး။

သူက မချောပါဘူး။ ကြည့်လို့လည်း မလှပါဘူး။

နာမည်ကလည်း ကြည့်ဦး။ 'အေးအေးလေး' တဲ့။ 'အေးလေး' လို့ သူ့ကို လူအတော်များများက ခေါ်ကြတယ်။ ကျွန်တော်ကတော့ မသိပါဘူး။ ဒီကိစ္စတွေဖြစ်ပြီးမှ သူ့နာမည်ကို သိတာပါ။ သူ့ကို ဒီအရင်တုန်းက ဘုရားစူးစေရဲ့၊ စိုက်တောင်မှ မကြည့်ဖူးဘူး။

သူနဲ့ ကျွန်တော် နေရာကလေးကိုလည်း တစ်ဆိတ်လောက် ပြောပြချင်တယ်ဗျာ။ ယောကျ်ားလေးနဲ့ မိန်းကလေး စာမေးပွဲမှာ ခွဲဖြေကြရတာမို့ သူက ကျွန်တော့်ရဲ့ ဘယ်ဘက်အခြမ်းပါ။ အလယ်မှာ (မိန်းလမ်း) ဆရာမ သွားလမ်းကြီးက ရှိနေတယ်။ ဆရာမတွေကလည်း အဲဒီအလယ်ခေါင်က ခွဲထားတဲ့လမ်းကို သုံးမိနစ်တစ်ခါလောက် လျှောက်နေတယ်။ ဒီတော့ သူပြောတဲ့ 'ငါပေးမယ်၊ ခဏနေဦး' ဆိုတာက ကျွန်တော့်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ဒုက္ခပေးပြီပေါ့။ ရင်ခုန်သံကို စနစ်တကျ ခြိမ်းခြောက်ပြီပေါ့။

ဆရာမတွေ လစ်တဲ့အချိန်မှာ သူကလည်း ကျွန်တော့်ကို ခိုးကြည့်တယ်။ ကျွန်တော်ကလည်း သူ့ကို ခိုးကြည့်ရတယ်။ ချွန်စက် လိုချင်လို့ပါ။ ဒါပေမဲ့ ရင်ခုန်သံတွေကတော့ တဒိုင်းဒိုင်းပေါ့ဗျာ။

အဲဒီရင်ခုန်သံ တဒိုင်းဒိုင်းက ခဲတံချွန်စက်နဲ့တော့ ဘာမှမဆိုင်တော့ဘူး။ ဒါပေမဲ့ သူ့ကြောင့်ဆိုတာကတော့ ဟုတ်ပါတယ်။

ဆရာမက အလယ်ခေါင် မိန်းလမ်းကိုလျှောက်ပြီး နောက်ကျော အလှည့်မှာ ညီတူပါပဲ။ သူနဲ့ ကျွန်တော် မျက်ဝန်းချင်း ဆုံကြတယ်။ သူ့လက်ကလေးတစ်ဖက် ထွက်လာတယ်။ ကျွန်တော်ကလည်း မိမိရရ ဖမ်းဆုပ်လိုက်တော့ လက်ဖဝါးကလေးနှစ်ခု ထိကြတယ်။ နူးညံ့ပြီး နွေးလို့ပါခင်ဗျာ။

စဉ်းစားကြည့်ဗျာ။

ရှစ်တန်းပဲရှိသေးတဲ့ လူပျိုကလေးပါ။

ဘယ်မိန်းကလေးတစ်ယောက်ရဲ့ လက်ဖဝါးကိုမှ မကိုင်ဖူးသေးပါဘူး။ စိတ်ကူးနဲ့ ရူးတာတွေကတော့ ထားလိုက်ပါတော့။ လူဆိုတာ ငယ်ငယ်ကြီးကြီး ကိုယ့်စိတ်ကူးနဲ့ပဲ ကိုယ်နေကြတဲ့ သတ္တဝါတွေလေ။ ဒါပေမဲ့ ကျွန်တော့်ဘဝမှာတော့ မိန်းကလေးတစ်ယောက်ရဲ့လက်ကို ရင်တခုန်ခုန်နဲ့ ပထမဦးဆုံး စကိုင်ခဲ့ဖူးတာပါ။

နွေးထွေးတဲ့ လက်ဖဝါးရဲ့ အသိခဏကလေးပြီးတော့ ကျွန်တော့်လက်ထဲကို ခဲတံချွန်စက် ရောက်လာတယ်။ ရူးပြီပေါ့။ ကျွန်တော်ဟာ ခဲတံချွန်စက်ကလေးကို ကြည့်ပြီး ခုနက နွေးထွေးတဲ့ ရင်ခုန်မှုကလေးကို





ပြန်တွေးနေမိတယ်။ အေးအေးလေးကတော့ အံကြိတ်ပြီး ခေါင်းကိုငုံ့ပြရှာပါတယ်။ ဒါပေမဲ့ ကျွန်တော် ခဲတံမချွန်တော့ဘဲ သူ့ကို စာမေးပွဲဖြေချိန်တစ်လျှောက်လုံး ငေးကြည့်နေမိတယ်။

ဘုရားစူးပါရစေရဲ့ဗျာ။

ကျွန်တော်ငေးမိတာ သူ့ရဲ့လက်ချောင်း ဖြူဖြူဖွေးဖွေးကလေးတွေကိုပါ။

* * *

"အေးအေးလေး ... ငါ နင့်ကို ချစ်တယ်"

"နင့်ပါးစပ်ကို ပိတ်ထားနော် ရဲဝင်း"

"ချွန်စက်ပေးတဲ့နေ့က နင့်လက်ကလေးကို ... "

"ဖြန်း ... "

ဤသို့ ပထမဦးဆုံးအကြိမ် အသည်းကွဲခဲ့ရပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဟာ ... ဝေါ ... ဟေး

"'ဟာ' ဆိုတာက မင်း ချော်လဲသွားတော့ ရုတ်တရက် အံ့သြပြီး အလန့်တကြား အော်တာလေကွာ"

" ............ "

"'ဝေါ' ခနဲ ဝိုင်းရယ်ကြတာက မင်းက ချော်လဲရုံတင်မကဘူး၊ ပုဆိုးကြီး ကျွတ်ကျန်ခဲ့ပြီး လူက အရှိန်နဲ့ ထွက်သွားတာကိုးကွ၊ အဲဒါကို ဝိုင်းရယ်ကြတာလေ"

" ............ "

"'ဟေး' ဆိုတာကတော့ကွာ ဒီလိုကွာ ... မင်း ကံကောင်းမှန်းတော့ သူတို့သိတယ်၊ ဒါပေမဲ့ မင်းရဲ့ ဟိုကွာ၊ အဲဒါက လွဲနေတော့ အဲဒါ အားပေးတာကွာ၊ အဲဒါ ဝိုင်းပြီးသဘောကျလို့ အော်ကြတာပါ၊ မင်းကလည်း ..."

" ............ "

* * *





သူ့ကို တက္ကသိုလ်ငယ်သူငယ်ချင်းဟု ပြောလျှင်ရသည်။ သူ့ကို ပထမနှစ်ကတည်းက စတင်ရင်းနှီးခဲ့သောကြောင့် ဖြစ်သည်။ သူနှင့် ရင်းနှီးခဲ့ပုံက ဘယ်လောက်သာမန်ဆန်သလဲဆိုလျှင် ကျွန်တော် မမှတ်မိလောက်အောင်ပင် ဖြစ်သည်။ သတိထားမိသည့်အချိန်တွင် ကျွန်တော်က သူနှင့် ရင်းနှီးနေပြီဖြစ်သည်။

သူ့ပုံစံက အသားညိုညို၊ အရပ်က ခပ်ပျပ်ပျပ်နှင့် ခေါင်းနည်းနည်းကြီးသည်။ ဆံပင်တွေက ထူထူ၊ ထိုးထိုးထောင်ထောင်ရှိပြီး နှုတ်ခမ်းက ထူသည်။ မျက်လုံးများက သာမန်ပင်ရှိသော်လည်း သူ ငြိမ်ငြိမ်နေသည့်အချိန်မျိုးတွင် သူ့မျက်လုံးတွေက သူရှိသည့်နေရာတွင် မရှိချေ။ သူ့ပုံစံကို တစ်ယောက်ယောက်က ရုတ်တရက်ပဲ ကြည့်ကြည့်၊ အသေအချာပဲ ကြည့်ကြည့် တောသားတစ်ယောက်လို့ထင်မှာ အသေအချာပါပဲ။ ဒါပေမဲ့ သူဟာ ရန်ကုန်သားစစ်စစ်ဖြစ်ပြီး ရန်ကုန်မှာပင် မွေးခဲ့သူတစ်ယောက် ဖြစ်သည်။

ပြီးတော့ သူ့မိသားစုနှင့် ကျွန်တော် ဆုံတွေ့ရသည့်အခါ သူ့ပုံစံသည် ထူးခြားမှုတစ်ခု၊ ဒါမှမဟုတ် လွဲမှားမှုတစ်ခုဆိုတာကို လက်ခံလိုက်သည်။ သူက သားအကြီးဖြစ်ပြီး သူ့ညီမလေးက နှစ်ယောက်ရှိသည်။ သူ့မိဘနှင့် သူ့ညီမလေးတွေ အားလုံးက ဖြူဖြူဖွေးဖွေးကြီးနှင့် ကြည့်ကောင်းသော ရုပ်ရည်ရှိကြပြီး တောသားတစ်ယောက်လို ခပ်ထူထူ ခပ်ထိုင်းထိုင်းပုံစံမှာ သူတစ်ယောက်တည်း၏ ထူးခြားရုပ်ရည်လည်း ဖြစ်ကြောင်း ကျွန်တော်တစ်ဦးတည်းသာ သိထားခဲ့သည်။

ကျွန်တော်တို့ အုပ်စုကတော့ တက္ကသိုလ်ဆိုတာ ရတောင့်ရခဲသော နတ်ပြည်လို ပျော်စရာတွေ စုနေတဲ့နေရာ၊ ဘယ်သူ့ကိုမျှ မထိခိုက်လျှင် ပျော်ချင်တာကို လွတ်လွတ်လပ်လပ် ပျော်ခွင့်ရှိသည့်နေရာဟု သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ကြသော ငလျှောင်အုပ်စုဟု ခေါ်လျှင်ရသည်။ ကျွန်တော်တို့လို တခြား ငလျှောင်အဖွဲ့တွေလည်း ရှိကြသည်။

ကျွန်တော်တို့အုပ်စုမှ ကျွန်တော်နှင့် စံပယ်သည် တစ်ဦးနှင့်တစ်ဦး တော်တော်လေး အပေးအယူတည့်သော ငလျှောင်နှစ်ကောင် ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်၏ ပေါ့ပါးမှုသည် အခြားကျောင်းသားကျောင်းသူ အုပ်စု တော်တော်များများကို ပျော်ရွှင်စေခဲ့သည်။ စံပယ်က စာပေဖတ်ပြီး စကားအဝင်အထွက် ရဲသည်။ ဘယ်နေရာမှာ ဘယ်စကားကို သုံးရမည် မှန်း သိသည်။ မရိုင်းဘဲ 'ဝါး' ခနဲ ပွဲကျနိုင်သော စကားလုံးမျိုးကို ပြော နေသည့် စကားလမ်းကြောင်းပေါ်မှာ ရအောင်ရှာတတ်သည်။ အပြန်အလှန် စကားတွေထဲမှာ ပြောလို့ရအောင် ဖန်တီးနိုင်သည်။ စံပယ်၏ စကားပြော နည်းက သာမန်မိန်းကလေးတွေလို ကိုယ့်စကားလုံးတွေကို မပေးဘဲ ပိုင်မှ ထပြောသည့် မိန်းမချော ရန်တွေ့နည်းမျိုး မဟုတ်။ သူက သူ့ကို ကြိုက် သည့်စကားနှင့် ပြောလို့ရအောင် ဖွင့်ထားသည်။ သူ့ကိုပြောလာမည့် စကားကိုမှ ချက်နှင့်လက်နှင့် လွတ်ထွက်မသွားအောင် ချည်ပြောသော မိန်းကလေးငလျှောင် ဖြစ်၏။ သူ့အလျှောင်ကို ခံလိုက်ရသူသည် ကျေနပ် ပြီး အရသာတစ်မျိုးတော့ ခံစားရမှာ ကျိန်းသေသည်။

ဒါကို ကျွန်တော့်ငတိ ထွန်းအောင်က မကြိုက်။ စံပယ်ကို ဘယ် တော့မျှ စကားမပြော။ စံပယ်က လာပြောလျှင်လည်း စံပယ်စကားကို အသေအချာ စဉ်းစားပြီးမှ ပြန်ပြောလေ့ရှိသည်။

"ဒီကောင်မလေးကို သူ့အိမ်က ဘာမှမပြောကြဘူးလားကွာ"

"ဟ ... သူ့အိမ်က ပယ်ပယ် ဒီလိုသွက်၊ ဒီလိုလန်တာကို သဘော ကျတာကွ၊ ပယ်ပယ် ဒီလိုနေတာ မိဘရဲ့ကျေးဇူးကို ဆပ်ရာရောက်တယ်





မောင်"

ကျွန်တော့်စကားကြောင့် ကျန်သည့်ဘော်ဒါတွေက ဝိုင်းရယ်ကြ သည်။ ထိုရယ်သံကြောင့် ထွန်းအောင် မျက်နှာမှာရှိနေသော လေးနက်မှုက လျော့မသွားခဲ့။

"အေးကွာ အဲဒါမှပဲ သူ့အိမ်နဲ့သူလည်း ဖြစ်မှာပါ"

အဲဒီစကားကို ပြောပြီးတော့ သူက ခေါင်းကို လေးလေးနက်နက် ကြီး ယမ်းနေလိုက်သေးသည်။

ထွန်းအောင်က ပယ်ပယ်ရှေ့တွင် ကိုးရိုးကားရားနှင့် ဒုက္ခတွေ့သွား တတ်သော ယောက်ျားလေးတွေကို တွေ့ရဖူးလှသဖြင့် ပယ်ပယ့်ကို စကား ပြောလျှင် သတိကြီးစွာထား စကားပြောလေ့ရှိသည်ကို ကျွန်တော်တို့ တစ်အုပ်စုလုံးက ရယ်စရာလို သဘောထားတတ်ကြသည်။ အဲဒီလို သဘော ထားသည် ဆိုတာကိုလည်း သူကသိထားပြီး အဲဒီလိုမဖြစ်အောင် အမြဲတမ်း ထိန်းလေ့ရှိသည်။ အဲဒီလို ထိန်းတာကပင် သူ့အတွက် ရယ်စရာကြီး ဖြစ် နေတာ မဟုတ်လား။

သူက ကျွန်တော့်ကိုလည်း ပေါင်းသာ ပေါင်းနေခဲ့သည်။ အထင် တကြီး တလေးတစားဟု မသတ်မှတ်ခဲ့။ ကျွန်တော်ကလည်း ဘဝမှာ ဘယ်တုန်းကမျှ ဘယ်သူ့လေးစားမှုကိုမျှ ခံယူချင်တဲ့လူမဟုတ်။ လူတွေ ဆီက ကျွန်တော် လိုချင်သည့်အရာမှာ ခင်မင်မှုသာဖြစ်သည်။ ကျွန်တော် ကိုယ်၌ကလည်း လူတစ်ယောက်ကို ခင်မင်ဖို့ထက် ပိုပြီး ဘာမျှသိပ်လိုချင် ခဲ့တာမျိုး မရှိခဲ့။ ကျွန်တော်က ကောင်မလေးတွေနှင့် ပတ်သက်လျှင်တော့ မှ ကျွန်တော့်စိတ်က မရိုးသားနိုင်ဟု ထင်ရသော မိန်းကလေးကိုသူငယ် ချင်း မလုပ်တတ်။ ကျွန်တော့်သူငယ်ချင်း ဆိုလျှင်လည်း အဲဒီမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မျှ မကြိုက်တတ်ခဲ့ပါ။

ကျွန်တော်တို့အုပ်စုက တစ်ခါတရံ ဆန့်ကျင်ဘက် မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် ပွင့်ပွင့်လင်းလင်း ပြောတတ်၊ ဝေဖန်တတ်လေ့ရှိသည်။ အဲဒီလိုအခါမျိုးတွင် ထွန်းကျော်ကို အဖော်ညှိ၍မရ၊ စကားတောင်း၍ မရ။ ထွန်းကျော်သည် မိန်းကလေးတစ်ယောက်ကို ဝေဖန်တာမျိုး၊ လေ့လာသုံးသပ်တာမျိုး ဘယ်တော့မျှ ကျွန်တော်တို့ရှေ့မှာ လုပ်လေ့မရှိ။ ထွန်းကျော်သည် သူ့စိတ်ခံစားမှုကို သူငယ်ချင်း အပေါင်းအသင်းကို ပြောပြလေ့မရှိတတ်သလို မဖြစ်မနေ ပြောရတော့မည်ဆိုလျှင်လည်း အရမ်းသတိထား၍ ပြောတတ်လေသည်။

ထို့ကြောင့် ထွန်းကျော်သည် ကျွန်တော်တို့အုပ်စုတွင် လာရောက်ပေါင်းသင်းနေသော်လည်း ကျွန်တော်မှလွဲ၍ ကျန်သည့်လူတွေနှင့် ရင်းနှီးပွင့်လင်းခြင်း မရှိ။ သူက အားလုံးကို သတိထားသဖြင့် အားလုံးကလည်း သူ့ကို သတိထားခြင်းကို ပြန်ခံရသောကြောင့် သူနှင့် ကျွန်တော့်သူငယ်ချင်းများ၏ ဆက်ဆံရေးသည် သုံးနှစ်နီးပါးရှိသည့်တိုင် လေးလေးစားစားဆိုသော အဆင့်က မတက်ခဲ့ချေ။

နောက်တစ်ချက်က လူတိုင်းလူတိုင်းတွင် စစရာ နောက်စရာလေး တစ်ခုတော့ အမြဲရှိနေတတ်ကြသည်။ ချစ်ရေးချစ်ရာမှာပဲဖြစ်ဖြစ်၊ ပေါင်းသင်း ဆက်ဆံရေးမှာပဲဖြစ်ဖြစ်၊ ဗီဇဝလေ့စရိုက်မှာပဲဖြစ်ဖြစ် အပြစ်ကလေး၊ အမှားကလေးတွေ ရှိတတ်စမြဲပင် ဖြစ်သော်လည်း ထွန်းကျော်ကတော့ အဲဒီကိစ္စတွေ အားလုံးနီးပါးကို အမှားမရှိရအောင် အရမ်းသတိထား ဆက်ဆံလေ့ရှိသည်။

ထို့ကြောင့် လူ့သဘာဝအရ ရှေ့မှာပြောခွင့်မရသောအခါ နောက်





ကွယ်တွင် ပြောကြလေသည်။

"ဟေ့ကောင် ... မင်းသူငယ်ချင်းက ဘုန်းကြီးကျောင်းသားလား"

"အာ ... မဟုတ်ပါဘူးကွာ"

"ဒါဆိုရင် ပါရမီ ၁၀ ပါးထဲမှာ မပါတဲ့ ပါရမီတစ်ခုခုကို ကျင့်နေတာ ဖြစ်ရမယ်"

"အေးလေ ... ငါလည်း သူ့ကိုတွေ့မှ အဲဒီ ပါရမီအသစ်နာမည်ကို တွေ့တာပဲဟ"

"ဟယ် ... ပြောစမ်းပါ၊ ဘာပါရမီလဲဟင်"

"မပျော်ရွှင်ရေး ပါရမီလေကွာ"

"အဟိ ... "

"အေးကွာ ... မင်းသူငယ်ချင်းကို ကြည့်ရတာ တစ်ခုခုတော့ မှားနေတာ သေချာတယ်ကွ၊ သူ နေတာထိုင်တာက ပြောစရာ အပြစ်ရယ်လို့ မရှိပါဘူး၊ ဒါပေမဲ့ မှန်လည်း မမှန်ဘူးကွ"

"ဘာတွေ ဖြစ်ရပြန်တာတုံးကွာ"

"မနေ့က နေ့လည်ခင်းကြီးကွာ၊ ကန်တင်းမှာ သူတစ်ယောက်တည်းကွ၊ ဒါနဲ့ ငါဝင်ထိုင်တော့ သူ့ပုံက သိပ်ကျေနပ်ပုံမရဘူးကွ"

"ဟုတ်လို့လားကွာ"

"ငါက လိမ်ပြောမလားကွ၊ ငါ ဝင်ထိုင်ပြီးလို့ မင်းတို့ကိုမေးတော့ သူက ကျွန်တော် သတိမထားမိဘူးတဲ့၊ ကဲ ... "

"ဒါကတော့ သူ တကယ် သတိထားမိတာ မဟုတ်လို့နေမှာပေါ့"

"ထားတော့ကွာ၊ အဲဒီအချိန်မှာ စားပွဲထိုးကလေးက သူ့ကို ပလာတာတစ်ချပ် လာချပေးတယ်ကွာ၊ ချရင်းနဲ့ ဒီလောက်ပဲပူတယ်၊ ရလားလို့



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ သူက လက်ညှိုးနဲ့ဖိကြည့်ပြီး ရတယ် ရတယ်လို့ ကမန်းကတန်း ဖြေပြီးတော့ အဲဒီပလာတာအပုကြီးကို လိပ်ပြီး ပလုတ်ပလောင်း ကိုက်စားတာကွာ၊ သုံးခါပဲ ကိုက်ရတယ်၊ သူစားပုံက အရေးတကြီး ပလုတ်ပလောင်းကြီးကွ၊ မင်းတို့ပဲ စဉ်းစားကြည့်ပေါ့ကွာ”

“အဲဒီအချိန်မှာ နင်က သူလုပ်တာတွေ အားလုံးကို လိုက်ကြည့်နေတာပေါ့၊ ဟုတ်လား”

“ဟ ... ငါလည်း အံ့သြပြီး ကြည့်နေမိတာပေါ့ဟ”

“အဟိ ...”

“နောက်ဆုံးတစ်လုတ်က တော်တော်များတော့ ရှေ့မှာ ဝါးလက်စနဲ့ ပလုတ်ပလောင်းဖြစ်နေတာကို အတင်းဖိဝါးရင်း ရေနွေးကြမ်းနှစ်ခွက် ဆင့်သောက်တယ်ကွာ၊ ရေနွေးကြမ်းလည်း အပူကြီးပဲကွ”

“ပြီးတော့ရော ...”

“ပြီးတော့ ပိုက်ဆံနှစ်ရာ ချထားပြီး ကျွန်တော်သွားဦးမယ်ပြောပြီး ထွက်သွားတယ်ကွာ၊ မင်းတို့ပဲ စဉ်းစားကြည့်”

စကားဝိုင်းက ခဏတိတ်၍သွားသည်။ ထွန်းကျော် လုပ်သွားတာတွေကို သူတို့မျက်စိထဲ ပြန်မြင်ကြည့်ကြသည်။ ပယ်ပယ်က ဇာနည်ကို တစ်ချက်ကြည့်ရင်း ပြောသည်။

“ဇာနည် ... နင်ပြောတာ အခုထက်ထိတော့ မှားတာမပါသေးဘူး နော်”

“နင့်ကြီးတော် ... အဲဒါ မှားတာမပါရမှာလား၊ နင်ပဲ စဉ်းစားကြည့်လေ၊ ပြီးတော့ အဲဒီမှာတင် ပြီးတာမှတ်လို့လား၊ သူက ဆယ့်ငါးမိနစ်လောက်နေတော့ ကန်တင်းကို နောက်တစ်ခေါက် ပြန်လာတယ်”





“အဲဒီတော့ နင်ကလည်း ပလာတာတစ်ချပ်မှာပြီး သူ့လိုပဲ ...”

“အေး ... ရပါလိမ့်မယ် အားကြီးကြီး၊ ကန်တင်းထဲကို ငါနဲ့ မျက်နှာချင်းဆိုင်က ဝင်လာပြီး ငါ့ကို တစ်ချက်ရယ်ပြပြီး ငါနဲ့ နှစ်ခုံလောက်က ခုံမှာ ဝင်ထိုင်တယ်၊ ထိုင်တာကလည်း ငါ့ကို ကျောပေးရက်ထိုင်တာ”

“အာ ... ဒီကောင်ကလည်း ...”

“မပြီးသေးဘူး ကိုယ့်လူ၊ ထိုင်ပြီးတော့ ဘာလုပ်တယ် ထင်သလဲ၊ ပလာတာတစ်ချပ် ထပ်မှာတယ် ကိုယ့်လူ၊ ပလာတာ ရောက်လာတော့ ခုနကလိုပဲ သုံးလုတ်ကိုက်စား၊ ရေနွေးကြမ်း နှစ်ခွက်သောက်ပြီး ထသွားတာ”

“အွန် ...”

စကားဝိုင်းသည် တိတ်သွားပြန်သည်။ ဇာနည်က စကားကို သူဖြတ်ထားသည့် မျက်နှာအိုက်တင်အတိုင်းနှင့် ကျွန်တော်တို့ကို လိုက်ကြည့်နေသည်။ သဘောကတော့ ‘ကဲ ... မင်းတို့ကောင်က ဘယ်လိုလဲ’ ဆိုသည့် သဘော ဖြစ်လိမ့်မည်ထင်သည်။ ကျွန်တော် သက်ပြင်းချလိုက်ရသည်။

“အင်း ... အဲဒါကတော့ ...”

“နင်နဲ့ သူနဲ့က ပြဿနာတွေ ဘာတွေ ဖြစ်ဖူးတာရှိလား ဇာနည်”

“အာ ... ဘယ်ကလာ၊ သူနဲ့သိတာ ကြာပေမယ့် နှစ်ယောက်တည်းက အဲဒီတစ်ကြိမ်ပဲ တွေ့ဖူးတာ၊ ကဲ ... ရဲဝင်း၊ မင်းသူငယ်ချင်းက ...”

ဒီကိစ္စအတွက်တော့ ကြုံလာလျှင် သူ့ကိုမေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ကျွန်တော်ကိုယ်၌လည်း သိချင်စိတ်ရှိသောကြောင့် ဖြစ်၏။

“အေး ... ငါမှတ်မိတယ်ကွ၊ သူဝင်လာတော့ ငါက ပလာတာ မှာပြီးနေပြီကွ၊ သူ ထိုင်ပြီးတော့မှ စားပွဲထိုးက ပလာတာလာချတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ တော်တော်မျက်နှာပူသွားတာ”

“မင်းကလည်းကွာ၊ စားပါဦးလား ဘာညာ လုပ်လိုက်ပေါ့ကွ”

“ဟာ ... မင်းကလည်း ပိုဆိုးတာပေါ့ကွ၊ တကယ်ကျွေးတာ မဟုတ်မှန်း သူက သိနေတဲ့ဟာ၊ ပလာတာက တစ်ချပ်တည်းကိုးကွ”

“နေပါဦး၊ မင်းက ပလာတာကို ပလုတ်ပလောင်းစားပြီး ချက်ချင်း ထထွက်သွားတာဆို”

“မင်းကလည်း ... သူ့ကို အားနာပါတယ်ဆိုမှ ဓိမ်ဆွဲစားပြနေရရင် သေရောပေါ့၊ အဲဒါကြောင့် ငါ ပိုက်ဆံချပေးပြီး ထွက်သွားတာ”

“ထားတော့ကွာ၊ ပြီးပြီပေါ့ကွာ၊ ထားတော့ မင်းက နောက်တစ်ခေါက် ထပ်လာပြီး သူ့ကို ကျောပေးထိုင်ပြီး ပလာတာ နောက်တစ်ချပ် လာစားသေးတယ်ဆို၊ အဲဒါကတော့ကွာ ...”

“ဟုတ်တယ်ကွ၊ ငါက ပလာတာကို စားလို့မဝဘူးကွ၊ ငါနောက်တစ်ချပ် ထပ်စားချင်သေးတာ၊ မတတ်နိုင်ဘူးလေ၊ ဒီတစ်ခါတော့ သူနဲ့ တစ်ဝိုင်းတည်း မထိုင်တော့ဘူးပေါ့ကွာ၊ သူ့ကို အားနာစရာကောင်းတယ်လေ၊ အဲဒါကြောင့် ကျောလည်းပေးထားတာ” တဲ့။

ကဲ ... ကိုယ့်ဆရာ၊ ဘာပြောချင်သေးသလဲ။ ဇာနည်ကတော့ ‘ဟာ ... ဟာ’ နှင့် ဖြစ်နေ၏။

ပယ်ပယ်ကတော့ တခွီးခွီး ရယ်လေသည်။

“ကောင်းလိုက်တာဟာ၊ နော် ... ရဲဝင်း၊ ငါတို့ အဲဒီလို မတွေးမိဘူးဟ၊ သူက ရိုးရိုးပဲတွေးတာ၊ သိလား”

“ဇာနည် စပြောကတည်းက အပြစ်ကတော့ ရှာလို့မတွေ့တာ အမှန်ပါ၊ သူပြောတာ နားထောင်ပြီးတော့ ‘မှားတယ်’ ဆိုတဲ့ အသိတော့





ဝင်လာတယ်ဟ၊ ဒါပေမဲ့ မှားတဲ့နေရာ ရှာလို့မရဘူး ဖြစ်သွားတာ”

ထိုကိစ္စသည် ထိုလိုနှင့်ပဲ ပြီးသွားသည်။

သူကတော့ ထိုကိစ္စဖြစ်သွားမှန်းပင် မသိလိုက်။ ထွန်းကျော်သည် ပုံမှန်အတိုင်းပင် ရှိနေသည်။ ထွန်းကျော်သည် သီချင်းဘယ်လောက်ဖွင့်သော လက်ဖက်ရည်ဆိုင်မှာ ထိုင်ထိုင်၊ ဘယ်တော့မှ သီချင်းလိုက်မညည်းတတ်။ ကောင်မလေးတွေ အကြောင်းကို ကျွန်တော်တို့ ဘယ်လိုကောက်ချက်တွေ အားမနာ ပါးမနာပေးပေး ဝင်လျှာအရသာ ပေးတတ်လေ့မရှိ။ ကျွန်တော်တို့ ရှုစားတတ်သည့် မျက်စိကြီးတွေ ဘယ်လောက်အရောင်တောက်တောက် သူ့မျက်လုံးက လိုက်အရောင်မတောက်တတ်။ ထွန်းကျော်သည် ဒီလိုနှင့်ပင် ကျွန်တော်တို့အုပ်စုမှာ သူနေတတ်သလို နေခြင်းဖြင့် အဆင်ပြေလျက်ရှိသည်။

တစ်နေ့ ကျောင်းထဲမှာ ကျွန်တော်တို့အုပ်စုတွေ ထုံးစံအတိုင်း လျှောင်တာပြောင်တာ တော်တော်လေး အရှိန်ရနေကြတုန်းမှာ ကျွန်တော်တို့ရှေ့မှ ကောင်မလေးတစ်အုပ် ဖြတ်အလျှောက်မှာ ကောင်မလေးတစ်ယောက်က စူးစူးစိုက်စိုက် ကြည့်သွားသည်ကို အားလုံးမြင်လိုက်ကြသည်။ ဒါမျိုးဆိုလျှင် ဘယ်တော့မှ အလွတ်မပေးတတ်သော ကျွန်တော်တို့အုပ်စု ပါးစပ်ဟမယ်ပြင်တုန်း ကျွန်တော် ဖျတ်ခနဲ သတိရသဖြင့် ကမန်းကတန်း အော်ရသည်။

“ဟေ့ကောင် ... ထွန်းကျော်၊ မင်းနှမလေး၊ မင်းနှမလေး မဟုတ်လား၊ မင်းကို ကြည့်သွားတယ်၊ ဘာကိစ္စရှိလို့လဲ မသိဘူး”

ကျွန်တော် အချိန်မီတားချက် ထိရောက်သွားသဖြင့် ထွန်းကျော် နှမလေး အစမခံလိုက်ရ။ ဒါပေမဲ့ ထွန်းကျော်က ကျွန်တော့်ကို မိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းက ဘာဖြစ်လို့ ငါ့နှမလို့ ဒီကောင်တွေရှေ့မှာ အော်ရတာလဲ"

"ဟ … မအော်ရင် မင်းနှမ ဘဝပြောင်းပြီး စာလုံးပေါင်းကလေး ဖြစ်သွားမှာပေါ့ကွ၊ မင်း မသိဘူးလား"

"သိသားပဲ၊ အဲဒါက တစ်ခါပဲ အစခံရမှာကွ၊ ငါ့နှမငါ ဒီဘက် မလာနဲ့ ပြောထားရင်ရတယ်၊ နှမရှိမှန်း သိသွားတာက ပိုဆိုးတယ်ကွ"

အင်း … သူ့တွက်ကိန်းနှင့် သူပါကလားဟု ကျွန်တော် တွေးမိပြီး စံပယ်ကို ပြန်ပြောပြတော့ စံပယ်က 'သူပြောတာ မှန်တာပေါ့၊ နင်က နှမမရှိတော့ ဒါမျိုးတွေ ဘယ်တွေးပါ့မလဲ' ဟု ဆိုသည်။ ထွန်းကျော်၏ နှမကလေးက အီကိုမှာ တတိယနှစ်တက်နေခြင်း ဖြစ်၏။

အခု ထိုသူငယ်ချင်း ထွန်းကျော်ကို ကြည့်ရတာ တစ်ခုခု ပိုနေသလိုကြီး ဖြစ်နေသည်။ သူသည် အခြေအနေကို ပြောင်းပစ်လိုက်ပုံက တော်တော်ပြတ်သားပြီး သတ္တိရှိလွန်းတာကတော့ အမှန်ပင် ဖြစ်သည်။

လည်ကတုံးနှင့် ဆိတ်ခွန်ပုဆိုးကို နေ့စဉ်ဝတ်နေရာမှ နေ့ချင်းပင် ဂျင်းဘောင်းဘီအသစ်နှင့် T ရှပ်အင်္ကျီ ပြောင်းပစ်လိုက်ခြင်း ဖြစ်သည်။

ယခင်ဝတ်နေကျ အဝတ်အစားများကို ကျောင်းမှာသာ ဝတ်ခြင်း ဖြစ်ပြီး ရပ်ကွက်ထဲမှာ အိမ်မှာ ဘောင်းဘီတွေ ဘာတွေ ဝတ်လေ့ရှိသည် ဆိုလျှင်ထားတော့။ အခုတော့ ထွန်းကျော်သည် ဂျင်းဘောင်းဘီကို လုံးဝ ဝတ်တတ်ခြင်းမရှိ ဆိုတာကြီးက ဘောင်းဘီနှင့် သူ့ကို တွဲကြည့်လိုက်လျှင် တွေ့ရသော ကိုးရိုးကားရားပုံစံက တိတိကျကျကြီးကို ဖော်ပြနေသည်။

အနေအထိုင် အသွားအလာ ကြည့်ရတာ ဘယ်လိုမှ အဆင်မပြေခဲ့ချေ။ သူ့ကို ဖွင့်ပြောရမှာ အားနာနေခြင်းကြောင့် ကျွန်တော်တို့အားလုံး ဘောင်း





ဘီနှင့် သူ့ကို သည်းခံခဲ့ရသည်။

တစ်လလောက်နေသည်အထိ အဆင်မပြေရှိနေပြီး နောက်တစ်နေ့ ကျတော့ သူ ဘောင်းဘီဝတ်မလာတာကို တွေ့ရသည်။ ကျွန်တော်တို့က ဘာမျှမပြော၊ မမေးသော်လည်း သူက ပွင့်ပွင့်လင်းလင်းကို ပြောလာသည်။

"ငါ ဘောင်းဘီနဲ့ ဘယ်လိုမှ အဆင်မပြေဘူးကွာ၊ ငါလည်း ကြိုးစားတာပဲ၊ ဒါပေမဲ့ မရဘူး၊ ဘောင်းဘီနဲ့ ငါ လုံးလုံးကို မလိုက်ဘူးကွာ"

"မင်းကို ဘယ်သူကပြောတာလဲ"

"အမေကွ၊ အဝတ်အစားနဲ့ ပတ်သက်ပြီး မိဘကတော့ ဘယ်ညာပါ့မလဲကွာ၊ ငါ့ကို မဆူဘဲနဲ့ မဝတ်ဖို့ကို တောင်းတောင်းပန်ပန်နဲ့ကို တားတာကွာ"

ဘောင်းဘီကိစ္စ ပြီးသွားသော်လည်း ထွန်းကျော်၏အမူအရာ ထူးဆန်းပုံ၊ ကျွန်တော့်စိတ်ထင် ကျွန်တော့်ကို တစ်ခုခု ပြောချင်နေပုံတို့ကတော့ မပြောင်းလဲခဲ့ပါ။ သူ ကျွန်တော့်ကို စကားစကြည့်လိုက်၊ ချီတုံချတုံဖြစ်လိုက်နှင့် ရှိနေတာ ကြာလှပြီဖြစ်သည်။ ကျွန်တော်ကလည်း သူ့ကို ဖွင့်မမေး။ ရိပ်မိလျက်သားနှင့် တမင်ထားခြင်းဖြစ်သည်။

တစ်နေ့တော့ သူ မခံနိုင်တော့ဘဲ ကျွန်တော့်ကို ဖွင့်ပြောလာသည်။ သူပြောတာက အီကိုမေဂျာက ကောင်မလေးတစ်ယောက်ကို ကြိုက်နေသည် ဆိုတာပဲ ဖြစ်သည်။ ကျွန်တော်တို့အတွက်ကတော့ ဘာထူးဆန်းမည်နည်း။ ကြိုက်ရင် လိုက်ပေါ့။ ဒါပဲရှိသည်။ သူက ထိုကောင်မလေးကို လိုက်ပြတော့မှ ကျွန်တော် တော်တော်လေးကို ထိတ်လန့်သွား၏။ ကောင်မလေးက စံပယ်နှမလေး ခေတ်မျိုးစံ ဖြစ်နေသောကြောင့် ဖြစ်သည်။

သူ့ကိုတော့ အဲဒီကောင်မလေးသည် စံပယ့်နှမလေး ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့ပါ။ သူသိသွားလျှင် ဆက်မကြိုးစားဘဲနေမှာ ကျိန်းသေသည်။ သူကလည်း ဘယ်သူ့ကိုမှ မပြောဖို့ ကတိကိုတောင်းသည်။ မတောင်းလည်း သူ့ပုံစံကြောင့် ကျွန်တော်က ပြောမည်မဟုတ်ပါ။

"မင်းတစ်ယောက်တည်းပဲ သိပြီး မင်းတစ်ယောက်တည်းပဲ ကူညီစေချင်တယ်ကွာ"

"အေးပါကွာ ... မင်း သရဖီဆီသွားရင်းနဲ့ တွေ့တာလား"

"ဟာ ... မဟုတ်ဘူးကွ၊ ငါတွေ့တာက မာလာထိပ်က ဝက်သားတုတ်ထိုးဆိုင်မှာ မနှစ်ကတည်းက တွေ့တာ"

"ဟေ ... ဒါဆို ကြိုက်နေတာ ကြာပြီပေါ့"

"အေး ... မနှစ်ကတည်းက ငါ မင်းကို တမင်ဖွင့်မပြောတာ"

"ဘာဖြစ်လို့လဲ၊ သတင်းပေါက်ကြားမှာ စိုးလို့လား"

"အေး ... အဲဒါလည်း ပါတာပေါ့၊ ဒါပေမဲ့ အဓိကတော့ မဟုတ်ဘူးကွ၊ အဓိကက ..."

သူ ပြောမလိုလုပ်တော့ မျက်နှာက နီရဲသွားတာ မြင်ရသည်။ ဘာပါလိမ့်ဟုပင် သွားတွေးမိသေးသည်။

"အဓိကကို မပြောတော့ပါဘူးကွာ၊ မင်း ဘာမှမဖြစ်ဘူး မဟုတ်လား"

"မဖြစ်ပါဘူး၊ မပြောချင် မပြောနဲ့ပေါ့ကွ"

ဒီလိုနှင့် ကျွန်တော်က သူ့ကို ခေတ်မျိုးစံကိုလိုက်ဖို့ အကူအညီပေးရသည်။ အကူအညီဆိုတာကလည်း သူကော်ရစ်တာက သွားသွားကြည့်တာကို အဖော်လိုက်ပေးရခြင်း ဖြစ်သည်။ သူ ဘောင်းဘီဝတ်ကျင့်တာ မိစံကြောင့်ဟု သူက ဖွင့်ပြောရင်းက –





"ထူးပါဘူးကွာ၊ ငါ အဓိကကိစ္စကိုပါ ပြောပြမယ်၊ ငါ မိစံကို ကြိုက်ပေမယ့် မင်းတို့ကို ဖွင့်မပြောတာ အဓိကကက မိစံက ဟိုဟာကြီးလို့ကွ"

"ဟိုဟာ ... ဘာလဲကွ"

"ဟိုဟာလေကွာ၊ မင်းကလည်း ... တင် ... ပါး"

ကျွန်တော် မရယ်မိအောင် တော်တော်လေးကို ထိန်းလိုက်ရသည်။

"အဲဒါကွာ အဲဒါကြီး‚ကြီးတော့ ငါကြိုက်တာကို အဲဒါကြီး ကြီးလို့‚လို့ မင်းတို့က ..."

"ဟော့ကောင် ... တော်တော့ကွာ၊ မဟုတ်တဲ့ဟာကို ခွီးပဲ"

ဒီလိုနှင့် ဒီကောင်က မိစံဆီ နေ့စဉ်နီးပါး သွားကြည့်လာသည်။ ကျွန်တော် အဖော်ရှိသဖြင့် ဒီကောင် သတ္တိရှိနေပုံလည်း ရသည်။ မိစံကို ကော်ရစ်တာမှာတွေ့ရင် နှုတ်မဆက်ဖို့ကိုလည်း မှာထားရသည်။ စံပယ်ကတော့ အားရပါးရ ရယ်လေသည်။

"နင်ကလည်း မဖြစ်နိုင်တဲ့ အကြောင်းကို မတားဘူးလားဟယ်၊ မိစံက ရည်းစားတွေထားတာ ကိုးယောက်လောက်တောင် ရှိနေပြီ"

"တားလည်း ရမှာမှ မဟုတ်တဲ့ဟာကို၊ နင် ပြောပြထားတော့ မိစံက စိတ်ဝင်စားပြီး ကြည့်တာကို သူ့တော်တော်သဘောကျနေတာဟ၊ သူက ငါ့ကို ရင်ဖွင့်တာတော့ မိစံက သူ့အချစ်ဦးတဲ့၊ ရလိမ့်မယ်ပဲ ထင်နေတာပဲ၊ ရယ်ရတယ်ဟာ"

"သူလိုလူမျိုးက ဖြစ်လိုက်ရင် ဒီလိုပဲနေမှာပါဟာ၊ မိစံက သူ့ကို စချင် နောက်ချင်နေတာပါ၊ ငါ မနည်းတားထားရတာ"

အဲဒီနေ့ကတော့ မိုးက တစ်မနက်ခင်းလုံး ရွာနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညကတည်းက စွေသောမိုးသည် တစ်မနက်ခင်းလုံး တအိအိနှင့် စီးပွားပျက်ရုံ လုပ်နေသည်။ ကန်တင်းထဲမှာ တိုးတိုးဖွေ့ဖွေ့ဆိုတော့ မိုးရန့်ကို ပိုရှုရနေသည်။ ကျွန်တော်တို့အဖွဲ့ထဲက လက်တွေ့ရှိသူတွေက ထကြသည်။ ကျွန်တော်ကတော့ အတန်းမတက်တော့။ ကန်တင်းပဲထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ခဏတော့လိုက်ခဲ့ပါ ရဲဝင်းရာ၊ အညောင်းပြေ သဘောထားပေါ့၊ ငါ မင်းနဲ့ တစ်နေ့လုံးနေဆို နေပေးပါ့မယ်"

ဦးမောင်၏ လက်ဖက်ရည်ဖျော်ခန်းထဲဝင်၊ ရေစိုနေတဲ့လုံချည်ကို အသစ်လဲပြီး ပြန်ထွက်လာရင်း ကျွန်တော့်ကို ခေါ်နေသော ထွန်းကျော်ကို ကြည့်ပြီး ကျွန်တော် ပြုံးမိသည်။ မိုးတွင်းမှာ ထွန်းကျော်လုံချည်နှင့် ပတ်သက်၍ စီစဉ်ထားပုံကလေး တစ်ခုရှိသည်။ ထွန်းကျော်က ဦးမောင်ဆိုင်က ကောင်လေးတစ်ယောက်ကို ဆိုင်မှာ သူအပ်ထားသော ပုဆိုးနှစ်ထည်ကို မိုးတွင်းကျလျှင် အမြဲလျှော်ထားစေသည်။ အိမ်မှကျောင်းသို့အလာ လမ်းတွင် မိုးမိ၍ လုံချည်ရေစိုလာလျှင် လျှော်ပြီး မီးပူတိုက်ထားသော ပုဆိုးအသစ်နှင့် လဲဝတ်သွားသည်။ ကျောင်းထဲမှာ မိုးထပ်မိပြီး လဲထားသော ပုဆိုး စိုသွားလျှင် ဒုတိယပုဆိုးကို ကျောင်းအပြန်တွင် လဲဝတ်သွားလေ့ရှိသောကြောင့် မိုးရာသီတွင် ပုဆိုးအပို နှစ်ထည်ဖြင့် ထွန်းကျော် သားနားခြောက်သွေ့နေတတ်သည်။

ကော်ရစ်တာကိုရောက်တော့ ထုံးစံအတိုင်း ရေစိုနေသော ကော်ရစ်တာမှာ သွားရပ်တော့ မိစံက ထုံးစံအတိုင်း တစ်ချက်ကြည့်ပြီးတော့ စာကိုပဲ ကြိုးစားသင်သလို လုပ်နေလေသည်။

မိနစ်အစိတ်လောက် ရပ်ပြီးတော့ မနက်ခင်း အတန်းလွှတ်ဘဲလ်





သံက ထမြည်သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရမလို ဖြစ်သွားတာက ဘဲလ်အတီး၊ တစ်မနက်လုံး အီနေသည့်မိုးက လေတိုးဆောင့်တိုက်ချလိုက်ပြီး တဝေါဝေါ ထိုးအရွာ အတန်းထဲက ကျောင်းသားတွေက အလွှတ် သွားတိုက်ဆိုင်လိုက်ခြင်း ဖြစ်၏။

ကော်ရစ်တာသို့ အားနှင့်ပြေးဝင်သော မိုးစက်များကြောင့် ကျောင်းသားတွေ အပြေးအလွှားတိုး၍ စာသင်ခန်းဘက် ပြေးကပ်အရပ်တွင် –

ကျောင်းသူကလေး သုံးယောက်အုပ်စုကို ခန္ဓာကိုယ်တိမ်း၍ ရှောင်လိုက်သော ထွန်းကျော်သည် ရေပါးပါးကလေး တင်နေသော ကော်ရစ်တာ သမံတလင်းပေါ် ချော်၍ စကိတ်စီးသူလို လွင့်ထွက်သွားပြီး ပစ်လဲကျသည်။

ကျောင်းသားတွေ 'ဟာ' ခနဲ ဝိုင်းအော်ပြီး ကြည့်လိုက်ကြသည်။

ထိုရေအရှိန်နှင့် ချောထွက်သွားသော ထွန်းကျော်၏ လုံချည်သည် ရေစိုနေသော ကော်ရစ်တာ သမံတလင်းတွင် ကပ်၍ကျန်ရစ်ခဲ့ပြီး ထွန်းကျော်သည် မြေပဲတောင့်ထဲမှ မြေပဲဆန်လွတ်ထွက်သွားသလို တစ်ထွေးကြီး လွတ်ထွက်သွားသဖြင့် 'ဝေါ' ခနဲ ဝိုင်းရယ်လိုက်ကြသံကြီးက အပြင်က မိုးသံကို ကျော်၍သွားလေသည်။

သမံတလင်းနှင့် မိုးရေကြောင့် ခြေငါးလှမ်းစာလောက် ရောက်သွားသော ထွန်းကျော် ကုန်းရုန်းထသည်။ ကံကောင်းချင်တော့ ထွန်းကျော်မှာ အောက်ခံဘောင်းဘီက ပါပါသည်။ သို့သော် ထွန်းကျော် ဝတ်ထားသော အောက်ခံဘောင်းဘီက ပန်းနုရောင် ဇာနားကလေးတွေ တပ်ထားသော မိန်းကလေးဝတ် အတွင်းခံဘောင်းဘီ ဖြစ်နေကြောင်း အားလုံးတွေ့လိုက်ကြသဖြင့် အားရပါးရ အော်လိုက်ကြသော 'ဟေး' ခနဲ အသံကြီးမှာ Eco



www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်တာတစ်လျှောက်လုံး နှစ် ၈၀ အတွင်း အကျယ်ဆုံး ဖြစ်လေသတည်း။

* * *

ထွန်းကျော်နှမလေးက ရှက်လွန်းသည်ဟုဆိုကာ အီကို တတိယနှစ်မှ စာပေးစာယူသို့ ပြောင်းသွားသည်။

ထွန်းကျော်ကတော့ ကျောင်းလည်းဆက်မတက်၊ ဘွဲ့လည်းမယူတော့ဘဲ စက်ရုံပွသို့ ထွက်သွားခဲ့သည်။

ကျွန်တော်ကတော့ အီကိုကော်ရစ်တာမှာ ကြားခဲ့ရသော အသံကြီးသုံးသံကို အခုလို မှတ်တမ်းတင်သူ ဖြစ်လာလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဘောလုံးကန်တဲ့ ပုဏ္ဏား

လူ ၇၀ ကျော်နီးပါး 'ဂိုး' လို့ အားရပါးရ အော်လိုက်တဲ့ အသံကြောင့် လက်ဖက်ရည်ဆိုင်ဟာ တုန်ထွက်သွားပြီးမှ အဲဒီအသံဟာ တိတိရိရိကြီး ဖြတ်အချခံလိုက်ရသလို ဖြစ်သွားပြီး စိတ်ပျက်အားလျော့လို့ တစ်ယောက်တစ်ပေါက် စကားပြောသံတွေနဲ့ လက်ဖက်ရည်ဆိုင်က ဆူညံသွားပါတယ်။

ဘောလုံးပွဲက မြန်မာတစ်နိုင်ငံလုံး ကြိုက်တဲ့ မန်ယူနဲ့ ပရီးမီးယားလိဂ်ရဲ့ ရမှတ်နည်းနေတဲ့ အောက်ဆုံးအသင်းမှာပါတဲ့ ဘော်လ်တန်အသင်းနဲ့ပါ။ တစ်နိုင်ငံလုံးက အကြိုက်များကြတဲ့ အင်္ဂလန်ထိပ်သီးအသင်း မန်ချက်စတာ ယူနိုက်တက်အသင်းဟာ ပြီးခဲ့တဲ့ FACUP ရှုံးထွက်ပွဲစဉ်မှာ သူ့ထက် ဘောလုံးအင်အားနည်းတဲ့ ပို့စ်မောက်အသင်းကို (၁:၀) နဲ့ ရှုံးပြီး FAဖလားကနေ ထွက်ခဲ့ရတဲ့ ဖိအားရှိနေပါတယ်။ အဲဒီပွဲမှာ မန်ယူအသင်း





ဟာ အခုလိုပဲ ဂိုးတွေ တဒိုင်းဒိုင်း သွင်းနေပြီးတော့ အသည်းယားစရာ တို့ကနန်း ဆိတ်ကနန်းကလေးတွေ လွဲချော်ပြီးတော့ တစ်ဖက်အသင်းကို ဂိုးမသွင်းနိုင်လို့ စိတ်ဓာတ်ကျချိန်မှာ တစ်ဖက်က ထိုးဖောက်လာတဲ့ ဂိုးဝင်လုနီးပါး ဘောလုံးကို ဂိုးသမားက အတင်းဖျက်ရတာက ဂိုးသမား အနီကဒ်ပြခံရပြီး ထွက်ရ၊ ပိုင်နက်တီလည်း အပေးခံရပြီး အဲဒီတစ်ဂိုးတည်းနဲ့ ရှုံးပြီး ထွက်ခဲ့ရတာပါ။

အခုလည်း အဲဒီပွဲလိုပဲ ဂိုးတွေ တဒိုင်းဒိုင်းသွင်းပြီး ပွတ်ကာသီကာ လွဲချော်နေတော့ ကြည့်ရတဲ့ ပရိသတ်တွေအားလုံး ခြေထောက်တွေ မြှောက်လိုမြှောက် ခါးတွေ ကွေးလိုကွေးတွေ ဖြစ်ကုန်တာပေါ့။ မချင့်မရဲအော်သံတွေ ထွက်နေတာပေါ့။

မန်ယူရဲ့ အကောင်းဆုံး ရှေ့တန်းတွေဖြစ်တဲ့ ဂစ်၊ ရှွန်းနီ၊ ရော်နယ်လ်ဒိုတို့ အပိုင်တွေ ကန်သွင်းခွင့်ကနေ ဂိုးတွေဖြစ်မလာခဲ့၊ လွဲချော်မှုတွေ အားလုံးက စိတ်ပျက်စရာကောင်းလောက်အောင် မဖြစ်သင့်သည့် အခြေအနေမျိုး ဖြစ်နေသည်။ ထိရုံ၊ တို့ရုံ၊ ခြေထောက်ကလေး ဆန့်ထုတ်လိုက်ရုံ၊ ခေါင်းကလေး ငဲ့လိုက်ရုံ စသဖြင့် အလွယ်ကလေးတွေကို လွဲနေကြခြင်း ဖြစ်သည်။

ဒါကြောင့် ကြည့်သည့်ပရိသတ်တွင်မက ကန်သော ဘောလုံးသမားများပင် စိတ်ဓာတ်ကျလာကြသည့်ပုံစံမျိုး ဖြစ်လာနေပြီး ရော်နယ်လ်ဒိုကိုယ်တိုင် သူ့ကိုယ်သူ ဒေါသဖြစ်နေတာကို ကင်မရာသမားက ရအောင် ရိုက်ထားလိုက်နိုင်ပါသည်။

ဘောလုံးက ဘောလ်တန်ရဲ့ ကွင်းတစ်ဝက်တိတိကို ရောက်နေပြီးတော့ ဂိုးဧရိယာထိပ်မှာ ကြိုးစားမှု အကြိမ်ကြိမ်၊ ကပ်လွဲမှု အကြိမ်ကြိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပရိသတ်ရဲ့ 'ဟာနဲ့ ဟင်' က တစ်ပြိုင်နက်တည်း တစ်သံတည်း တက်၊ တစ်သံတည်းကျနေပုံက အော်ခတ်စတြာ ဝိုင်းတစ်ဝိုင်းရဲ့ Hermonica တွေလို ဖြစ်နေပါတယ်။

ချော်လဲနေရာက ထလာတဲ့ ရော်နယ်လ်ဒိုက သူ့နားထင်ကို သူ လက်နှစ်ဖက်နဲ့ဖိ၊ မျက်နှာက စိတ်ဓာတ်ကျလို့ ရှုံ့မဲ့ပြီး ခေါင်းခါရမ်းနေပုံက တော်တော့်ကို ဝမ်းနည်းစရာ ကောင်းနေပါတယ်။ အဲဒီအချိန်မှာ ဘောလုံးပွဲကြည့်နေတဲ့ အထဲက မိန်းမတစ်ယောက်က –

"ဒီလောက် တဒိုင်းဒိုင်း သွင်းနေတာတောင်မှ ကပ်လွဲနေတာ ဟိုဘက်က ဆေးဝါးတွေနဲ့များ လုပ်ထားလား မသိဘူး" တဲ့။

နိုင်ငံပေါင်းစုံက ဘောလုံးသမားတွေစုပြီး အင်္ဂလန်မှာ ကန်ကြတဲ့ ပွဲကို ဒီက မြန်မာမကလေးတစ်ယောက်က မြန်မာလိုတွေးပြီး မြန်မာလို စိတ်ပူလိုက်တာပါ။ အဲဒီအသံကိုကြားတော့ ကျွန်တော် ဘာရယ်မဟုတ်ဘူး၊ အသံကြားတဲ့နေရာကို တစ်ချက်လှမ်းကြည့်မိတယ်။ ပြီးတော့ တစ်ယောက်တည်းလည်း ကြိတ်ပြုံးနေမိတယ်။

ခဏနေတော့ ပထမပိုင်းပြီးလို့ ဂိုးမရှိသရေနဲ့ပဲ နားနေချိန်မှာ ဘောလုံးကြည့် ပရိသတ်တွေအားလုံးက ဂိုးလွဲကြတဲ့ အကြောင်းကို မကျေမနပ်နဲ့ တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။ ကျွန်တော်လည်း ခုနက ကြားလိုက်ရတဲ့စကားကို ပြန်ကြားလိုက်မိပြီး ကျွန်တော့်စိတ်တွေက ဟိုးလွန်ခဲ့တဲ့ နှစ် (၂၀) နီးပါးက ကျွန်တော့် လူငယ်ဘဝ ဘောလုံးပွဲတစ်ပွဲကို ပြန်ပြီး သတိရစေပါတယ်။

အခုပွဲမှာ မန်ယူကနိုင်သွားရင် သူ့ထက် အမှတ်နှစ်မှတ်ပဲအသာနဲ့ ထိပ်ကိုရောက်နေတဲ့ အာဆင်နယ်ကို ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ရဲ့





ထိပ်ဆုံးကို ရောက်သွားမှာဖြစ်လို့ ဒီပွဲဟာ အရေးအကြီးဆုံးဖြစ်သလို ကျွန်တော်တို့ ကြုံခဲ့ကြတဲ့ ဘောလုံးပွဲကလည်း အရေးကြီးတဲ့ပွဲပါပဲ။ ကျွန်တော် ငယ်ငယ်တုန်းက ကြုံခဲ့တဲ့အသင်း အရေးကြီးပုံကလည်း အဲဒီလိုပါပဲ။

ဖြစ်နေပုံကလေးက ဒီလိုပါ။

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

မြင့်မောင်ရဲ့ စကားသံကြောင့် ကျွန်တော်တို့ရဲ့ ကြိတ်ကြိတ်တိုးတိုး စကားဝိုင်းဟာ အသံယတိပြတ်ကြီးနဲ့ ရပ်သွားတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မကြည့်ကြဘဲ စဉ်းစားချင်တာ စဉ်းစားနေတဲ့ ပုံစံမျိုးတွေ လုပ်ထားကြတယ်။ တကယ်တော့လည်း တွေးသာတွေးနေတာပါ။ အဖြေက ရှိတာမဟုတ်ပါဘူး။

"ကိုယ့်ထက်တော်လို့ နိုင်သွားရင် နိုင်စမ်းပါစေကွာ၊ ဒါမျိုးကတော့ ..."

"အေး ... ငါကတော့ ယုံကိုယုံချင်တာ ကိုဗရာ"

"အဲဒီလို မပြောနဲ့ကွ၊ သဲကုန်းနဲ့ ကန်တဲ့နေ့က ဘောလုံးက ဂိုးတိုင်အလယ်မှာရပ်ပြီး လည်နေတာ မတွေ့ဘူးလား၊ ကန်တာက ကိုတိုးကြီး ကန်တာကွ၊ နည်းတဲ့အရှိန်ကြီးလား"

"အေးလေ ... ဘောလုံးက ရွှံ့တွေနဲ့ နှစ်နေတာမဟုတ်လား၊ ဂိုးသမားလည်း လဲနေပြီကွာ၊ ကဲ ..."

ဝိုင်းက တစ်ခါပြန်တိတ်သွားပြန်သည်။ တစ်ခါတလေလည်း သူတို့ပြောနေတဲ့ စကားတွေက ယုံတာကို ပြောနေတာလား၊ မယုံတာကို ပြောနေတာလားဆိုတာ မသဲကွဲတော့ပါဘူး။ တစ္ဆေ၊ သရဲဆိုတာ ရှိ မရှိ မသေ



www.burmeseclassic.com

www.burmeseclassic.com



ချာမှတော့ သူတို့ရဲ့ ယုံကြည်မှုကလည်း ရှိ မရှိဆိုတာ ဇဝေဇဝါပေါ့။

“တစ္ဆေဆိုတာ ရှိချင်လည်း ရှိမယ်ကွာ၊ ဒါပေမဲ့ ဘောလုံးကန်နိုင်လောက်အောင်တော့ … ကျွတ် … မဖြစ်နိုင်ဘူးကွာ”

“ကဲ … ဒါဆို မြအေး အဲဒီနေ့က အမဲသားလေးပိဿာ ဝယ်သွားတာ ဘယ်နှယ့်လုပ်မလဲ”

“သူတို့ ဘောလုံးပွဲနိုင်လို့ ချက်စားတာဆို”

“ငါတော့ မယုံဘူးကွာ”

“ဘာလဲ၊ တစ္ဆေကိုလား”

“မဟုတ်ဘူး၊ သူတို့ ချက်စားတယ်ဆိုတာကို မယုံတာ”

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြမိပြန်ရော။ ကျွန်တော်တို့ ပြောနေတာက ကျွန်တော်တို့ရဲ့ ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲအကြောင်း ပြောနေကြတာပါ။ အဲဒီအချိန်တုန်းက ပြည်နယ်နဲ့တိုင်း ဘောလုံးပွဲတွေက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆို နာမည်ကြီးဆိုတော့ ကျွန်တော်တို့ ရပ်ကွက်ပေါင်းစုံ ဘောလုံးပွဲတွေကလည်း ပြည်သူလူထုနဲ့ နီးနီးကပ်ကပ်ရှိလို့ နာမည်ကြီးခဲ့ပါတယ်။

အဲဒီလို နာမည်ကြီးတဲ့ထဲမှာမှ ကျွန်တော်တို့ မြို့နယ်တွင်းမှာရှိတဲ့ ရပ်ကွက်တွေက ပြိုင်ဆိုင်မှု အင်အားကြီးလွန်းလို့ အနီးအနားရွာတွေ မြို့နယ်တွေကတောင်မှ ရပ်ကွက်ကောင်းတွေ ဆုံပြီဆိုရင် စက်ဘီးတွေ၊ ဆိုင်ကယ်တွေနဲ့ လာကြည့်ကြပါတယ်။

နာမည်ကြီးတဲ့ထဲမှာတော့ ဘုရားကြီးရပ်ကွက်က ထိပ်ဆုံးကပါ။ ဘုရားကြီးရပ်ကွက် နာမည်ကြီးရတာက အစဉ်အလာကြောင့်လည်း ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ရပ်ကွက်ပေါင်းစုံ ကန်ကြရတဲ့





မြို့နယ်ဥက္ကဋ္ဌဒိုင်း ကျင်းပတဲ့ကွင်းက ဘုရားကြီးရပ်ကွက်ဘေးမှာ ရှိနေတာလည်း ပါပါတယ်။ ကျွန်တော်တို့ရပ်ကွက် အပါအဝင် ကျန်တဲ့ ရပ်ကွက်တွေအားလုံးက ဘုရားကြီးရပ်ကွက်ကို ဖြတ်ပြီးမှ အဲဒီဘောလုံးကွင်းကို ရောက်ကြရပြီး ဘုရားကြီးကတော့ အိမ်ဘေးကို ထွက်လိုက်ရုံပဲ ရှိတာပေါ့။

ဒီတော့ ဘုရားကြီးအသင်းဟာ ဘယ်ရပ်ကွက်နဲ့ပဲ ကန်ရကန်ရ အိမ်ကွင်းလိုဖြစ်နေပြီး ကျန်တဲ့ရပ်ကွက်တွေ အားလုံးက အဝေးကွင်းလို ဖြစ်နေပါတယ်။ ဘောလုံးကစားတဲ့နေရာမှာ ပရိသတ်ကလည်း စကားပြောတယ် မဟုတ်လား။ သူတို့က အိမ်ဘေးထွက်လိုက်တာနဲ့ ဘောလုံးကွင်းမို့ သူတို့ဘက်က ပရိသတ်က ကလေးရော၊ ခွေးရော၊ မိန်းမတွေရော ဆိုပါတော့။

ရပ်ကွက်တော်တော်လေးကျယ်တဲ့ လှစင်ရွာတောင်မှ အများဆုံးလာနိုင် လူတစ်ရာကျော်ပေါ့။ သူတို့က လမ်းမလျှောက်နိုင်တဲ့ သက်ကြီးရွယ်အိုကလွဲလို့ အားလုံးအားလုံး ကွင်းထဲမှာရောက်နေတာ၊ ဘောလုံးပွဲရှိလို့ လုံလောက်တဲ့ အကြောင်းပြချက်မရှိဘဲ အိမ်မှာနေခဲ့ရင် သစ္စာဖောက်လို့ကို သူတို့ကိုယ်သူတို့ ထင်ကြတာ။ ဒီတော့ ရန်ပွဲတွေ ရိုက်ပွဲတွေဖြစ်ရင်လည်း သူတို့ပဲ အသာစီးရတာ များပါတယ်။

ဘုရားကြီးရွာမှာက ဘောလုံးကွင်းတင် မဟုတ်ဘူး။ ကျွန်တော်တို့ ရွာတွေအားလုံးရဲ့ တန်ခိုးကြီးဆံတော်ရှင်ဘုရားကလည်း ရှိသေးတယ်။ ပြီးတော့ အားလုံးရဲ့ နောက်ဆုံးနားနေရာ သင်္ချိုင်းကလည်း ရှိသေးတယ်။ ဘောလုံးကွင်း တည်နေပုံကိုက တောင်ဘက်ဂိုးစည်းမှာ ဘုရားရှိပြီး မြောက်ဘက်ဂိုးစည်းမှာ သင်္ချိုင်းရှိနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကွင်းရှိတော့ အချိန်မရွေး ဘောလုံးကန်နိုင်လို့ ဘောလုံးသမားကောင်း ထွက်တာရယ်၊ အိမ်ကွင်းမို့လို့ ပရိသတ်အင်အား ကောင်းတာရယ်အပြင် ဘုရားရော သင်္ချိုင်းပါရှိလို့ ယတြာကောင်းတယ်လို့ပါ နာမည်ကြီးနေတော့ ဘုရားကုန်းနဲ့တွေ့ရင် သွားပါပြီကွာဆိုတာက အရင်ဖြစ်ကုန်တော့ ဒိုင်းက နှစ်တိုင်း ဘုရားကြီးအတွက်ပဲ ဖြစ်နေတာပေါ့။

ဒိုင်းတင်မကဘဲ အကောင်းဆုံး ဘောလုံးသမားရော၊ အကောင်းဆုံး ဂိုးသမားရော၊ ဂိုးအများဆုံးသွင်းတဲ့ ရွှေဖိနပ်ဆုရောက ဘုရားကြီးကချည်းပဲ ဖြစ်နေလို့ ကျန်တဲ့ ဇီးဖြူတို့၊ ယင်း တိုက်တို့၊ သဲကုန်းရပ်ကွက်တို့က ဆတ်ဆတ်ခါနာပေါ့။ ကျွန်တော်တို့ သဖန်းပင်စုကတော့ အိမ်ခြေကလည်း နည်း၊ လူနေကလည်းကျဲဆိုတော့ ရန်ပုံငွေအားကလည်း သိပ်မရှိလို့ အုပ်စုပွဲနဲ့ ပြန်ချင်ပြန်၊ ဒါမှ အလွန်ဆုံးရှိ ရှုံးထွက်အထိပေါ့။ ကွာတားတို့၊ ဆီမီးတို့ဆိုတာက ကျွန်တော်တို့ ရွာအတွက်က နိဗ္ဗာန်ရောက်ဖို့ နီးပါးလောက် ရောက်ဖို့ခက်နေတဲ့ နေရာပါ။

တစ်နှစ်တော့ ကျွန်တော်တို့ အုပ်စုပွဲကနေ ကံကောင်းပြီးလွတ်၊ ရှုံးထွက် ၁၆ သင်းမှာ.ကံစွတ်ပြီးနိုင်လို့ ကွာတား ၈ သင်းထဲကို ရောက်ခဲ့ဖူးတယ်။ အဲဒီအချိန်မှာ ဘုရားကြီးက ကျော်ဦးက (၉)ဂိုးနဲ့ ဂိုးအများဆုံးဆုကို ချိန်နေပြီး ရှစ်သင်းထဲက ဂိုးအများဆုံး သွင်းထားတဲ့သူက မောင်လှဆိုတဲ့ ထန်းတက်ကုလားလေး။ လေးပင်စုက။ ဒီတော့ လေးပင်စုက ကျွန်တော်တို့ကို လာညှိတယ်။ ကျွန်တော်တို့က အရှုံးလည်းပေးရမယ်။ ဂိုးလည်း များများအသွင်းခံရမယ်။ တန်ကြေးကတော့ ကျွန်တော်တို့ဆီက ကာလသားတွေ ထန်းရည် စိတ်ကြိုက်သောက်ပေါ့။

ကျွန်တော်တို့ ရပ်ကွက်က ဒီအတိုင်းကန်လည်း လေးပင်စုကို





မနိုင်ပါဘူး။ လေးပင်စုနဲ့ သဲကုန်းဟာ ဘုရားကြီးပြီးရင် အကောင်းဆုံးအသင်းတွေ မဟုတ်လား။ ဒီတော့ သဲကုန်းကညှိတာကို လက်ခံလိုက်တယ်။ အဲဒီနှစ်က ဂိုးအများဆုံးသွင်းတဲ့ ဘောလုံးသမားက လေးပင်စုမောင်လှ ဖြစ်သွားတယ်။ ကျွန်တော်တို့က (၁၀)ဂိုး အသွင်းခံတဲ့ထဲမှာ မောင်လှကို (၈)ဂိုးတိတိ ပေးသွင်းခံလိုက်တာကိုး။ ဒီတော့ ဘုရားကြီးက ကျွန်တော်တို့ကို သဖန်းပင်စုလို့ မခေါ်တော့ဘဲ တစ်ဒါဇင်စုလို့ ခေါ်လို့ ဘုရားပွဲမှာ ရိုက်လိုက်ကြတာ ဘုရားပွဲရက်စောပြီး ပိတ်ပစ်ရတဲ့အထိပဲ မဟုတ်လား။

အခုနှစ်မှာလည်း လောကကြီးရဲ့ မမြဲတဲ့သဘော၊ ပြောင်းလဲတဲ့သဘော၊ ဗိုလ်မထားတဲ့ သဘောအရ ကျွန်တော်တို့နဲ့ မြစ်ကွေ့နှစ်ရွာဟာ လူငယ်ခြေတက်တွေနဲ့ တော်တော်ကြီးကို တက်လာကြတယ်။ ကျွန်တော်တို့ ရွာဘေးကနေပြီး ရန်ကုန်၊ မန္တလေးလမ်းကို သွားဆက်တဲ့ ကားလမ်းမဖောက်လိုက်တော့ ကျွန်တော်တို့ရပ်ကွက် တအားစည်ကျသွားတာလည်း ပါတာပေါ့လေ။ ဘောလုံးအတွက် ဖန်ငွေကလည်း အားကောင်းလာတယ်ဆိုပါတော့။

ဘုရားကြီးကတော့ နာမည်ရှိတဲ့ လူတွေချည်းပဲ။ နေရာလက်ဝါးကြီး အုပ်ထားတာကြောင့် လူဟောင်းခြေကျတွေနဲ့ ရုန်းရတဲ့နှစ်ပါ။ တစ်ပွဲမှ ပြတ်ပြတ်သားသားဆိုတာ မရှိဘဲ လိမ်ဖယ်လိမ်ဖယ်နဲ့ တက်လာတာပါ။ အုပ်စုပွဲမှာဆိုရင် ပြုတ်ရမှာကနေပြီးတော့ (ကျန်တဲ့နှစ်သင်းက အနိုင်အရှုံးမကစားလိုက်လို့) ထိပ်နှစ်သင်း သရေကျတာနဲ့ ပေးရဂိုးနည်းတာနဲ့ တက်လာခဲ့တာ။ (၁၆)သင်းမှာ သဲကုန်းကို (၁:၀)နဲ့ နိုင်ပြီး ခု ကျွန်တော်တို့ သဖန်းနဲ့တွေ့မှာ။ ကျွန်တော်တို့ကလည်း ဒီနှစ်မှ ဗိုလ်လုပွဲမရောက်ရင် နောင် အနှစ် (၂၀) ပြန်စောင့်ဆိုတာမျိုးဆိုတော့ ဘုရားကြီးကို အနိုင်



www.burmeseclassic.com

www.burmeseclassic.com



တီးမှ ရတော့မှာကိုး။

အဲဒီမှာ သူတို့ဘက်က အောက်လမ်းနဲ့ ဂိုးတိုင်တွေမှာ တစ္ဆေ အစောင့်ချထားတယ်ဆိုတဲ့ သတင်းထွက်လာတာပဲ။ ဘောလုံးနဲ့ တစ္ဆေ ဘာမှမဆိုင်ပေမယ့် သူတို့ဘက်မှာ သချိုင်းရှိနေတာကိုက ကျွန်တော်တို့ရဲ့ စိတ်ကို တွေဝေစေတာပါ။ ထိတ်လန့်စေတာပါ။

အုပ်စုပွဲမှာ လိမ်ဖယ်ဖယ်နဲ့ တက်လာတာလည်း ဒီတစ္ဆေကြောင့် လို့ နာမည်ကြီးနေပြန်ရော။ ဒါကြောင့်မို့ ပိန္နဲကုန်းနဲ့ သာယာအေးတို့ ဂိုးမရှိသရေကျပြီး ပိန္နဲကုန်း ထွက်သွားရတာလို့ ဆိုလာတယ်။ ပြီးတော့ သူတို့ဂိုးမှာ ချထားတဲ့တစ္ဆေက တခြားလူမဟုတ်ဘူး။ သူတို့ရွာက ဂိုးသမားကြီး ဒေးဗစ်တဲ့။ ဒေးဗစ်ရဲ့အဖေက အင်္ဂလိပ်စစ်စစ်ပဲ။ ဒီရွာမှာ တပ်ခဏစွဲရင်း မလှစိန်နဲ့ ညားပြီးတော့ ဒေးဗစ်ကိုမွေးတာ။ ဒေးဗစ်က အရပ် (၆) ပေကျော်။ ရုပ်က တကယ့်အင်္ဂလိပ်ရုပ်၊ ဘုရားကြီးမှာ ဂိုးသမား လုပ်ရင်းက လယ်ထဲမှာ ပိုးထိပြီးသေတာ။ ဒေးဗစ်အစိမ်းသေကို ဆရာ တစ်ယောက်ခေါ်ပြီး ဂိုးမှာစည်းချထားတယ်လို့ကို ပြောတဲ့လူက တိုက်ရိုက် ပြောထားတာမို့ ယုံကြည်တဲ့လူက ယုံနေရတယ်။

ယုံလောက်အောင်ဖြစ်တဲ့ ကိစ္စတွေကလည်း ရှိနေတာကိုး။ ဒီနှစ်ရဲ့ ပွဲစဉ်တွေကို ပြန်ကြည့်ရင် ဘုရားကြီးအသင်းဟာ ပေးရဂိုး အရမ်းနည်း တယ် ဆိုတာကတော့ တော်တော်လေးကို သိသာထင်ရှားနေပါတယ်။ ပေးရဂိုးနှစ်ဂိုးပဲ ရှိတယ်။ နောက်တစ်ချက်က ဘောလုံးပွဲမစခင်မှာ သူတို့ လုပ်ကြတဲ့ အပြုအမူတွေပါပဲ။

သူတို့က ဘောလုံးပွဲမစခင်မှာ ကွင်းထဲကို ဝင်ခွင့်ရတဲ့ ဘောလုံး သမားတွေအားလုံးက ဂိုးတိုင်နှစ်တိုင်ကို သေသေချာချာ ရှိခိုးကြတာပါပဲ။





အသင်းခေါင်းဆောင် ကိုမဲ့ကြီးဆိုရင် ဆုတောင်းရင်း ကန်တော့တာ ငါး မိနစ်လောက်ရှိမယ်။ ပြီးတော့ ခေါင်းကိုငုံ့ပြီး ဂိုးတိုင်ကို ဖက်ထားတာ လည်း အကြာကြီးပဲ။ ဂိုးသမား ဖျံလေးကလည်း ဒီလိုပဲ။ အဲဒီလို ဂိုးတိုင် ကို တစ်ယောက်သွားကန်တော့တိုင်း သူတို့ပရိသတ်က ‘ဟေး’ ‘ဟေး’ နဲ့ အော်ပြီး လက်ခုပ်ညီညီညာညာ တီးပေးကြပါတယ်။

ဒီတော့ ပြိုင်ဘက်အသင်း ပရိသတ်ကလည်း အဲဒီအပြုအမူကို ဆန့်ကျင်တဲ့စကားတွေကို အော်ကြတယ်။ အဲဒီလိုနဲ့ပဲ ပွဲပြီးသွားတော့ လူ အရ မယှဉ်နိုင်တဲ့ ဘုရားကြီးအသင်းကပဲ တစ်ဂိုးလောက်နဲ့၊ ဒါမှမဟုတ် တစ်ဂိုးတည်းနဲ့ ကပ်ကပ်နိုင်ပြီး ရှေ့ကိုတက်သွားတော့ အဲဒီအပြုအမူဟာ ပြိုင်ဘက်အသင်းကို စိတ်ဓာတ်ရေးရာအရ ကောင်းကောင်းလေး လွှမ်းမိုး နိုင်တယ်ဆိုတာ ကျိန်းသေနေပါတယ်။

အဲဒီအတွက် ကျွန်တော်တို့ဘက်က လူကြီးတွေက ကျွန်တော်တို့ ဘောလုံးသမားတွေ စိတ်ဓာတ်ရေးရာအရ ပြန်အသာစီးရအောင် သက်သတ် လွတ် စားခိုင်းတာတို့၊ ဘောကန်ဖိနပ်ထဲမှာ သြဇာရွက်တွေ ထည့်ထား တာတို့၊ လည်ပင်းမှာ ဘုရားသေးသေးကလေး ဆွဲတာတို့၊ မီးကွင်းသလို ဂိုးတိုင်ကို ဘောလုံးကွင်းအောင် ငုံးမင်းဂါထာ ရွတ်တာတို့တွေ လုပ်လာ ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့က မကျေနပ်ကြပါဘူး။

အချင်းချင်း တိုင်ပင်ကြပြီးတော့ ရွာဦးကျောင်းက ဆရာတော့်ကို သွားလျှောက်တော့ –

“အိမ်း ... ခက်တာကလည်း ဝိဉာဉ်လောကဆိုတာက ဘုရားဟော အရကာ ရှိတယ်ဆိုတာကိုးကွယ့်၊ သို့ပေမယ့် လူတစ်ယောက်နဲ့ တစ်ယောက် က ဂုဏ်ချင်း၊ သိက္ခာချင်း၊ ကံချင်းက ခြားလေတော့ကာ အနေ့အယုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ဖို့တို့၊ ကူညီဖို့တို့ဆိုတာကတော့ ခက်တော့ ခက်သားကလားကွဲ့၊ အိမ်း ... ခက်တာပဲ"

"တပည့်တော်တို့က နတ်ကောင်းနတ်မြတ်နဲ့ သူတို့ရဲ့ အောက်လမ်းနည်းကို တားချင်တာပါဘုရား၊ တပည့်တော်တို့ ဆောင်ဖို့မဟုတ်ပါဘူးဘုရာ့"

"အဆောင်လိုဟာမျိုး လိုချင်တာပါဘုရား"

"အိမ်း ... ခက်ပြီ အိမ်း ..."

ဆရာတော်လည်း တော်တော်အခက်တွေ့တယ်နဲ့ တူပါရဲ့။ ခေါင်းချည်း ပွတ်နေတော့တာပဲ။ ခဏကြာတော့မှ တစ်ခုခုမရရင် မပြန်တော့ဘူးဆိုတာ သေချာသွားတဲ့ ကျွန်တော်တို့ကို ကြည့်ပြီး –

"အိမ်း ... ကိုယ်က ကောင်းအောင်လုပ်ဖို့ကတော့ ရှိတာပေါ့၊ ကိုင်း ... ယောဆရာတော်ကြီးဆီမှာရော၊ အေးချမ်းတိုက်၊ မဟာစည်ဆရာတော်ဘုရားထံမှာရော ... စတဲ့ ကိုယ်တော်တွေထံမှ ကိုးကြိမ်ကိုးခါ သိမ်ဝင်ထားတဲ့ ပုတီးတော့ရှိတယ်၊ အဲဒါတစ်လုံးစီ ဝေထားလိုက်ပေါ့"

"ဝမ်းသာလိုက်တာဘုရာ့၊ ဝမ်းသာလိုက်တာ"

"ပြီးတော့ ဘောလုံးသမားတွေကို ပရိတ်ရေတိုက်တာတို့၊ ပရိတ်ကြိုး ချည်ပေးတာတို့လည်း လုပ်နိုင်တာပဲ၊ မောလို့ရေသောက်ရင် ပရိတ်ရေတိုက်ပေါ့"

"တင်ပါ့ဘုရား"

ပထမတော့ ဆရာတော်ဘုရားရဲ့ အစီအမံတွေနဲ့တင် ကျေနပ်ပေမယ့် မနက်ဖြန် ကန်မယ့်ရက်မတိုင်မီ ဒီနေ့ရလာတဲ့ သတင်းတွေကြောင့် သူတို့လုပ်ထားသည့် အစီအမံတွေအပြင် အဲဒီထက် စိတ်ချရတဲ့ ဆရာ





တစ်ယောက်ဆီ ချက်ချင်း ပြေးကြရတယ်။ အဲဒီဆရာ့ဆီကို လိုက်ပို့တာကတော့ ရပ်ကွက်ထဲက မိန်းမကြီးတွေပါ။ သူတို့အားလုံးက အဲဒီကိစ္စကို စိတ်ဝင်စားကြတယ်။

ကျွန်တော်တို့ သက်တူရွယ်တူ သူငယ်ချင်းတွေအားလုံး ဒီလိုလုပ်ရတာကို တော်တော်လေးကို သဘောလည်းကျ၊ ဂုဏ်လည်းဂုဏ်ယူ ဖြစ်နေကြတယ်။ လူငယ်တစ်ယောက်ဆီမှာရှိတဲ့ ခံစားချက်တွေအားလုံးက အဲဒီဖြစ်ရပ်ထဲမှာ ပါနေတာကိုး။

(၁၇–၁၈)အရွယ် ကျွန်တော်တို့ ကိုယ်ထင်ရာကို ကိုယ်လုပ်ခွင့်ရတာရယ်၊ လူကြီးတွေက မလုပ်ပါနဲ့ဆိုတာကို ဆန့်ကျင်ပြီး လုပ်ခွင့်ရတာရယ်၊ ဒီအလုပ်ကို လုပ်တဲ့အတွက် အားလုံးက လူစွမ်းကောင်း (Hero) လို့ အထင်ခံရတာရယ်၊ ရွယ်တူကောင်မလေးတွေက စိုးရိမ်တကြီး သတိပေးတာကို ခံရတာတွေရယ်ကြောင့်ပါ။

ရပ်ကွက်ထဲကမိန်းမတွေ ပို့ပေးတဲ့ဆရာကတော့ ရှင်းတယ်။ သူချရင် ကိုယ်ပြန်ချရမယ်ဆိုတဲ့ ဆရာမျိုး။ ကျွန်တော်တို့ကို ပုဏ္ဏကတိုက်ရမယ်ဆိုပြီး ဘီလူးရုပ်ကလေးတွေကို ဆေးစီရင်ပြီးပေး။

"မင်းတို့ ဒီအုတ်ကို မြှုပ်တဲ့အခါမှာ ထူးခြားတဲ့စိတ်ရယ်၊ ဒီအရုပ်ကလေးတွေက အသက်ဝင်တာရယ်ကို သိရလိမ့်မယ်"

"ဒီပုဏ္ဏကက သူတို့တစ္ဆေကို နိုင်သလား"

"သိပ်နိုင်တာပေါ့ကွာ၊ ပုဏ္ဏကပေမယ့် ပုဏ္ဏကညို မဟုတ်ဘူးကွ၊ ပုဏ္ဏကအဖြူ၊ မေတ္တာဓာတ်ပါတယ်၊ ခွင့်လွှတ်သည်းခံတယ်၊ မရရင် ပွဲကြမ်းတယ်၊ မင်းတို့ဘက်ကလည်း အမှားပါလို့မရဘူး"

"ကြိုက်တယ်ဆရာ၊ အဲဒါမျိုးကို သိပ်ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ညကိုရောက်တော့ ဂိုးတိုင်တွေဆီကိုသွားမယ့် ကျွန်တော်တို့ ခြောက်ယောက် ရေချိုးပြီး ခန္ဓာကိုယ် သန့်စင်အောင်လုပ်၊ ပြီးတော့ အမွှေးနံ့သာတွေ ဖွတ်ထားတဲ့ ပုဏ္ဏကရုပ်တွေကို ထုတ်ပြီး ဘုရားရှိခိုးကြရတယ်။ ပြီးတော့ ည (၁၀)နာရီမှာ ကျွန်တော်တို့အားလုံး တကယ့်အလုပ်ကြီး အကိုင်ကြီး သမားတွေလို အိမ်ကထွက်ခဲ့ကြတယ်။

ကျွန်တော်တို့ဆီမှာ မမြင်ရတဲ့ တိုက်ခိုက်ရေးသမားတွေဖြစ်တဲ့ ပုဏ္ဏကတွေ၊ ပရိတ်ကြိုးတွေ၊ သိမ်ဝင်ပုတီးတွေပါသလို မြင်ရတဲ့ တိုက်ရေး ပစ္စည်းတွေဖြစ်တဲ့ သံလက်သီး၊ သံတုတ်၊ ချိန်းကြိုး၊ လေးခွ၊ ဓားမြှောင် စတဲ့ပစ္စည်းတွေကိုလည်း ယူရသေးတယ်။ ဟုတ်တယ်လေ။ တော်ကြာ ကျွန်တော်တို့ သူတို့ ဂိုးတိုင်ကို တူးနေတာတို့ ဘာတို့ကို တွေ့သွားလို့ မကျေနပ်ရင် လာမေးရင်း ပြဿနာတက်ကြရင် သူတို့ကို ကာကွယ်ပြီး ကိုယ့်ရပ်ကွက် ကိုယ်အရောက် ပြန်ပြေးလို့ရအောင် ခုခံပစ္စည်းတွေပါ။

ဆရာက ပစ္စည်းတွေရဲ့ အစွမ်းပိုရှိအောင်ဆိုပြီး ကျွန်တော်တို့ မြှုပ်မယ့်လူတွေရဲ့ ကိုယ်နဲ့ ထိထားရမယ်ဆိုလို့ ကျွန်တော်တို့ရဲ့ ဂျာကင်အင်္ကျီအောက်က အင်္ကျီအိတ်ထဲမှာ ထည့်လာကြရတယ်။ အမှောင်ထဲကို တိုးဝင်လျှောက်လာနေတဲ့ ကျွန်တော်တို့ရဲ့ ရင်ခုန်သံဟာ မြန်နေတယ်။

ရွာအပြင်ကို ရောက်တော့ တိုင်ပင်မထားကြဘဲ တစ်ယောက်နဲ့ တစ်ယောက် နည်းနည်းစီ ကပ်သွားကြတယ်။ မကြောက်ဘူးဆိုတဲ့ အမူအရာတွေပေါ်အောင် သီချင်းကို ခပ်တိုးတိုးဆိုတယ်။ ဒါပေမဲ့ အမဲသားအစိမ်းထုပ်ကို ကိုင်ထားတဲ့ စိုးလေးရဲ့ သီချင်းဆိုသံက အသံတုန်နေတာနဲ့ ငါဆိုရင်လည်း အဲဒီလိုပဲနေမှာလို့ တွေးမိပြီး မဆိုဖြစ်တော့ဘူး။

ဘောလုံးကွင်းထဲကိုရောက်တော့ မီးရောင်နဲ့မြင်ရတဲ့ ဆံတော်ရှင်





ဘုရားရဲ့ ရွှေအိုရောင်ဟာ ရင်ထဲအထိကိုလင်းကာ ဘုရားရဲ့ဟိုဘက်အခြမ်းမှာတော့ မဲမှောင်တိတ်ဆိတ်နေတဲ့ သင်္ချိုင်း။

ကျွန်တော်ဟာ ရင်တွေ တဆတ်ဆတ် တုန်နေတာကို သိတယ်။ ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားနေရတာကိုက ကြောက်စရာတစ်ခုလို ဖြစ်နေတယ်။ အသီးသီး ကိုယ့်ဂိုးတိုင်ဆီ ကိုယ်သွားတော့ ကျွန်တော်ရွေးခဲ့တဲ့ ဂိုးတိုင်က သင်္ချိုင်းဘက်အခြမ်း ဂိုးတိုင်လေ။ ကျွန်တော်က မကြောက်ဘူးဆိုတာကို သိပ်ပြချင်တာကိုး။ အဖော်ပါလာတဲ့ စိုးလေးကတော့ အသံတွေဘာတွေတုန်လို့။

ကျွန်တော် အင်္ကျီအိတ်ထဲက ပုဏ္ဏကအထုပ်ကို ထုတ်တော့ လက်တွေတုန်နေလို့ အထဲက ပုဏ္ဏကတွေ တုန်နေတယ်လို့ ထင်ရတယ်။ အဲဒီအချိန်မှာ သင်္ချိုင်းဘက်ကို ကြောက်ကလည်းကြောက်၊ ကြည့်ကလည်းကြည့်ချင်နဲ့။ ပုဏ္ဏကထုပ်လည်း မြေကြီးပေါ်ချလိုက်ရော သင်္ချိုင်းထဲက တိုးဆောင့်ထွက်လာတဲ့ ခွေးသုံးလေးကောင် အူသံကြောင့် ကျွန်တော့်တစ်ကိုယ်လုံး တုန်ပြီး ပါးစပ်ထဲက အရသာတစ်ခု ဖြတ်ပြေးသွားတယ်။ သင်္ချိုင်းဘက်ကိုလည်း မကြည့်ဘဲမနေနိုင်တော့ ကြည့်မိတယ်။ အမှောင်ထဲမှာ ကျင့်သားရလာနေတဲ့ မျက်စေ့ထဲမှာ မြင်နေရတာက လရောင်ဖွေးဖွေးကလေးအောက်မှာ အုတ်ဂူတွေ၊ ချုံဖုတ်တွေ၊ သစ်ပင်ကြီးနှစ်ပင်၊ သစ်ပင်ခြောက်တစ်ပင်၊ အုတ်ဂူတွေ၊ ပြီးတော့ မြေပုံလေးတွေ။ လက်တွေ တုန်လိုက်တာကလည်း မပြောပါနဲ့တော့။ ဘေးဘက်ကို ငဲ့ကြည့်လိုက်တော့ ရွှေအိုရောင်အိနေတဲ့ စိန်ဖူးတော်၊ ငှက်ပျောဖူး၊ ကြာလန်ကြာမှောက်၊ အဲဒီတစ်ကြိမ်လောက် ဘုရားဖူးရတာ အရသာရှိတာ မရှိတော့ဘူး။

ဗုဒ္ဓ သရဏံ ဂစ္ဆာမိဆိုတဲ့ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ သရဏဂုံ



www.burmeseclassic.com

www.burmeseclassic.com



အတည်ဆုံးအချိန်ပါပဲ။ မနက်လင်းရင် တစ်ဖက်က သတိမထားမိအောင် ရယ်၊ ညမိုးရွာရင် ရေစီးနဲ့ ပါမသွားအောင်ရယ်ဆိုတဲ့ လိုအပ်ချက်တွေကြောင့် ကျင်းတူးရတာ တော်တော်လေးကို ကြာတယ်။ စိုးလေးနဲ့ ကျွန်တော် စကားကို မပြောမိကြတာ။

တူး ... မြုပ်။ ပြီးတော့ ဆုတောင်း။

ပြီးလို့ လှည့်ပြန်ကြတော့ ကျွန်တော်တို့ရဲ့ နောက်ဘက်ကနေ ကျောကုန်းကို တစ်ခုခုက တွန်းထားသလိုပဲ။ လမ်းလျှောက်ရတာ ပေါ့ ရွှတ်နေတာပဲ။ အဲဒီအချိန်မှာ သချိုင်းဘက်ကနေ ဈူးဈူးဝါးဝါး ထိုးဟောင် လိုက်တဲ့ ခွေးဟောင်သံကို ကြားရတော့ ဝမ်းလည်းသာမိ၊ ကြောက်လည်း ကြောက်မိတယ်။ ဝမ်းသာတာက ဆရာက ကျွန်တော်တို့အဖွဲ့ကို မှာလိုက် တာရှိတယ်။

"ကိုယ်က ပစ္စည်းကိုမြုပ်ပြီးရင် ပစ္စည်းမှာပါတဲ့ အစောင့်ပါ တစ်ပါ တည်း ပါသွား မသွား ပတ်ဝန်းကျင်ကို သတိထားကြည့်ရမယ်၊ ခွေးဈူး ဝါးဝါး ထိုးဟောင်တာတို့၊ ငှက်ဆိုးတို့၊ ကျီးကန်းတို့ ထအော်တာတို့ဖြစ်ရင် ဒီပစ္စည်းဟာ သက်ဝင်ပြီ၊ စောင့်ရှောက်ပြီပေါ့ကွာ၊ မင်းတို့တော့ သချိုင်း ကိုပဲ သတိထား၊ သချိုင်းဘက်ကပဲ လာချင်လာလိမ့်မယ်" လို့ ပြောထား တော့ ...။ ကျွန်တော်တို့အင်းက အစွမ်းရှိတယ်၊ ပြလိမ့်မယ်ဆိုတာကြောင့် ပါ။ အဲဒီည အိမ်ကိုပြန်ကြပြီး အိပ်ဖို့ကြိုးစားတော့မှ ငါတို့နဲ့အတူ ဘာများ ကပ်ပါလာသေးလဲဆိုတဲ့ အတွေးနဲ့ တော်တော့်ကို အိပ်မရတာပါ။

မနက်မိုးလင်း လက်ဖက်ရည်ဆိုင်ထိုင်တော့ ကျွန်တော်တို့အားလုံး ဟာ ကိစ္စလေးတစ်ခုတည်းနဲ့ စွန့်စားမှုကလေး တစ်ခုတည်းနဲ့ တက်ကြွ နေတယ်။ သွားလာလှုပ်ရှားနေတဲ့ လူတွေဟာ ကျွန်တော်တို့လောက်





လောကကြီးအပေါ်မှာ မသိဘူး၊ မရင်းနှီးဘူး၊ နားမလည်ဘူးဆိုတဲ့ စိတ်နဲ့ ကျွန်တော်ဟာ တော်တော်လေးကို ရင့်ကျက်သွားတယ်လို့ကို ခံစားလိုက် ရတာ။ အမှန်တော့ ရင့်ကျက်တာ ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော်တို့ မြောက် သွားတာနေမှာပေါ့။

ညနေ ဘောလုံးပွဲမှာ ကျွန်တော်တို့ ရပ်ကွက်အသင်းက လူငယ် အားအပြည့် လျင်မြန်မှုအပြည့်နဲ့ ဘုရားကြီးဘက်ကို တဒိုင်းဒိုင်းကို တရစပ် ကန်သွင်းတာပဲ။ ဒါပေမဲ့ တစ်လုံးမှမဝင်ဘဲ ကတ်သီးကတ်သတ်လွဲနေပုံက ခုနက မန်ယူအသင်းလိုပဲ။ ဒီလိုနဲ့ ပွဲပြီးသွားတော့ ဟိုဘက်က (ကျွန်တော် တို့ ဖျက်ရင်း ကိုယ့်လူနဲ့ကိုယ် ထိဝင်သွားတဲ့) တစ်ဂိုးနဲ့ပဲ ကပ်နိုင်သွား ခဲ့တယ်။

ကျွန်တော်တို့မှာ ကိုယ်သွားမြုပ်တဲ့ ပုဏ္ဏကနဲ့ ဟိုဘက်က တစ္ဆေ ချကြတာ ကျွန်တော်တို့ ပုဏ္ဏက မနိုင်တာရယ်၊ ကျွန်တော်တို့ လူကြီးတွေ ကို အသိမပေးဘဲ လုပ်ထားတာရယ်ကြောင့် ဘာသံမှမထွက်ဘဲ ပြန်လာ ခဲ့ကြတယ်။

တကယ်တော့ 'တစ္ဆေ' ဆိုတာ မရှိပါဘူး။

ရှိဦးတော့ ... ဘောလုံးနဲ့ ဘာဆိုင်လို့လဲလို့ မေးရတော့မှာပဲ။ အမှန် တော့ ဘုရားကြီးဘက်က လူကြီးတွေက ကျွန်တော်တို့ တိုက်စစ်ကို သမ္မာနဲ့ ထိန်းကစားသွားပြီး ကျွန်တော်တို့ ကစားအားကျတော့မှ တစ်ဂိုး ကပ်ရပြီး နိုင်သွားခဲ့တာပါ။

ဒုတိယပိုင်း ပြန်စတော့ မန်ယူအသင်းဟာ ဂိုးသွင်းခွင့်တွေ အကြိမ် ကြိမ်ရပေမယ့် လွဲနေသေးတယ်။ ပက်ကျီဆန်နဲ့ ပေါလ်စခိုးတို့ကို လူလဲ ပြီးတော့မှပဲ ရော်နယ်လ်ဒိုရဲ့ ပိတ်သွင်းဂိုး တစ်ဂိုးအသာရပြီး အဲဒီတစ်ဂိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ အနိုင်ယူလိုက်ရပါတယ်။

အိုးထရက်ဖိုဒ်မှာတော့ ပုဏ္ဏက မရှိလောက်ပါဘူး။

ဘောလုံးပွဲတစ်ပွဲမှာ မြင်ရတဲ့လူတွေ (ကစားသမားတွေ)၊ ကျွမ်းကျင်မှုတွေ၊ နည်းတွေ၊ ဗျူဟာတွေ၊ ကြိုးစားအားထုတ်မှုတွေ ရှိနေသလို မမြင်ရတဲ့ နောက်ကွယ်က အင်အားတွေလည်း ရှိနေတာပဲလို့ ဘောလုံးပွဲက အပြန် တစ်ယောက်တည်း မနက်လို့ ခေါ်လို့ရတဲ့ ညအမှောင်ကြီးထဲမှာ စဉ်းစားနေမိပါတယ်ခင်ဗျား ...။



www.burmeseclassic.ccom

www.burmeseclassic.com

# ရင်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



## ရှစ်ကျပ်

ကျွန်တော့်တွင် ရွာမှာနေသော ဦးလေးတစ်ယောက်ရှိသည်။ သူနေသောရွာသည် ရန်ကုန်မြို့နှင့် မိုင် (၅၀၀)ခန့်ဝေးသော တော်တော်ကလေးကို ခေါင်သည့် ရွာတစ်ရွာဖြစ်သည်။

အချိန်ကာလက ၁၉၉၈ ခုနှစ်ခန့်က ဖြစ်သည်။ ကျွန်တော့်ဦးလေးနှင့် မိသားစုအားလုံးသည် ရွာဓလေ့အတိုင်း စပါးစိုက်ခြင်း၊ တောင်ယာလုပ်ခြင်းများဖြင့် ရိုးရိုးသားသား လုပ်ကိုင်စားသူများ ဖြစ်သည်။

လူသည် ရိုးလျှင် စိတ်တိုလွယ်ပြီး လည်လျှင် စိတ်ရှည်တတ်ကြသည်ဟု ကျွန်တော်ထင်သည်။

တစ်နေ့ ကျွန်တော့်ဦးလေး ရန်ကုန်သို့လာရန် အကြောင်းကိစ္စတစ်ခုပေါ်သည်။ ကျွန်တော့်ဦးလေးက သူနေသောရွာကလေးမှ ရန်ကုန်သို့ သူ့အသက် (၄၇)နှစ်အထိ တစ်ကြိမ်မှ ရောက်မှူးသူမဟုတ်ပေ။ ပထမဦးဆုံး





အကြိမ် ရန်ကုန်သို့ သွားရမည်ဆိုတော့ သူ့အတွက် ကြီးစွာသော လှုပ်ရှားမှုကို ခံစားရသည်။

သွားရမည့်ကိစ္စကလည်း ရွာမှ ကျောင်းထိုင်ဆရာတော်ကြီး ရန်ကုန်တွင် ကျန်းမာရေးအရ ဆေးကုသမှု ခံယူနေရသည့်အတွက် အနီးကပ်ပြုစုရန် ဒကာလိုသဖြင့် သူ့အား လှမ်းခေါ်ခြင်းဖြစ်သည်။

တစ်ရွာလုံးမှာ မနာလိုကြသူလည်း ရှိသည်။ အားကျသူလည်း ရှိသည်။ ဖားပြီး လိုက်ချင်ကြသူတွေလည်း ရှိသည်။ ဒါပေမဲ့ ဆရာတော်ဘုရား၏ အမှာစာအရ သူ့တစ်ယောက်တည်းကိုသာ ခေါ်ခြင်းဖြစ်သဖြင့် ဆရာတော်ဘုရား၏ အဆုံးအမအတိုင်း လောဘနှင့် အတူရသော စိတ်ကြီးဝင်မှုကိုလည်း သည်းခံသည်။

“တစ်သက်လုံး ရန်ကုန်မသွားဘူးတဲ့ကောင်၊ သွားရင် ဒုက္ခရောက်မှာပါကွာ”

ဟု ပြောသော ဒေါသ၏စိတ်ကိုလည်း သည်းခံသည်။

ရန်ကုန်လိုက်ချင်၍ သူ့ကို ဝိုင်းမြှောက်ကြပင့်ကြ အရေးပေးကြသော မောဟ၏တရားကိုလည်း သည်းခံသည်။ ဒီလိုနှင့် ရန်ကုန်ရှိ ဆရာတော်ဘုရားကြီးထံ သွားရန် ရက်ရောက်လာသည်။

“ကိုရင်ဩ ... ရန်ကုန်ဆိုတာ အင်မတန် လူလည်ကျတဲ့ နေရာဗျ၊ ခင်ဗျား သတိထားသွားနော်”

တောက်ထိန်က မနာလိုခြင်း၊ မကျေနပ်ခြင်း စသည့်လေသံဖြင့် ပြောသည်။ ကိုရင်ဩ ခပ်ပြုံးပြုံးပင် ခေါင်းညိတ်ပြလိုက်ပါသည်။ ဖိုးခက်ကလည်း အသနားခံသောမျက်နှာဖြင့် ပြောသည်။

‘ကိုရင်ဩတစ်ယောက်တည်း ဖြစ်ပါ့မလားဗျာ၊ တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားနဲ့ အဖော်ပါရင် မကောင်းဘူးလား"

"ဆရာတော်ဘုရားက ကျုပ်တစ်ယောက်တည်း လိုက်လာဖို့ မိန့်တာကိုးဗျ"

စကားဝိုင်း ခေတ္တတိတ်ကသွားသည်။ ပြီးမှ ရွာလူလည်ဖိုးထွန်းက သူ့ကို ခပ်ပြုံးပြုံးကြည့်ကာ ပြောသည်။

"ရန်ကုန်ဆိုတာ လူရှုပ်လူပွေ အင်မတန်ပေါတဲ့ နေရာဗျ၊ ခင်ဗျား ဆီက ပိုက်ဆံကို ရရင်ရသလိုယူမှာ၊ ကျုပ်တို့တစ်ရွာလုံးစုပြီး ဆရာတော်ဘုရားအတွက် လှူလိုက်တဲ့ငွေလေးတော့ အလိမ်မခံရအောင် ထိန်းပါဗျာ"

"ဟော့ကောင်ဖိုးထွန်း ... မင်းက ရန်ကုန်ရောက်ဖူးလို့လား"

တောက်ထိန်က မကျေမနပ်သံဖြင့် ဝင်ကာပြောသည်။

"ရောက်တော့ မရောက်ဖူးဘူးပေါ့ကွာ၊ ရန်ကုန်မှာ မလည်မဝယ်နဲ့ လူဆိုရင် ထမင်းစားတာလည်းပိုယူ၊ ကားစီးခလည်းပိုယူ၊ ပိုက်ဆံပေးရသမျှ ပိုယူတတ်ကြတယ်လို့ ပြောတာပဲ"

"အေး ... ငါလည်း အဲဒါတော့ ကြားဖူးတယ်ကွ၊ ကိုရင်ညြလို ရန်ကုန်လည်း တစ်ခါမှမရောက်ဘူးတဲ့ တောသားစစ်စစ် မျက်နှာကြီးနဲ့ဆို ရန်ကုန်က သူ့ကို ကောက်ပင်ရိတ်လှီးသလို ပါသမျှပိုက်ဆံကို ဝိုင်းလှီးကြမှာပဲ၊ အဖော်လေးတစ်ယောက်တော့ ပါရင်ကောင်းမယ်ထင်တယ် ကိုရင်ညြ"

ဒီစကားကိုတော့ သူ သေချာမှတ်ထားလိုက်သည်။ တစ်ရွာလုံးက ချွေးနဲ့စာဖြင့် လှူထားသောငွေကို တစ်ပြားတစ်ချပ်မှ မပါစေရဟု သူ့ကိုယ်သူ အဓိဋ္ဌာန်ပြုသည်။

"ငါတစ်ယောက်တည်းသွားဖို့ အားလုံးစီစဉ်ပြီးသား၊ ရထားလက်မှတ်လည်း ယူပြီးသား၊ စိတ်ချပါကွာ၊ မင်းတို့ စေတနာနဲ့ လှူတဲ့ငွေတွေ





ကို တစ်ပြားတစ်ချပ်မှ မဆုံးရှုံးစေရဘူး၊ ပြီးတော့ ရန်ကုန်မှာလည်း ငါ့တူ တစ်ယောက် ရှိပါတယ်ကွာ၊ သူ့အိမ်အရင်သွားပြီးမှ သူ့ကိုခေါ်ပြီး ဆရာတော့်ဆီသွားမှာ၊ မင်းတို့စိတ်ချ"

* * *


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ကျွန်တော့်ဦးလေး ရွာကထွက်သည်။ လှည်းတစ်တန်၊ စက်လှေတစ်တန်၊ မီးရထားနှစ်တန်ဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်၏။ ကိုရင်ဩသည် လမ်းတစ်လျှောက်လုံး ရွာမှလှူလိုက်သော ငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မလိုအပ်ဘဲ တစ်ကျပ်မျှမသုံးခဲ့။

ရန်ကုန်ဘူတာရောက်တော့ သူ့တူရဲဝင်း၏ လိပ်စာကို အလွတ်ကျက်ရင်း အတင်းဝိုင်းခေါ်နေကြသော ကားသမားများကို စကားတစ်ခွန်းမှ ပြန်မပြောဘဲ ဣန္ဒြေကြီးကြီးဖြင့် ဘူတာရုံအပြင်ဘက်သို့ ထွက်ခဲ့သည်။ ထိုကားဆရာများသည် သူ့ကို မတရားသဖြင့် ငွေတောင်းကြမည့်သူတွေဟု သူထင်သည်။ သူ့ကို လေးငါးယောက် ဝိုင်းအုံနေကတည်းက ထိုအချက်ကို သူသိသည်။

ဘူတာရုံအပြင်ရောက်တော့ ကားတွေဥဒဟိုနှင့် ခံ့ညားလှပသော ရန်ကုန်မြို့ကြီးကို သူ ရင်သပ်ရှုမော တွေ့လိုက်ရသည်။ တစ်မိနစ်ခန့်လောက်တော့ ကြောင်ငေးကာ ရပ်ကြည့်နေမိသည်။ ပြီးမှ အိတ်ကိုဆွဲကာ





သတိဝင်ပြီး ထွက်ရန်ကြံတုန်း ဣန္ဒြေရရနှင့် အသက် (၅၀) ခန့်သာရှိသော လူကြီးတစ်ဦးက သူ့ကိုမေးသည်။

"မောင်ရင်က ဘယ်ကိုသွားမှာတုံး၊ သွားချင်တဲ့ နေရာအရောက် ကူညီပေးနိုင်ပါတယ်"

ထိုလူကြီး၏ ဥပဓိရုပ်နှင့် တည်တည်ကြည်ကြည် ပြောသောစကားကြောင့် ကိုရင်ဩစိတ်ထဲမှ အားကိုးစိတ်နှင့် လေးစားစိတ်တို့ တစ်ပြိုင်နက်တည်း ဝင်ကာလာသည်။

ဝမ်းသာစိတ်ကလည်း ဖြစ်ကာသွားသည်။ ရွာက တောက်ထိန်တို့ ပြောသလောက်လည်း မဆိုးသေးပါလားဟု သတိရလိုက်၏။ စိတ်ဇောအရှိန်တွင် ထိုခံစားမှုများ ဖြတ်ပြေးသွားသည့်အတွက် သူ့တူရဲဝင်း၏ လိပ်စာကို မေ့ကာသွားသည်။

"ပြောပါ မောင်ရင်ရဲ့၊ မောင်ရင် သွားချင်တဲ့နေရာကို အရောက်ပို့ပေးမှာပါ"

အားနာစိတ်ကြောင့် သူ့အိတ်ထဲမှာ ကမန်းကတန်းရှာသည်။ စာရွက်ကို တွေ့တွေ့ချင်း တစ်ရွက်ကိုကြည့်ကာ သူသည် စာမတတ်သော တောသားတစ်ယောက် မဟုတ်မှန်း ထိုလူကြီး သိသာစေရန် အသံကိုမြှင့်၍ တစ်လုံးချင်းပြောသည်။

"သဃ်န်းကျွန်းမြို့နယ်၊ ခရွေးမျဉ်းစောင်း နှစ်ဆယ့်လေး၊ ပြည်သာယာလမ်း၊ သဃ်န်းကျွန်းမြို့နယ်"

ထိုလူကြီး ခေါင်းကိုညိတ်သည်။ ပြီးတော့ သူ့လက်မှာ ဆွဲထားသော အိတ်ကို လှမ်းကာယူသည်။ ကိုရင်ဩလည်း ရုတ်တရက်မို့ ကြောင်ကာ—

"ဟ ... ဦးလေး ... ဦးလေး ဘာလုပ်တာတုံး၊ ကျွန်တော့်အိတ် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ ပြန်ပေးပါ"

ကိုရင်ညြ၏ အထိတ်တလန့်အော်သံကြောင့် ပတ်ဝန်းကျင်မှ ဝိုင်းကာကြည့်ကြသည်။ ထိုလူကြီးကတော့ အိတ်ကိုဆွဲလျက် ခပ်အေးအေးပင် ကိုရင်ညြကို ပြန်ပြောသည်။

"မောင်ရင်ပြောတဲ့လိပ်စာကို အန်ကယ်လ် သိပါတယ်၊ အဲဒီကို လိုက်ပို့ဖို့ ကားဆီသွားကြမယ်လေ၊ အန်ကယ်လ်က မောင်ရင့်အိတ်ကို ကူသယ်ပေးတာပါ"

ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့တုံးဟု သူတွေးမိသည်။ ဒါပေမဲ့ တောက်ထိန်တို့ပြောသော ရန်ကုန်မှာ 'ဈေးမမေးဘဲ ဘာမှမလုပ်နဲ့' ဟူသော စကားကလည်း ဦးနှောက်ထဲမှာ ခုန်ကာဝင်လာ၏။

"ကျွန်တော့်တူဆီကို ရောက်ဖို့ ဦးလေးကို ကားခဘယ်လောက်ပေးရမှာလဲ"

သူ့အိတ်ကိုဆွဲထားသော ဦးလေးကြီးက သူ့ကို တစ်ချက်လှည့်ကာကြည့်သည်။ ပြီးတော့ တွေခနဲ တစ်ချက်စဉ်းစားသည်။

"ဒီနားတင်ဆိုရင်တော့ ကိုးကျပ်လောက် တောင်းမှာပဲ၊ မင်းကိုတော့ ရှစ်ကျပ်ပဲယူပို့မယ်"

"ခင်ဗျာ ရှစ်ကျပ်"

"မဆစ်နဲ့တော့ မောင်ရင်၊ ဒီခရီးနဲ့ ဒီခရီးက တတ်နိုင်သမျှ လျှော့ပေးထားတာပါ"

ထိုဦးလေးကြီးက ပြောပြောဆိုဆိုဖြင့် ကားနောက်ဖုံးကိုဖွင့်ကာ သူ့အိတ်ကို ထည့်လိုက်သည်။ ပြီးတော့ သူ့ကားထဲသို့ဝင်ရန်လည်း ရှေ့ခန်းတံခါးကို ဖွင့်ပေးသည်။ ရွာမှာတုန်းက ကိုယ့်နွားကိုယ်ကျောင်း၊





ကိုယ့်လှည်းကိုယ်မောင်း၊ ကိုယ့်ဝါး ကိုယ်ခုတ်ခဲ့ရသော ကိုရင်ညြသည် ထိုတစ်ချက်တည်းနှင့်ပင် မြို့ကြီးသားစိတ် လုံးလုံးဝင်သွားသည်။ ရွာကလူတွေ ပြောသလောက် ရန်ကုန်မြို့ကြီးသည် မဆိုးပါကလားဟု တွေးကာ ကားရှေ့ခန်းသို့ ခပ်တည်တည် ဝင်ထိုင်လိုက်သည်။ ထိုအချိန်တွင်ပင် သူထိုင်ပြီးခါစ ကားက ငြိမ့်ခနဲ ထွက်ခွာသွား၏။

ဪ… ရွာက နွားလှည်းနဲ့များကွာပါ့။ တစ်ချက်ကွေ့တော့ သူယိုင်သွားသည်။ ထိုသို့ဖြစ်ခြင်းမှတစ်ပါး လမ်းဘေးဝဲယာကိုကြည့်တော့ ကားလမ်းပေါ်မှာ မောင်းလိုက်ကြသည့် ကားတွေ၊ သွားလိုက်ကြသည့် လူတွေ။ ကိုရင်ညြသည် ပါးစပ်ကိုပြဲကာ လူတွေ၊ ကားတွေ၊ တိုက်ကြီးတွေကို ကြည့်နေရင်း သူ့ခေါင်းထဲဝင်လာသည့် စိတ်ကူးကို နံဘေးမှ ကားဆရာဦးလေးကြီးအား လှမ်းကာမေးမိသည်။

"ဘုရားပွဲရှိလို့လားဟင်"

ကားဆရာဦးလေးကြီးက ကားမောင်းနေရင်းမှ သူ့ဘက်ကို တစ်ချက် လှမ်းကာကြည့်သည်။ ပြီးတော့ ခေါင်းကိုခါရင်း တစ်ချက်ပြုံးသည်။

"မင်းကလည်းကွာ…"

ဘယ်လိုအဖြေမှန်းတော့ သူ မသိ။ ဘာမှလည်း ဆက်မပြောသဖြင့် သူလည်း ဆက်မမေး။ ကားရှေ့မှန်နှင့် နံဘေးပြတင်းပေါက်မှ မြင်ကွင်းများကို တအံ့တဩကြည့်ရင်း သူ ပါလာခဲ့သည်။ ပြီးတော့မှ သူ့စိတ်ထဲမှာ ထိတ်ခနဲ တစ်ချက်ဝင်သွားသည်။ ဒီဦးလေးကြီးက သူ့တူ၏အိမ်ကို မပို့ဘဲ တစ်နေရာရာမှာ သူ့ကိုချထားခဲ့ပြီး မောင်းပြေးသွားလျှင် သူမြင်နေရသော ရှုပ်ယှက်ခတ်နေသည့် ရန်ကုန်မြို့၏ လမ်းမပေါ်မှာ သူဘယ်မှ သွားတတ်မည်မဟုတ်။ သူ့ရွာမှာဆိုလျှင်တော့ လမသာသည့်ညများတွင်



www.burmeseclassic.com

www.burmeseclassic.com



ပင် မျက်စိကိုမှိတ်ကာ အိမ်အရောက် သူပြန်နိုင်ပါသည်။ သူ့သူငယ်ချင်းတွေ ပြောသလို ရန်ကုန်မြို့ကို သူ ပြန်ကြောက်လာ၏။

စလွယ်သိုင်းထားသော လွယ်အိတ်ထဲမှ ရှာကပေးသော အလှူငွေကို သူပြန်စမ်းသည်။ ပြီးတော့ စိုးရိမ်သည့်လေသံဖြင့် မေးသည်။

"ဦးလေး ... ကျွန်တော့်တူရဲ့ လိပ်စာကို ကျွန်တော် ပြန်ပြောပြရဦးမလား၊ မှားသွားမှာ စိုးလို့ပါဗျာ"

"မင်းကလည်းကွာ ..."

တော်တော်စိတ်ပျက်သော လေသံဖြင့်ပြောသော 'မင်းကလည်းကွာ' ကြီးကို ဒုတိယအကြိမ် ကြားရပြန်သည်။ ဘာအဓိပ္ပာယ်မှန်း ထိုဒုတိယအကြိမ်တွင်လည်း သူ မသိ။ ဦးလေးကြီးကိုကြည့်တော့ တည်တည်ငြိမ်ငြိမ်ပင် ကားကို ဂရုတစိုက်မောင်းနေသည်။ မကြာခင် ကုန်းတစ်ကုန်းကိုတက်ပြီး တိုက်တွေ၊ ကားတွေ သိပ်မရှိသော သစ်ပင်တွေ စိမ်းစိမ်းစိုစို ရှိသော နေရာတစ်ခုသို့ ရောက်လာသည်။

"ပြည်သာယာလမ်းနော်"

စိတ်လှုပ်ရှားမှုများကြောင့် လိပ်စာကို မေ့သွားပြန်သဖြင့် အိတ်ထဲမှ ပြန်ထုတ်ယူကာ ကြည့်ရပြန်သည်။ ဒီတစ်ခါတော့ စကားလုံးတွေကို သူ့စိတ်ထဲကပင် ဖတ်ပစ်လိုက်ပြန်သည်။

"ဟုတ်တယ်၊ ပြည်သာယာလမ်းပါ"

"ဒါဆိုရင် ဒါ ပြည်သာယာလမ်းပဲ၊ မင်းတူအိမ်က ဘယ်နားမှာလဲ"

"ဟာ ... ဦးလေးက ကျွန်တော့်တူအိမ် မသိဘူးလား"

"ဟ ... အိမ်တော့ ဘယ်သိမှာတုံးကွ"

သူ့စိတ်ထဲတွင် တော်တော်လန့်သွားသည်။ ရွာမှာဆိုလျှင် တစ်





ယောက်အိမ်ကို တစ်ယောက် မသိတာ ဘယ်တုန်းကမှမရှိ။ လိုက်ပို့ပေးမည်လည်း ပြောသေးသည်။ အကြာကြီးလည်း ကားကိုမောင်းလာခဲ့သေးသည်။ ပြီးတော့မှ အိမ်မသိဆိုတော့ သူတော်တော် ထိတ်လန့်ကာသွားသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ရွာက အလှူငွေတွေ ဘယ်သူ့ဆီမှ မပါစေရဟု ဆုံးဖြတ်ပြီး လေသံခပ်မာမာဖြင့် သူ မေးသည်။

"ဦးလေး ... အခုမှ ရှုတ်ရှုတ်ရှုတ်ရှုတ် မလုပ်နဲ့နော်၊ ပြောတုန်းက သွားချင်တဲ့နေရာအရောက် အကူအညီပေးနိုင်တယ်ဆို၊ အခုကျမှ အိမ်မသိဘူးဆိုတော့ ဘာသဘောလဲ"

ကားဆရာဦးလေးကြီးက သူ့ကို တအံ့တသြ လှည့်ကြည့်ကာ ကားကို ထိုးရပ်ပစ်လိုက်သည်။

"ဟ ... ဒါမင်းပြောတဲ့ သဃ်န်းကျွန်းလေ၊ ပြည်သာယာလမ်းလေ၊ မင်း ဘယ်နေရာ ရပ်မယ်ဆိုတာ ငါ့ကိုပြော၊ အိမ်ကိုတော့ ငါ ဘယ်သိမှာလဲကွ"

"ဦးလေး ... ရှုတ်ရှုတ်ရှုတ်ရှုတ်တော့ မလုပ်နဲ့နော်၊ အသက်ချင်းလဲပစ်လိုက်မယ်"

"အေး ... ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်တာ ငါမဟုတ်ဘူးကွ၊ တစ်လမ်းလုံး ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်တာ မင်းပဲ၊ ကဲ ... မင်းတူရဲ့ လိပ်စာကိုပြောကွာ၊ ငါစိတ်ညစ်လာပြီ"

စိတ်လှုပ်ရှားမှုကြောင့် လိပ်စာကို သူ မေ့သွားပြန်သည်။

"ခရွေးမျဉ်းစောင်း နှစ်ဆယ့်လေး"

"မင်းတူနာမည်က"



www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်း"

သူ့စကားဆုံးသည်နှင့် ကားကို ဒေါသတကြီး ရှေ့သို့တိုးကာ ထွက်သွားသည်။ ပြီးတော့ ဆိုက်ကားဂိတ်တစ်ခုရှေ့တွင် တုံ့ခနဲထိုးကာ ရပ်သည်။ ကားဆရာဦးလေးကြီးက သူပြောသောလိပ်စာနှင့် သူ့တူ၏ နာမည်ကို ဆိုက်ကားဆရာများအား မေးသည်။

ဆိုက်ကားဆရာများက 'ဒါဆိုရင် လွန်လာပြီခင်ဗျ၊ အနောက်ဘက် ဗာဒံပင်ကြီးရှေ့၊ ဘေးမှာ လက်ဖက်ရည်ဆိုင်ရှိတယ်"

ထိုစကားဆုံးသည်နှင့် ကားက ဝေါခနဲ နောက်သို့ဆုတ်သည်။ ပြီးတော့ ဗာဒံပင်ကြီးရှိသည့် လက်ဖက်ရည်ဆိုင်ဘေးတွင် ကားကိုရပ်သည်။

"မောင်ရင် ... ရောက်ပြီ"

ဒါပေမဲ့ သူ ကားပေါ်မှ ဆင်း၍မရ။ ရွာမှာဆိုလျှင်တော့ လှည်းပေါ်မှ ခုန်ချလိုက်ရုံသာဖြစ်သည်။ အခု သူ ဒီတံခါးကို မဖွင့်တတ်ပါ။ ဘာပြောရမှန်းလည်း မသိ။

"ရောက်ပြီလို့ ငါ ပြောနေတယ်လေကွာ၊ မင်းဆင်းလို့ရပြီ"

"ခင်ဗျားဟာကြီးက ကျွန်တော် ဘယ်လိုဆင်းရမှာတုံးဗျ"

ကားဆရာဦးလေးကြီးက မျက်နှာကိုရှုံ့၊ ခေါင်းကိုငုံ့ကာ သုံးလေးချက်ယမ်းရင်း 'ငါတော့ ဒီနေ့ ဂြိုဟ်ဆိုးဝင်တာပဲကွာ' ဟု ပြောပြီး သူ့နံဘေးက ခလုတ်တစ်ခုကိုဆွဲသည်။ တံခါးက ဖျတ်ခနဲ ပွင့်သွား၏။ သူ ကားထဲမှထွက်ပြီး ဗာဒံပင်ဘေးမှ သစ်သားအိမ်ကလေးသို့ အရောက်ပြေးသည်။ အိမ်ရှေ့ရောက်တော့ သူ့တူနာမည်ကို ထိတ်လန့်တကြား အော်သည်။ သူနှင့် တူတော်သည်ဟုသာ ပြောရသည်။ သူ့တူကို တစ်ခါမျှ မြင်ဖူးသည်မဟုတ်။





လေးငါးခွန်း အော်ပြီးတော့မှ လူခပ်သေးသေးတစ်ယောက် ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲခင်ဗျာ"

"မင်း ရဲဝင်းမဟုတ်လား၊ ရဲဝင်းလား"

"ဟုတ်ပါတယ်ခင်ဗျ၊ ဘာကိစ္စရှိလို့လဲ"

"မင်း မလိမ်နဲ့နော်"

"ဟ ... ကျွန်တော်က ဘာလို့လိမ်ရမှာတုံး၊ အိမ်ရှေ့လည်း လာမေးသေးတယ်၊ လိမ်တယ်လည်း ပြောသေးတယ်၊ ဘာတွေလဲဗျာ"

"ကဲ ... ဒါဆို မင်းအမေနာမည် ဘယ်သူလဲပြော"

ထိုလူငယ်က တော်တော်စိတ်ပျက်သွားဟန်တူသည်။ ကားဆရာကြီး၏ ပုံစံအတိုင်း မျက်နှာကိုရှုံ့ကာ ခေါင်းကို သုံးလေးခါယမ်းသည်။ ပြီးတော့မှ ဒေါသနည်းနည်းပါသောအသံဖြင့် ဖြေသည်။

"ဒေါ်မြကြည်"

"ဟာ ... ဒါဆိုရင်ဟုတ်ပြီ၊ တော်သေးတာပေါ့ကွာ၊ ငါက မင်းအမေနဲ့ မောင်နှမဝမ်းကွဲတော်တဲ့ မင်းဦးလေးကွ၊ မင်းတို့အိမ်မှာ ခဏတည်းဖို့ လာတာ"

"ဟုတ်ကဲ့၊ အမေကတော့ ရုံးသွားပါတယ်၊ အိမ်ထဲဝင်လေ"

"နေဦးကွ၊ ငါ့အိတ် ကားထဲမှာ ကျန်သေးတယ်၊ ပြီးတော့ ကားဆရာကြီးကို ပိုက်ဆံလည်း ပေးရဦးမယ်"

ကိုရင်ဩသည် ဝမ်းသာအားရ မျက်နှာကြီးဖြင့် ကားဆီသို့ ပြေးကာသွားသည်။ ကားဆရာကြီးက သူ့အိတ်ကိုပေးရန် ကိုင်ထားနှင့်ပါပြီ။

"တွေ့ပါပြီခင်ဗျာ၊ ကျေးဇူးလည်းတင်ပါတယ်၊ စိတ်ထဲမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမှ မထားပါနဲ့ ဦးလေးရယ်"

ကားဆရာကြီးက စကားတစ်ခွန်းမှ ပြန်မပြောပေ။ သူ့အိတ်ကို လှမ်းကာပေးသည်။ သူက အိတ်ထဲမှ ပိုက်ဆံကိုနှိုက်ကာ ရေတွက်ကာ ပေး၏။ ထိုအချိန်တွင် သူ့တူရဲဝင်းကလည်း သူ့နားသို့ ရောက်ကာလာသည်။ သူလှမ်းပေးသည့် ပိုက်ဆံကိုလှမ်းယူရင်း ကားဆရာကြီးက သူ့ကို ဒေါသနှင့်မေးသည်။

"ဟေ့ကောင် ... မင်း ဒါဘာလုပ်တာလဲ"

"ကားခပေးတာလေ၊ ရှစ်ကျပ်ဆို ရှစ်ကျပ်"

"ဟေ့ကောင် ... မင်း ရတ်ရတ်ရတ်ရတ် မလုပ်နဲ့နော်၊ ငါ မင်းကို လက်သီးနဲ့ ဆွဲထိုးချင်နေတာကြာပြီ"

"ခင်ဗျားကရော ဘာစကားပြောတာလဲဗျ၊ ဘူတာရုံမှာ ခင်ဗျား နှုတ်က ပြောခဲ့တာ ရှစ်ကျပ်မဟုတ်ဘူးလားဗျ"

အခြေအနေက တော်တော်ရှုပ်ထွေးကာသွားသည်။ ဒီတော့မှ သူ့တူ ရဲဝင်းက ဝင်ကာမေးသည်။ တစ်ဦးဖြေ တစ်ဦးပြော၊ တစ်ဦးအော် တစ်ဦး ငေါက်ဖြင့် အပြန်အလှန်ပြောကြသော စကားတွေကို ကြားတော့မှ ရဲဝင်း သဘောပေါက်သွားသည်။

"ဟုတ်တယ် ဦးလေး၊ အန်ကယ့်လ်ကို ပိုက်ဆံရှစ်ရာ ပေးလိုက်ပါ"

"ဟ ... ငါ့တူရ၊ ငါ သူ့ကို ငှားတုန်းက သူကိုယ်တိုင် ရှစ်ကျပ်လို့ ပြောတာကွ၊ ရှစ်ကျပ် ... ရှစ်ကျပ်"

"ဟုတ်ပါတယ် ဦးလေး၊ ရန်ကုန်မှာ တစ်ရာကို တစ်ကျပ်လို့ ပြောကြတယ်၊ အဲဒါကို ဦးလေးမသိလို့ ပြဿနာဖြစ်ရတာပါ"

"တောက် ... ဆရာတော့်အတွက် အလှူငွေတော့ သွားပါပြီကွာ၊





အဲဒီလိုမှန်းသိ ငါ မစီးဘူးဟေ့"

ကိုရင်သြ မျက်ရည်ဝဲပြီး လက်တွေတုန်ကာ ဒေါသဖြင့် ထိုငွေ ရှစ်ရာကို ပေးလိုက်သည်။ ကားဆရာကလည်း ငွေကို ရေပင်မရေတော့ဘဲ ဆွဲယူပြီး 'ငါတော့ ကျွတ်ပြီ လွတ်ပြီ' ဟူသောပုံစံဖြင့် ကားကို တရကြမ်း မောင်းထွက်သွားသည်။

ရဲဝင်းက ခရီးပန်းလာသော သူ့ဦးလေးကို ခဏအနားပေးပြီး ညနေ ကျမှ ရန်ကုန်အထာကို ရှင်းပြရသည်။

"ဦးလေးရယ် ... ရန်ကုန်မှာ ဒီလိုပဲ၊ တစ်ရာကို တစ်ကျပ်ပြောကြ တယ်"

"ငါသိပါပြီကွာ၊ မင်းတို့ရန်ကုန်ဆိုတာ တော်တော်ရှုပ်တာပဲ၊ ငါ နောင်တရပါပြီ၊ ရွာကကောင်တွေ ပြောတုန်းက ငါ မယုံခဲ့ဘူး၊ အခုတော့ ကိုယ်တွေ့ပါပဲကွာ"

ကိုရင်သြသည် မချိတင်ကဲလေသံဖြင့် စိတ်မကောင်းကြီးစွာ ပြော သည်။

နောက်တစ်နေ့ မနက်မိုးလင်းတော့ ကိုရင်သြကို သူတို့တစ်အိမ် သားလုံးက နှစ်သိမ့်သည့်အနေဖြင့် ဖွယ်ဖွယ်ရာရာ ချက်ကျွေးကြသည်။ အကြောင်းစုံကို သူတို့တစ်အိမ်သားလုံး သိထားကြသဖြင့် စိတ်လည်း မကောင်း၊ ရယ်လည်း ရယ်ချင်နေကြသည်။ အမေကတော့ 'ဟဲ့ ... သူ့ရှေ့ မှာ သွားမပြောပါနဲ့' ဟု တိုးတိုးမှာသည်။ ထမင်းဝိုင်းပြင်ပြီးသောအခါ တို့စရာ သိပ်မပါသဖြင့် ကိုရင်သြက သူတို့လမ်းထိပ်က တို့စရာဆိုင် ကလေးမှာ သခွားသီးသွားဝယ်သည်။ ဒါပေမဲ့ သခွားသီးတစ်လုံး တစ်ကျပ် ဆို၍ မြန်မြန်ချုပ်စ်ကာ ကိုရင်သြသည် အိမ်ဘက်သို့ အပြေးပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... တော်ပြီ ... တော်ပြီ၊ မင်းတို့ရန်ကုန်မှာ သရွားသီးတစ်လုံး တစ်ရာဆိုတော့ ကြာရင် ငါရူးလိမ့်မယ်၊ ရွာပြန်တာပဲ ကောင်းတယ်ဟေ့"

မျက်စိပျက် မျက်နှာပျက်ဖြင့် ထိတ်ထိတ်လန့်လန့် အော်ဟစ်ကာ ပြောသော ကိုရင်သြစကားကြောင့် မိသားစုအားလုံး ခေတ္တ အံ့သြမှင်တက်သွားကြသည်။ ပြီးတော့မှ အဖြစ်မှန်ကို သဘောပေါက်ကာ အမေက စတင်ရယ်သည်။ ကျွန်တော်တို့အားလုံးသည် လိုက်ရယ်မိကြသည်။

"ဟဲ့ ... မောင်သြရဲ့ အဲဒီတစ်ကျပ်က တကယ့်တစ်ကျပ်ပါ"

"တော်ပြီ မမ၊ ရှစ်ကျပ်က ရှစ်ရာဖြစ်လိုက်၊ တစ်ကျပ်က တစ်ကျပ်ဖြစ်လိုက်နဲ့၊ ကျွန်တော် ရွာကိုပဲပြန်တော့မယ်"

"နင့်ပိုက်ဆံရှစ်ရာကို ဆရာတော်ဘုရားအတွက် ငါစိုက်ပေးမယ်လို့ ပြောထားသားပဲ၊ နင်ရွာပြန်သွားတော့ ဆရာတော့်ကို ဘယ်သူက ပြုစုမှာတုံး"

ဒီတော့မှ ကိုရင်သြက တွေတွေကြီးငေးကာ ဘာမှပြန်မပြောနိုင်ဘဲရှိသည်။

ခဏကြာတော့ ဆရာတော်ဘုရားရှိရာ ဗဟန်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ကိုရင်သြကို ကျွန်တော် လိုက်ပို့ရသည်။ ကားငှားတော့ ကားဆရာက ငါးကျပ်ဟုပြောသည်။ ကျွန်တော် ဘာမှမပြောဘဲ ကားပေါ်သို့ တံခါးဖွင့်တက်သည်။

ကားထွက်ပြီး ခဏအကြာ ကိုရင်သြက ကျွန်တော့်နားကို ကပ်ကာ တိုးတိုးမေးသည်။

"တူကြီး ... အဲဒီငါးကျပ်က ဟိုငါးကျပ်လား ဒီငါးကျပ်လား"

"အဲဒါ ဟိုငါးကျပ် ဦးလေး၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ အမေက ကျွန်





တော့်ကို ပိုက်ဆံအပြည့်အစုံ ပေးလိုက်ပါတယ်၊ အဲဒီငါးကျပ်ကို ကျွန်တော် ရှင်းမှာပါ၊ ပြီးတော့ ဆရာတော်ဘုရား ကျန်းမာရေးအတွက် လိုအပ်တာ သုံးဖို့ အလှူငွေလည်း အမေက ပေးလိုက်ပါတယ်"

ဒီတော့မှ ကိုရင်သြက စိတ်မောလူမောဖြင့် ကားဆိုဖာကိုမှီကာ ထိုင်သည်။ ခဏကလေး စဉ်းစားနေပြီးတော့မှ ကျွန်တော့်ကိုမေးသည်။

"မမ ဘယ်လောက်လှူလိုက်တာလဲ"

"ဆယ့်ငါးကျပ်"

ကိုရင်သြ ငေါက်ခနဲထိုင်သည်။ အရေးတကြီး ကျွန်တော့်ကို မေးသည်။

"အဲဒါ ဟိုဆယ့်ငါးကျပ်လား၊ ဒီဆယ့်ငါးကျပ်လား"

"ဟိုဆယ့်ငါးကျပ်ပါ ဦးလေးရယ်၊ စိတ်ချပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်လလောက်ကြာတော့ ဆရာတော်ဘုရားလည်း နေကောင်းပြီး ရွာကိုပြန်ရန်အတွက် ကျွန်တော်တို့အိမ်သို့ တစ်ရက်ကြွသည်။ ကျွန်တော်တို့ မနက်ဆွမ်းကပ်ပြီး ညနေရထားနှင့် မန္တလေးသို့ ဆရာတော်ကိုရင်ဩနှင့်အတူ ပြန်ကာကြွသည်။

ကျွန်တော်တို့မိသားစု သူ့အကြောင်းကို သတိရတိုင်းပြောရင်းရယ်မောကြရသည်။

ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်အရွယ်တုန်းက ကြုံခဲ့ရသော ကျွန်တော့် ဦးလေးအကြောင်းကို အမှတ်တရ ရေးလိုက်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# လက်ညှိုး




www.burmeseclassic.ccom

www.burmeseclassic.com



## လက်ညှိုး

ကျွန်တော် အဲဒီနေ့က ရန်ကုန်မြို့ထဲသို့သွားရန် ထွက်လာခဲ့သည်။ ထိုနေ့မှာ စနေနေ့ဖြစ်ပြီး မနက်ဖြန်ခါ တနင်္ဂနွေနေ့ဆိုလျှင် လေထန်ကုန်းသည် ပိတ်သည်။ အဲဒီအတွက် ခင်မင်လှသော စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများနှင့် တွေ့ရန် ကျွန်တော်ထွက်ခဲ့သည်။

အင်္ကျီလက်တိုကလေး၊ ပုဆိုးနွမ်းနွမ်း၊ ဆေးပေါ့လိပ်ကလေးဖွာပြီး ဇဝနမှတ်တိုင်တွင်ရပ်ကာ ကားစောင့်ရ၏။ ကျွန်တော့်လွယ်အိတ် အနွမ်းလေးထဲတွင် ကျွန်တော် ညကရေးလာသော စာမူအသစ်နှစ်ပုဒ်ပါသည်။ ဒီစာမူတွေ ပါတာ မပါတာ အပထား။ ကျွန်တော် သွားချင်တာ 'လေထန်ကုန်း' ပင် ဖြစ်ပါသည်။

မှတ်တိုင်ကိုကားလာတော့ တိုးတိုးကြိတ်ကြိတ်ဖြင့် တက်ရသည်။ ထုံးစံအတိုင်း စပယ်ယာက အော်ဟစ်ကာ ဒရိုင်ဘာက မီးပွိုင့်နီမှန်းမသိ၊





စိမ်းမှန်းမသိ စွတ်ဝင်သဖြင့် လူကို ဂေါ်ဇီလာတစ်ကောင်က ဆောင့်ဆွဲသလို ဟိုလူနှင့်တိုက်၊ ဒီလူနှင့်တိုက်တာ (၁၀)စက္ကန့်လောက် ခံစားရ၏။

မွေးစကနေ ယခုအထိ အရပ်ပုသော ကျွန်တော့်မှာ ဘေးကလူ၏ နံနှင့်ရိုက်လိုရိုက်၊ တစ်ဖက်က မိန်းမဝဝကြီး၏ ချိုင်းကြားနှင့် မျက်နှာအပ်လိုအပ်၊ ကျောပေးထားသည့် မိန်းကလေးတစ်ဦးနှင့် ကျောချင်းဆောင့်ချင်ဆောင့်။

ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်သလို ခံစားရပါသည်။ သို့သော် ကားစီးဖော် အချင်းချင်းကတော့ ဘာမျှမပြောကြ၊ စိတ်လည်းမဆိုးကြ။ 'အို ... ဟင် ... ဟာ ... အမယ်လေး' ဆိုသော အသံမှလွဲ၍ ဘာဖြစ်မှန်းမသိသဖြင့် ကျွန်တော့်ကို အပြစ်မဆိုကြပါ။

တာမွေဈေးမှတ်တိုင်ရောက်တော့ ကားစီးသူ တော်တော်များများ တက်လာကြသည်။

ကျပ်ရသည့်ကြားထဲ ညပ်ဖို့သာရှိတော့သည်။ ဩော် ... သူတို့လည်း သူတို့ကိစ္စနှင့် သူတို့။ ကျွန်တော်လည်း ဒီအတိုင်းနေရင်း စပယ်ယာအော်ဟစ်သမျှ ခရီးသွားချင်း သည်းခံကာ ကျွန်တော် တရွေ့တရွေ့ဖြင့် နောက်နားဆီသို့ ရောက်သွား၏။

ကျွန်တော် ရောက်သွားသောနေရာမှာ ကောင်မလေးတွေရဲ့ ကြားဖြစ်သည်။ လူပိုကျပ်လာသဖြင့် ကျောက်မြောင်းမီးပွိုင့်မှာ ကားကဆောင့်ရပ်တုန်း ကျွန်တော် ကောင်မလေးတွေနှင့် တိုက်မိသည်။ သူတို့က တစ်ချက်၊ နှစ်ချက် လှမ်းကြည့်သော်လည်း ကျွန်တော့်ကို ဘာမျှမပြော။ ဘာဖြစ်လို့၊ ဘယ်လိုဖြစ်သည်၊ ကျွန်တော့်သဘော မဟုတ်သည်ဆိုတာကို သိ



www.burmeseclassic.com

www.burmeseclassic.com



ကြဟန်တူသည်။

"ရှန်မှိုင်းပဲ ဝယ်မယ်ဟာ"

"နင်ကလည်း လာတုန်းက ပါတိတ်ဆိုပြီးတော့"

"ပါတိတ်က အခု အတုတွေ ဝင်တယ်ဆိုလို့"

"အဲဒါဆို ဘီဘဲပဲ ဝမ်းဆက်ချုပ်လိုက်၊ တို့ကတော့ ရိုးရိုးစီကေကိုပဲ အရောင်ရင့်ရင့်၊ လက်ရှည်နှစ်ထည်စာဆို တော်ပြီ"

ကျွန်တော် တော်တော်စိတ်ညစ်ပါသည်။ သို့သော် ဘာမျှမတတ်နိုင်ပါခင်ဗျာ။ တစ်ခရီးတည်းသွားသူချင်း သူတို့က သူတို့ဈေးကို ရောက်နေကြပြီး ကျွန်တော်ကသာ ကားကျပ်ခြင်း၊ သူတို့အသံကို နားစွင့်ခြင်းဖြင့် ဒုက္ခရောက်နေသည်ဟု တရားကျမိကာ သူတို့ကိုမေ့ပြီး ကျွန်တော့်အာရုံကို ကျွန်တော် ဝင်စားသည်။

အခုချိန်ဆိုလျှင် ခက်မာသည် သူ့ကိုယ်သူ စာရေးဆရာမဟု မယူဆဘဲ လေထန်ကုန်းကို ရိုးရိုးယဉ်ယဉ်ကလေး ရောက်လာမည်။ ဆရာမမိုချက တစ်ချက်ပြုံးကာ စီးကရက်ကိုဖွာရင်း သူ့ကို လက်လှမ်းပြမည်။

လေထန်ကုန်း၏ ဓမ္မာရုံအပေါ်ဆင့်တွင် ကိုပိုပို၊ ကိုမင်းထက်မောင်၊ ကိုကြွက်နီ (သိမ်းတင်သား)၊ ကိုရွှေထူး၊ ဆရာမ ခင်ပန်နှင်း တို့ရှိနေလောက်ပြီ။

ကျွန်တော်သည် လေထန်ကုန်း၏ လက်ဖက်ရည်တစ်ခွက်ထက်ဤသို့သော အနုပညာသမားများကို ပိုခင်တွယ်ပါသည်။ ထိုသို့ပြောသည့်အတွက် လေထန်ကုန်းကို ကျွန်တော် အပြစ်ပြောနေခြင်း မဟုတ်ပါ။

လေထန်ကုန်းမှ ကိုမျိုးသိမ်းနှင့် သူ့ညီအငယ်လေးတို့မှာ ကျွန်တော်တို့ အဲဒီလိုခင်ကြ၊ ကိုယ်တိုင်လော်ကြဟု သဘောထားကာ စာပေမိတ်ဆွေ





ချင်း အောင်သွယ်ပေးကြသူများ ဖြစ်ပါသည်။ ကျေးဇူးတင်မည်ဆိုလျှင်စိတ်က လွတ်ထွက်သွားသော ရင်ခုန်သံတစ်ချက်၊ အသိဉာဏ်နှင့် ခံစားရသော ကုသိုလ်စိတ်တစ်ချက်နှင့်ပင် သူတို့ကို ကျွန်တော်တို့အားလုံး အခုထိ ကျေးဇူးတင်မိကြပါသည်။

ထိုသို့တွေးနေရင်းမှာပင် ကျွန်တော့်လက်သည် အပေါ်သို့ ကိုင်ထားသောတန်းမှ လွတ်ထွက်သွားသည်။ ကျွန်တော်သည် လေထန်ကုန်းရှိ ကျွန်တော့် စာရေးဖော်ရေးဖက်များမှ မိမိကြုံနေရသော အခြေအနေသို့ ပြန်ရောက်လာ၏။

ကျွန်တော်သည် မိန်းကလေးများကို မထိအောင်လည်း နေရသည်။ အရပ်ငါးပေမျှမပြည့်သော ကိုယ့်ကိုယ်ကိုယ်လည်း အဆင်ပြေအောင် နေရသည်။

ကားပေါ်မှာ တစ်ခါတရံ ဖင်ချင်းပေါက် အမျိုးသမီးများ ဆုံဖူးပါ၏။ သူကလည်း မလှုပ်နိုင်၊ ကိုယ်ကလည်း မရွှေ့နိုင်ဘဲ အားနာစိတ်နှင့် စီးရပါသည်။ သူ့ပုံလည်း ကိုယ်မမြင်၊ မကြည့်နိုင်၊ ဘာမှန်းလည်းမသိ၊ နေရာကလည်းရွှေ့မရ ခက်လှပါကလား။

အခုလည်း ကျွန်တော် ထိုဒုက္ခထဲတွင် ရောက်နေသည်။ လက်အခြေမခိုင်လျှင် ထိုမိန်းကလေးများကို ထိမိသည်။ ထို့ကြောင့် လက်အခြေခိုင်အောင် ကြိုးစားရင်း သူတို့ကို သွားပြီးမထိရလေအောင် သတိထားသည်။ သူတို့ကတော့ ဘာမျှမသိရှာပါ။ သူတို့ဝယ်မည့် ပိတ်စများအကြောင်းကိုသာ ပြောနေကြသည်။

ထိုအချိန်တွင် တန်းကိုကိုင်ထားသော ကျွန်တော့် လက်ဖနောင့် (လက်အောက်တည့်တည့်) သည် ယားခနဲဖြစ်သွား၏။ ခဏတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် မတော်တဆဟု ထင်ပါသည်။ နောက် တစ်ကြိမ်၊ နှစ်ကြိမ်ဆိုတော့ မဟုတ်တော့ပြီ။

ကျွန်တော် အသာကလေး ခိုးကြည့်တော့ ကျွန်တော့် ဘယ်ဘက် လက်ဖနောင့်ရှိ လက်ခုံကို လက်ညှိုးတစ်ချောင်းက လာပွတ်နေသည်။ ယား၏။ တော်ရုံလှုပ်ရှားလျှင်လည်း ဟိုကလေးမလေးတွေနှင့် ထိဦးမည်။ ကျွန်တော့်မှာ ဘာမှမဟုတ်သည့် ဘတ်စ်ကားတစ်စီးပေါ်တွင် ဒုက္ခခံနေရသည်။

သီတာလမ်းရှေ့ရောက်တော့ ကျွန်တော် ယားသည့်ဒဏ်ရော၊ ကလေးမများကို မထိစေရန်အတွက်ရော ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်တော့် လက်သန်းအောက် လက်ဖနောင့်ကို ပွတ်နေသောလက်ကို လက်သန်းကလေးနှင့် ဆုပ်ထားလိုက်သည်။

ထိုအခါ သူ့လက်ညှိုးသည် ငြိမ်သွား၏။

ကျွန်တော်ကလည်း မည်သူဆိုတာကို ရှက်လွန်းသဖြင့် မော့မကြည့်ခဲ့ပါ။

ကျွန်တော့်လက်များကို မြင်ဖူးသူတိုင်း သိကြပါလိမ့်မည်။ ကျွန်တော့် လက်ဖဝါးသည် မိန်းကလေးတစ်ယောက်၏ လက်လိုပင် နူးညံ့ကာ လက်ဖဝါး တစ်ဖက်တစ်ချက်လုံး ရဲနေတတ်သည်။

သာမန်လူအမြင်ဆိုလျှင် မိန်းကလေးလက်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်ဆုပ်ထားသော လက်သန်းထဲက လက်ညှိုးသည် ကျွန်တော့် လက်ထဲတွင်ပင်ရှိသည်။ ကျွန်တော်လည်း ရှက်စိတ်ဖြင့် ခေါင်းကိုသာ ငုံ့ထားရ၏။

မင်္ဂလာဈေးမှာ ထိုစဉ်က အသစ်ဖွင့်သောဈေး ဖြစ်သည်။ ရန်ကုန်





မြို့၏ အကြီးဆုံး ပစ္စည်းစုံရနိုင်သော ဈေးကြီးဖြစ်သည်။

မင်္ဂလာဈေးရောက်တော့ သာလိကာမလေးယောက် ဆင်းသွားကြ၏။

ကျွန်တော့်လက်ထဲတွင် လက်ညှိုးကလေးက ကျန်တုန်း။ သူ့လက်ညှိုးက တော်တော်နွေးနေပါပြီ။ ကျွန်တော်ကလည်း ခေါင်းငုံ့ထားတုန်း။

"ဟော့လူ ... ခင်ဗျားဘာလုပ်တာလဲ"

ကျွန်တော် စာဖြင့် ရေးမပြတတ်သော မျက်နှာတစ်ခုကို တွေ့ရသည်။

"ဘာလဲဗျ၊ ခင်ဗျားကရော ဘာဖြစ်လို့ ကျုပ်လက်ဖနောင့်ကို လာပွတ်ရတာလဲ၊ ယားတယ်ဗျ၊ သိလား"

ထိုလူ မျက်နှာပျက်ပြီး ရဲခနဲဖြစ်သွားကာ ထွက်ခါစကားပေါ်မှ ခုန်ချပြီးဆင်းသွားသည်။

ကျွန်တော့်ကို ထိုင်ခုံရသော ခရီးသည်များက ဘာမှန်းမသိ၊ ဘာဖြစ်လိုက်မှန်း အစအဆုံးမသိဘဲ ဝိုင်းငေးကြသည်။

ဩော် ... ဒုက္ခ၊ ဒုက္ခ။

နေ့စဉ် လိုင်းကားများနှင့် အနီးအဝေးသွားနေကြရသော ပျိုသူ၊ ရွယ်သူ၊ ကြီးသူ၊ ငယ်သူအားလုံးသည် စိတ်လက်ချမ်းသာစွာဖြင့် ဤလက်ညှိုးမျိုးနှင့် မတွေ့ဘဲ လိုရာသို့ရောက်ရန် ကျွန်တော် စေတနာထားပါသည် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# ကားဆရာ




www.burmeseclassic.ccom

www.burmeseclassic.com



## ဗိုက်သားစားတဲ့ ကားဆရာ

ယနေ့ ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကိုယ် သူကောင်းသား/သမီးဟု ယူဆသည်ဆိုလျှင် မမေးရသောအရာ သုံးမျိုးရှိသည်ဟု ကျွန်တော်ထင်ပါသည်။

နံပါတ်တစ်က တယ်လီဖုန်းနံပါတ်၊ Hand Phone နံပါတ် မမေးရ။

နံပါတ်နှစ်က ကိုယ်ဝယ်ချင်သည့် ကုန်ပစ္စည်းတန်ဖိုးကို မမေးရ။ (မေးစရာလည်း မလိုပါ။ Store ဆိုင်နှင့် Market များတွင် တပ်ထားပြီးသားဖြစ်၏။)

နံပါတ်သုံးက ကိုယ်ငှားစီးသောကား (ကက)၏ ဈေးနှုန်းကိုမမေးရ။ တရားဝင်သတ်မှတ်ထားခြင်း မရှိသော်လည်း စီးနေကျသူဆိုလျှင် ပုံသေဈေးကို သိနေပြီးသားဖြစ်သည်။

ကျွန်တော်သည် နံပါတ်တစ်နှင့် နှစ်ကို လိုက်နာနိုင်သော်လည်း နံပါတ်သုံးကိုတော့ သိပ်မလိုက်နာနိုင်ပါ။ ကျွန်တော်တို့ ယောကျ်ားလေး





ဆိုတာကလည်း အင်မတန်မှ အားနာတတ်သည့် ဝါသနာပါသူတွေ ဖြစ်သည်။ ဒါပေမဲ့ ကားခကျလျှင်တော့ ဈေးဆစ်ရဲကြသည်။

ဥပမာ–ပြောင်းဖူးတစ်ဖူးကို လေးဆယ်ဆိုလျှင် ကျွန်တော်တို့က ဈေးမဆစ်ဘဲ ဝယ်စားချင်စားမည်။ မိန်းကလေးတွေကျတော့ မရ။ လေးဖူးကို တစ်ရာထားလိုက် လုပ်လေ့ရှိ၏။

ကျွန်တော်တို့ကိုယ်တိုင်ပင် ကျန်သည့် ကုန်ပစ္စည်းများကို ဈေးဆစ်ရမှာ မျက်နှာပူတတ်သော်လည်း (ကက)ကားကိုကျတော့ ဈေးဆစ်ရဲနေသည်။ ဆစ်လည်း ဆစ်သည်။ ထိုအကြောင်းကို သိထားသော ကိုရွှေကကဒရိုင်ဘာများကလည်း ကျွန်တော်တို့ ဆစ်မည့်ဈေးကို ကြိုပြီး ပိုတင်၍ ပြောတတ်ကြသည်။ ကျွန်တော်တို့ကလည်း ဆစ်လိုက်ရသည်ဆိုလျှင်ပင် တန်လှပြီဟု ထင်ကြစမြဲဖြစ်သည်။

သင်္ဃန်းကျွန်းစံပြဈေးမှ မြို့ထဲသို့ ခရီးသွားနှုန်းမှာ ကကငှားလျှင် နှစ်ထောင့်ငါးရာကျပ်သည် အသင့်တော် အမှန်ကန်ဆုံးသော ဈေးဖြစ်သည်။ သူက ဘယ်လောက်အော်အော် ကျွန်တော်တို့က နှစ်ထောင့်ငါးရာထက် ပို၍ပေးမည် မဟုတ်ပါ။

သူတို့ကလည်း ပါးပါသည်။ သုံးထောင်ဟု ပြောချင်ပြောမည်။ သုံးထောင့်ငါးရာဟု ဆိုချင်သူက ဆိုသည်။ သုံးထောင်သမားကို နှစ်ထောင့်ငါးရာ ဆစ်လျှင် အဆင်ပြေတာက များသည်။ သုံးထောင့်ငါးရာဆိုလျှင်တော့ ကျွန်တော်သည် ခေါင်းတစ်ချက်ဆတ်၊ လက်ဝါးကလေး ကာပြပြီး ခြေနှစ်လှမ်းဆုတ်၍ နောက်ကားကို မျှော်ကြည့်လိုက်သည်။ ဈေးတွေဘာတွေလည်း ဆစ်မနေတော့ပါ။

ဒီတော့လည်း ငတိတွေက လည်တယ်ခင်ဗျ။ ကျွန်တော်တို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြီး စိတ်ကျေနပ်မှုရအောင် ကျွန်တော်တို့ ဆစ်လောက်မယ့်ဈေးကို ပိုတင်ပေးထားကြသည်။ ဥပမာ–မြို့ထဲ မဟာဗန္ဓုလပန်းခြံလမ်းဆိုရင် သူတို့က သုံးထောင့်ငါးရာ လုပ်ထားတယ်။ အဲ ... အားနာပြီး သုံးထောင် လောက်နဲ့ ဆစ်တဲ့လူနဲ့ တွေ့ရင်တော့ ပုံမှန်ဈေးထက် ငါးရာပိုရသွားတာ ပေါ့လေ။ ပါးစပ်ကလည်းရဲ၊ ကပ်စေးကလည်းနဲတဲ့ အပျိုကြီးတွေ၊ မိန်းမ ကြီး၊ ကောင်မလေးတွေနဲ့ တွေ့ရင်တော့ ဟိုက နှစ်ထောင်ပဲ ပေးတော့ သည်။ ဒီတော့ နည်းမျိုးစုံနဲ့တောင်းပန်၊ အချက်အလက်များစွာနဲ့ ညည်း ညူပြီး နှစ်ထောင့်ငါးရာနဲ့ရအောင် တောင်းရပြန်ပါသည်။ သူတို့ဘက်က ကြည့်တော့လည်း မလွယ်ပါဘူးဟု ကျွန်တော် နားလည်သည်။

တစ်ခါတုန်းက ကကကားငှားရင်းနဲ့ ဇာတ်လမ်းကလေးတစ်ခု ကြုံခဲ့ဖူး၏။ ရင်ခုန်ရမှာလား၊ စိတ်ညစ်ရမှာလား ဆိုတာကို အခုအထိ မကွဲပြားတဲ့ ဇာတ်လမ်းပါ။ ဇာတ်လမ်းက ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို ကကငှားရင်းနဲ့ တလွဲဖြစ်ပြီးတော့ နောက်တော့မှ ကောင်လေးရဲ့ စေတနာ ကို သဘောပေါက်သွားလို့ တောင်းပန်၊ ရင်းနှီးသွား၊ ရင်းနှီးရာကနေ တစ်ဆင့်တက် ချစ်သူတွေဖြစ်ကြ၊ ဒါပေမဲ့ ကောင်လေးမှာက အိမ်က မိဘ နှစ်ဖက်စလုံးက သဘောတူထားတဲ့ ငယ်သူငယ်ချင်းကလေးတစ်ယောက် ရှိနေ၊ အဲဒီဇာတ်လမ်းကိုတော့ ခိုးချပြီး ဗွီဒီယိုတွေ ဘာတွေရိုက်မယ် စိတ် မကူးနဲ့နော်၊ ရောင်းစားထားပြီးသား ဇာတ်လမ်းပါ။

အဲဒီနေ့က အဲဒီကောင်မလေးနဲ့ ကျွန်တော် ညာဘက်ပလက်ဖောင်း ရှေ့ကနေပြီးတော့ (ကက) ကားကို ငှားနေကြပါသည်။ သူက ကျွန်တော့်ရဲ့ ဘယ်ဘက်ကနေ ငှားတာဆိုတော့ လူမပါတဲ့ ကားအလွတ်တွေက သူ့ဆီ ကို အရင်ရောက်သည်။





ဒါပေမဲ့ သူနဲ့တွေ့လိုက်တဲ့ ကားသမားတွေ မှန်သမျှက ခေါင်း တခါခါ လည်တခါခါနဲ့ မချိုပြုံး ပြုံးပြတာနဲ့ ကျွန်တော့်ဆီကို ရောက်လာ တာချည်းပဲ။ အဲ ... ကျွန်တော့်ဆီ ရောက်လာပြန်တော့လည်း စကားပြန် တောင် မပေးတော့ဘဲ မောင်းထွက်သွားတာချည်းပါပဲ။

ဒီလိုနဲ့ ကားလေးငါးစီး မရဘဲ ဖြစ်နေတော့ သူက ကျွန်တော့်ကို လှမ်း၍ကြည့်သည်။ သူကြည့်သည့် အကြည့်က 'နင်နဲ့ ငါနဲ့ ဘဝတူတွေပါ လား' ဟု အဓိပ္ပာယ်ပြန်လျှင် ရနိုင်ပါသည်။ ကျွန်တော်ကလည်း ခေါင်း တစ်ချက်ဆတ်ပြီး ပြန်ပြုံးပြလိုက်၏။ အဓိပ္ပာယ်က 'ကားဆရာတွေက ဒီလိုပါပဲဗျာ' ဟု အဓိပ္ပာယ်ရပါသည်။

ထိုစဉ် ကားတစ်စီး အလွတ်လာသည်။

သူကလည်း လက်ချောင်းကလေးတွေ 'ဖလပ် ... ဖလပ်' လုပ်ပြီး တားသည်။ ကျွန်တော်ကတော့ State ကျောင်းတုန်းက ရှုရှုးပေါက်ချင် လျှင် ဆရာမကို လက်ညှိုးထောင်ပြီး တိုင်သလိုမျိုး လက်ညှိုးကလေးထောင် ၍ တားသည်။

ကားဆရာနှင့် သူမ တော်တော်ကြီးကို အချေအတင် စကားပြော ပြီးတော့ ကားဆရာက ပြုံးပြီး ခေါင်းခါကာ ကျွန်တော့်ထံသို့ ဘီးကလေး လိမ့်၍ဝင်လာသည်။

"ဘယ်လဲဆရာ"

"၁၉ လမ်းကိုခင်ဗျ"

"ဘယ်လောက်ပေးမလဲ"

"အာ ... ဆရာတို့က ပြောလေ"

ကားဆရာက စတီယာရင်ကို လက်ဖြင့်ခေါက်ကာ ဆော့ကစားရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်ကို ကြည့်ပြီး စဉ်းစားနေတုန်း ပထမငှားသည့် ကောင်မလေးကို ကျွန်တော် လှမ်းကြည့်တော့ ကျွန်တော့်ကို ဒေါသဖြင့် ကြည့်နေတာကို တွေ့ရ၏။

“လေးထောင့်ငါးရာတော့ ပေးဗျာ”

“ဟာ ... သွားနေကျ သုံးထောင်ပါဗျာ”

“အဲဒါတော့ မရဘူး၊ ဒီနေ့ ပုစွန်တောင်ကိုတောင်မှ နှစ်ထောင့်ငါးရာရတာ၊ ဟိုဘက် ၁၉ လမ်းအထိကို နှစ်ထောင်ပဲ ယူထားတာ”

“သုံးထောင့်ငါးရာရရင် သွားမယ်ဗျာ”

ဒီတစ်ခါ ကားဆရာက ကားကို ဝေါခနဲ မောင်းထွက်၍သွား၏။

ကျွန်တော် ကောင်မလေးကို လှမ်းကြည့်တော့ ကျွန်တော့်ကို အားရပါးရ ပြုံးပြီးကြည့်နေတာကို တွေ့ရ၏။ အဓိပ္ပာယ်က ‘ဝမ်းသာလိုက်တာ’ ဆိုတာပဲ ဖြစ်ဖို့များပါသည်။ နောက် ဆက်တိုက်လာသည့် ကားတွေအားလုံးက ခရီးသည်တွေနဲ့ချည်း ဖြစ်၍နေသည်။ သူ့လက် ‘ဖလပ် ... ဖလပ်’ ကလေးလည်း အလကား၊ ကျွန်တော့်လက်ညှိုးကြီးလည်း အလကားဖြစ်၍နေသည်။

ဘာကြောင့်မှန်းတော့ မသိ။ သူနှင့် ကျွန်တော် တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ သူက တစ်ချက်မဲ့ပြီး ကျွန်တော့်ထံသို့ ခပ်တည်တည် ခပ်ရဲရဲပင် လျှောက်၍လာသည်။

“နင်နဲ့ ငါ ဒီလို ကားငှားနေလို့ကတော့ ဒီနေ့တစ်နေ့လုံး အိမ်ပြန်ရောက်တော့မှာ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ၊ ငါကလည်းတား၊ နင်ကလည်းတားဆိုတော့ ကား





သမားတွေက ငါဆစ်တဲ့ဈေးကို ဘယ်လျှော့တော့မလဲ၊ ရှေ့မှာ နင် ရှိနေတာကိုး”

“ကျွန်တော်လည်း တစ်စီးမှမှ မရတာ”

“အေး ... အဲဒါပြောတာပေါ့၊ နင်နဲ့ မတည့်တော့မှ သူတို့က ဘက်ဆုတ်ပြီး ငါ့ကို ပြန်လာခေါ်ပါတော့မလား”

ဒီကောင်မလေး ပြောတာက သဘာဝတော့ကျသည်။ ကောင်မလေးက နင်နဲ့ ငါနဲ့ စကားပြောပေမယ့် ရင့်သီးသည့်သဘောမပါ။ ကောင်မလေးက ကျွန်တော့်ထက် ၁၀ နှစ်လောက် ငယ်ပုံရသည့် တရုတ်မကလေး ဖြစ်၏။

“အဲဒီတော့ နင်နဲ့ ငါနဲ့ အတူတူပေါင်း ငှားကြမယ်၊ နင်က ဘယ်ကိုသွားမှာလဲ”

“၁၉ လမ်း”

“ငါက အပေါ်လမ်း လမ်း ၄၀ ကိုသွားမှာ၊ လမ်းကြောတည့်တယ်၊ နင်က ဘယ်လောက်ပေးလို့လဲ”

“သုံးထောင်”

“အေးလေ ... တော်ရောပေါ့၊ ငါလည်း လမ်း ၄၀ ကို သွားနေကျ၊ ထောင့်နှစ်ရာ ပေးထားတာကို နှစ်ထောင်တဲ့၊ ကဲ ... ဒီတော့ နင်နဲ့ ငါနဲ့ စပ်ငှားမယ်ဟာ၊ ဟုတ်ပြီလား”

“ OK ”

“တားရင် ငါတားမယ်နော်၊ ဈေးကို ငါပဲပြောမယ်၊ ပြီးတော့ ကားရလို့စီးရင် နင်က ရှေ့ခန်းမှာစီး၊ ငါက နောက်ခန်းမှာစီးမယ်၊ ဟုတ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ဒီငတိမကလေးဟာ KGB ကလား၊ FBI ကလား၊ ဒါမှ မဟုတ် Resident evil ကားထဲက umbella လျှို့ဝှက်အဖွဲ့ အစည်းထဲက ကောင်မကလေးလားဟု ကျွန်တော် စဉ်းစားမိသည်။ သူက ကျွန်တော့်ဆီကို မလာခင်ကတည်းက သူ့အတွက် အကုန်လုံး တွက်ချက်စီမံကိန်းချပြီးသား ဖြစ်သည်ဆိုတာကို ငြင်းစရာပင် မလိုတော့ပါ။

ခဏနေတော့ (ကက)တစ်စီး လာသည်။ သူက လက်ချောင်းက လေးတွေကို 'ဖလပ် ... ဖလပ်' လုပ်၏။ ကားထိုးရပ်သွားတော့ သူက ကားဆရာကို တစ်ချက်ပြုံးပြသည်။ ကားဆရာကလည်း အူကြောင်ကြောင် နှင့် ပြန်ပြုံးပြရရှာ၏။

"ဦး ... သမီးတို့ ၁၉ လမ်းကို သွားချင်လို့"

"၁၉ လမ်း"

ကားဆရာက နားထင်ကို တစ်ချက်ကုတ်ရင်း စဉ်းစားသည်။ ကျွန်တော်က သူ့ကို လှမ်းကြည့်တော့ သူက မျက်စိတစ်ဖက်ကို မှိတ်ပြ သည်။

"လေးထောင့်ငါးရာတော့ ပေးပါ"

"ဟင် ... ဦးကလည်း သမီးတို့လာတုန်းက သုံးထောင့်ငါးရာပဲ ပေး ရတဲ့ဟာကို"

"သုံးဆယ့်ငါးတော့ မရဘူးဗျာ၊ လေးထောင်တော့ ပေး"

သူက ကျွန်တော့်ကို လှမ်းကြည့်တော့ ကျွန်တော် ခေါင်းကိုညိတ် လိုက်သည်။ ကျွန်တော်လည်း ချိန်းထားတဲ့အချိန်က နီးနေပြီ။ သူက နောက်ခန်းတံခါးကို ဖွင့်သည်။ ကျွန်တော်က ကားရှေ့ကနေ ကွေ့ကာ ရှေ့ခန်းတွင် ဝင်ထိုင်သည်။





ကားဘီး စတင်လှိမ့်ပြီး ထွက်လာသည်။ ကိစ္စကပြီးပြီ။

ကားပေါ်ရောက်လို့ စကားစပ်မိတော့မှ တရုတ်မကလေးက သွား နာနေသဖြင့် သွားတက္ကသိုလ်မှာ သွားလာပြခြင်းဖြစ်သည်ဟု ဆိုသည်။ သူက လမ်း ၄၀ မှာ ကော်ပြန့်ကြော်၊ ကော်ပြန့်စိမ်းနှင့် တီကွေး ရောင်း သည်ဟုဆိုသည်။ သူတို့အစ်ကိုကြီးက မနက်လေးနာရီထပြီး အီကြာကွေး ကြော်သည်။ ထိုအီကြာကွေးတွေကို မြို့ထဲက လက်ဖက်ရည်ဆိုင်တွေကို စက်ဘီးတစ်စီးစီနှင့် သူတို့ မောင်နှမသုံးယောက်က ရှစ်နာရီလောက်အထိ ခေါက်တုန့်ခေါက်ပြန် ပို့ရသည်ဟု ဆိုသည်။

သူတို့နားချိန်မှာ ထမင်းစားချိန်နှင့် အိပ်သာတက်ချိန်သာ ရှိသည် ဟုလည်း ညည်းသည်။

"နင်ကရော ဘာလုပ်လဲ"

ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူက မိန်းကလေး တန်မဲ့နှင့် အချိန်တိုင်းကို ငွေဖြစ်အောင် လုပ်တာတွေကို ပြောပြသွားတာ၊ သူ့မှာ လက်မောင်းကို ခြင်ကိုက်လျှင်ပင် ရိုက်ရန်အချိန်မရှိ။

ကျွန်တော်တို့၏ မြင့်မြတ်လှစွာသော မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကိုရရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့် တော်မူခဲ့ရသော်လည်း ဘုရားဖြစ်သည့်အခါ သတ္တဝါများကို ချွေချွတ်ရန်၊ ကုသိုလ်ကောင်းမှုအလိုက် ခံစားစေရရန် သတ္တဝါများအတွက် ရသောအချိန် မှာ လေးဆယ့်ငါးနှစ်သာ ရရှိသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်သည် အချိန် ကို အနည်းငယ်မျှ အလဟဿမဖြစ်အောင် အသုံးချတော်မူခဲ့သည်။ ထို လေးဆယ့်ငါးနှစ်အတွင်း မြတ်စွာဘုရားသည် အချိန်ကို စေ့စပ်သေချာစွာ အသုံးချတော်မူခဲ့ပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြတ်စွာဘုရားနှင့် ထိုတရုတ်မကလေးကို နှိုင်းယှဉ် ပြောနေခြင်းမျိုး မဟုတ်ပါ။ အချိန်ကို အသုံးချသည့်အထဲတွင် ကျွန်တော် အားအကျဆုံးမှာ မြတ်စွာဘုရား ဖြစ်သောကြောင့် တရုတ်မကလေးက အချိန်အကြောင်းကို ပြောပြသည့်အခါ ကျွန်တော် လေးစားအားကျသော မြတ်စွာဘုရားအကြောင်းကို သွားတွေးမိခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်ကတော့ 'ငပျင်း' သာ ဖြစ်သည်။

'နှင်ကရော ဘာလုပ်လဲလို့'

သူ့အမေးကို ချက်ချင်း ပြန်မဖြေသဖြင့် တရုတ်မကလေး ဒေါသ ဖြစ်သွားဟန်တူသည်။

"အာ ... ဟိုလေ ... စာရေးတယ်"

"အစိုးရရုံးမှာလား၊ Company မှာလား"

ဘေးပတ်ဝန်းကျင်က ကားသံ၊ လူသံတွေကြောင့်လား၊ ရှေ့နှင့် နောက် ပြောရလို့လား မသိ။ 'စာရေးတယ်' ဆိုတာကို သူက 'စာရေး' ဟု ကြားပြီး ကျွန်တော့်ကို မေးခြင်းဖြစ်သည်။ ကျွန်တော်လည်း ဘာကို မှန်းမသိ ရက်သွားတာနှင့် ပြန်မရှင်းတော့ဘဲ စိတ်ထဲရှိရာ ဖြေလိုက်သည်။

"Company မှာ"

"ဘယ် Company လဲ"

"လွှယ်ဟိန်း Company မှာ"

"ဘာလုပ်တာလဲ"

"Marketing ဘက်ကဟာ၊ လခက နှစ်သောင်းခွဲရတယ်၊ ကဲ ... ဘာသိချင်သေးလဲ"

"အောင်မာ ... နှင်ကများ စိတ်ဆိုးရတယ်လို့၊ နှင့်ရဲ့ တစ်လရတဲ့





လစာက ငါ သုံးရက်လုပ်ခတောင် မမီဘူး၊ နှင် ယောကျ်ားလေးပဲဟာ၊ အပြင်ထွက်ပြီး အလုပ်လုပ်စမ်းပါ"

"ငါကလည်း ခဏမေးထားတာပါ"

သူနှင့် ကျွန်တော် စကားဆက်မပြောဖြစ်တော့။ အခုမှ တွေ့ဖူး သူချင်း ဒီလောက် စကားပြောဖြစ်တာတောင်မှ တော်တော်ဟုတ်နေပြီ။ (ကက)ကားလေးက စိန့်ပေါ(လ်)ကျောင်းရှေ့မှ အနော်ရထာလမ်းဘက် သို့ ချိုးကွေ့လိုက်သည်။ လမ်းလေးဆယ်ကို လှမ်းမြင်နေရပြီ ဖြစ်သည်။ ကားလေးက မှန်မှန်မောင်းလာရင်း မီးပွိုင့်မှာမိသည်။

"ရော ... ကားခ"

သူပေးလို့ လှမ်းယူလိုက်တော့ ပိုက်ဆံက တစ်ထောင်တန်တစ်ရွက် နှင့် နှစ်ရာတန်တစ်ရွက် ဖြစ်၍နေသည်။ ကျွန်တော်က ထပ်စောင့်နေသေး သော်လည်း သူက သူ့စလင်းဘက်(ခ)ဇစ်ကို ဆွဲပိတ်ပစ်လိုက်ပြီ ဖြစ် သည်။ ဧကန္တတော့ နှစ်ရာတန်နှင့် တစ်ထောင်တန် မှားပြီးပေးမိဟန် တူသည်ဟု ကျွန်တော်လည်း စဉ်းစားလိုက်မိသည်။

"ကျွန်တော့်ကိုပေးတာ ထောင့်နှစ်ရာပဲ ရှိသေးတာနော်၊ ထောင် တန်နဲ့ နှစ်ရာတန် မှားပြီထင်တယ်"

"ဘာလို့မှားရမှာလဲ၊ ငါ နှင့်ကို ထောင့်နှစ်ရာပေးရမှာကို ထောင့် နှစ်ရာ ပေးတာပဲဟာကို"

"အာ ... မဟုတ်ဘူးလေ၊ ကျွန်တော်တို့ စပ်တူစီးကြတဲ့ဟာကို"

"အေးလေ ... ငါက လမ်း ၄၀ ကို ထောင့်နှစ်ရာနဲ့မရလို့ မစီးတာ၊ နှင်ကလည်း ၁၉ လမ်းကို သုံးထောင်မရလို့ မစီးတာ၊ အခု စပ်ပြီးစီးတော့ နှင်ကတောင်မှ နှစ်ရာသက်သာသေးတယ်၊ အခု နှင် နှစ်ထောင့်ရှစ်ရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေးရတော့မှာ”

“မဟုတ်ဘူးလေဗျာ၊ ကျွန်တော်တို့ စပ်တူစီးတယ်ဆိုရင် ကျသင့်ငွေကို တစ်ယောက်တစ်ဝက်စီတော့ ခံရမှာပေါ့”

“အေး ... စပ်တူစီးတယ်ဆိုတာ ကားတစ်စီးကို နှစ်ယောက်ပေါင်းစီးတာကိုပြောတာ၊ ငွေက ကားမငှားခင်ကတည်းက ငါတို့ပြောထားတဲ့အတိုင်းပဲ”

အော်သံဟစ်သံကလေးတွေ ပါလာသော ကျွန်တော်တို့နှစ်ဦးကြောင့် ကားသမားက ကားကို ရပ်ခွင့်ရသော လမ်းဘေးတစ်နေရာမှာ ညင်သာစွာ ထိုးရပ်သည်။ ကျွန်တော်တို့ ပြဿနာကိုလည်း သူ သဘောပေါက်ဟန်တူ၏။

“မင်းတို့နှစ်ယောက်ကို ဦးက အတူတူလာတယ်လို့ ထင်တာ၊ ကားပေါ်ကျတော့မှ ကားငှားရင်း မိတ်ဆွေတွေ ဖြစ်တယ်ဆိုတာကို သိရတာ၊ အခုပြဿနာကို ဦး ရှင်းပေးမယ်နော်၊ စံပြဈေး ဝါဆိုဦးဂိတ်ကနေ လမ်း ၄၀ ကို ထောင့်နှစ်ရာနဲ့ ဘယ်ကားမှ မလိုက်ဘူး တူမကြီးရဲ့”

အေးဆေးတည်ငြိမ်စွာ ရှင်းပြနေသော ဆရာကြီး လေသံကြောင့် တရုတ်မကလေးက မျက်နှာကိုမဲ့ကာ မေးကို ရှေ့တစ်ချက်ထိုး၏။

“အဲဒီတော့ တူမကြီးက ထောင့်ငါးရာတော့ ပေးလိုက်၊ ဟုတ်ပြီလား”

ကျွန်တော်ကတော့ မျက်နှာပူသွားသဖြင့် ရှေ့မှန်ရှေ့က လူတွေကို လိုက်ငေးနေလိုက်၏။ ဇစ်ဖွင့်သံကို ကြားရသည်။ ပြီးတော့ -

“ခုနက နှစ်ရာတန် ပြန်ပေး”

ကျွန်တော် နောက်သို့ မလှည့်တော့ဘဲ နှစ်ရာတန်ကို လက်ညှိုး၊





လက်ခလယ်နှင့်ညှပ်၍ နောက်ပြန်ပေးလိုက်သည်။ ဇစ်ပိတ်သံကို ကြားရ၏။ ပြီးတော့ တံခါးဖွင့်သံ၊ ဂျိန်းခနဲနေအောင် ပြန်ပိတ်လိုက်သော တံခါးသံ။

ကျွန်တော် သက်ပြင်းကို အားရပါးရကြီးကို ချပစ်လိုက်သည်။

လည်မျိုမှာ တစ်နေသော အစိုင်အခဲကြီးတစ်ခု အရည်ပျော်ပြီး ဘဝထဲ စီးဆင်းသွားသည်ဟု ကျွန်တော်ထင်သည်။ ကားဆရာက ကားကို မမောင်းသေး။

“ကိုယ့်ဆရာ ရပြီလေ၊ မောင်းတော့”

“မင်းကိုလည်း ဦးက ရှင်းပြရဦးမယ်၊ ခုနက ညီမကလေးက ထောင့်ငါးရာပေးပြီး ဆင်းသွားတယ်နော်၊ သူ ထောင့်နှစ်ရာဆိုတဲ့ ခရီးကို သုံးရာပိုပေးပြီး သွားတယ်၊ ညီလေးကိုတော့ ကိုယ်က ဈေးရင်းအတိုင်းနဲ့ပဲ ပို့ပေးမှာပါ”

“ဈေးရင်းအတိုင်း”

“ဟုတ်တယ်လေ၊ ညီလေး သွားကောလိပ်ရှေ့ကနေ ၁၉ လမ်းကို ငှားတာ သုံးထောင်နဲ့ ဘယ်သူမှမလိုက်ဘူး မဟုတ်လား၊ အခု ဦးက လိုက်ပေးတယ်လေ”

“ဟာ ... ဦးကလည်း၊ ကျွန်တော်တို့ ၁၉ လမ်းကို လေးထောင်နဲ့ သဘောတူတဲ့ဟာကို”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းတို့က အတူတူစီးကြတာမှ မဟုတ်ဘဲ၊ ဒီတော့ မကျေနပ်ရင် ငါ့တူလည်း ဟိုကောင်မလေးလို ထောင့်ငါးရာ ပေးပြီး ဆင်းသွားလို့ရတယ်၊ ဆက်စီးမယ်ဆိုရင်တော့ ၁၉ လမ်းကို နောက်ထပ် ထောင့်ငါးရာ ထပ်ပေးရလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော်လေး ဒေါသထွက်၍သွားသည်။

အပြင်ကို လှမ်းကြည့်တော့ ရုံးချိန် (Rush Hour)၊ ဒေဝူးကားတွေ၊ ဒိုင်နာတွေ၊ ဒတ်ဆန်းတွေပေါ်က ဆင်းမည့်သူမရှိ။ တက်သည့်လူသာ ရှိသည်။ တက်မရသဖြင့် ကိုးရိုးကားရား ဖြစ်ကျန်ခဲ့သူတွေကိုလည်း တွေ့ရသည်။

နာရီကိုကြည့်တော့ (Company လူကြီးတွေ အစည်းအဝေးလုပ်ကြဖို့ အချိန်မဟုတ်။) ကျွန်တော့်ထုတ်ဝေသူနှင့် ချိန်းထားသော အချိန်က ငါး မိနစ်တောင် နောက်ကျနေပြီ။ ထိုထုတ်ဝေသူနှင့်တွေ့မှ ကျွန်တော့်လုံးချင်း စာအုပ်ကလေး ထွက်ဖို့ရှိသဖြင့် ကျွန်တော် အံကိုသာ ကြိတ်လိုက်သည်။

ကျွန်တော်တို့နှစ်ယောက် ကြိုတင်ညှိမထားသည့်အတွက် ငါးကြင်း ဗိုက်သားကို မြေခွေးစားချေပြီတကား။

'ဂျိမ်း' ခနဲ ရှေ့ခန်းတံခါးကို ကျွန်တော်ပိတ်လိုက်သော အသံသည် ခုနက တရုတ်မကလေး ပိတ်လိုက်သော တံခါးသံထက် ပိုကျယ်သည်ဟု ထင်ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.ccom

www.burmeseclassic.com



## စေတနာလွန် ... ကျွန်

လူ့လောကတွင် ဆိုးသည်များကို ကြုံတွေ့ရသလို ကောင်းသည်များကိုလည်း တစ်ခါတရံ ဆုံတွေ့ရတတ်ပါသည်။

ကျွန်တော် ထိုနေ့က စာပေမိတ်ဆွေများနှင့် ပျော်ပျော်ပါးပါး နေခဲ့ပြီးနောက် အိမ်ပြန်ရန် အချိန်ရောက်သဖြင့် ၃၈ လမ်း အပေါ်လမ်း (ဗိုလ်ချုပ်လမ်း) ရုပ်ရှင်ရုံထိပ်မှ အိမ်ပြန်ရန် ကကတွေကို လက်ညှိုးထောင်ပြီး တားရပါသည်။

ကကငှားရသည်ကလည်း မလွယ်ပါ။

တချို့ကားသမားတွေက တားတုန်းမှာ ထိုးရပ်လိုက်သော်လည်း သွားမည့်နေရာကို ပြောသည့်အခါတွင် 'ကျွန်တော် အဲဒီဘက် မရောက်တော့ဘူးဗျ” ဆိုပြီး ထွက်သွားတတ်ကြသည်။





တချို့ကတော့ ဘာမျှပင်မပြောဘဲ မောင်းထွက်သွားတတ်ကြ၏။

ထို့ကြောင့် ကျွန်တော်သည် သတိတကြီးနှင့် ကကကို ငှားနေရခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့ထဲမှာလည်း ဈေးသည်အသံက ညံကာ လူတွေက ရှုပ်ထွေးနေသောအချိန် ဖြစ်သည်။ လူတွေသည် ကိုယ့်အိမ် ကိုယ်ပြန်ကြဖို့ အလုအယက် ဖြစ်နေကြ၏။ ဒါဆိုလျှင် 'ကိုယ့်အိမ်ကနေ ကိုယ်စွန့်ပြီး ဘာကြောင့် ဒီမြို့ထဲကို ရောက်နေရသနည်း' ဟု ကျွန်တော် လူတိုင်းကို လိုက်မေးလျှင် ဝတ္ထုပေါင်း ရာချီပြီး ရလိမ့်မည်ထင်သည်။

“မင်း ... လိုပဲကွ” ဟု ပြောသည့်လူနှင့်လည်း ဆုံနိုင်ပါသည်။

ထိုအချိန်မှာပင် ကကတစ်စင်းက ကျွန်တော့်အရှေ့သို့ ထိုး၍ရပ်သည်။

“သုဝဏ္ဏ သွားကောလိပ်ရှေ့ကို သွားချင်လို့ပါခင်ဗျ”

“နှစ်ထောင် ...”

ကျွန်တော် ဘာမှမပြောဘဲ ကားတံခါးကိုဖွင့်တော့ ဖွင့်၍မရ။ ကကကားတွေမှာ ထိုသို့ဖြစ်သည်မှာ ထုံးစံလိုဖြစ်နေကြသည်။ အချို့တံခါးတွေက အပြင်ကဖွင့်မှ၊ တချို့တံခါးတွေက အထဲမှဖွင့်မှ၊ တချို့တံခါးများဆိုလျှင် ပြတင်းပေါက်ဖွင့်ရသော လက်ကိုင်ပင်မရှိ။ သို့သော် ကျွန်တော်တို့ ငှားမိသူက သည်းခံပြီးစီးရပါသည်။

ထိုနေ့က ကားဆရာကတော့ အဲဒီလိုမဟုတ်ပါ။

ကျွန်တော် တံခါးဖွင့်၍မရမှန်း သိသဖြင့် သူကိုယ်တိုင် ဆင်းဖွင့်ပေးရှာပါသည်။ ကျွန်တော်လည်း သူ့ကို အားနာသွား၏။ သူတောင်းသည့်ဈေးကလည်း ကျွန်တော့်အတွက် သင့်တော်ပါသည်။ အမှန်တော့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ငါးရာလောက် ဈေးရှိသည်။

သို့သော် သူက တစ်ခွန်းတည်းပဲ ပြောသည်။ ဒီလို မှန်ကန်တိကျသော ကားဆရာနဲ့ ကားစီးရတာ ပျော်စရာမကောင်းလျှင်တောင် စိတ်ညစ်စရာ မရှိနိုင်ပါ။

ထို့ကြောင့် ကျွန်တော်လည်း ကားနောက်ခန်းမှာ ထိုင်ပြီးကတည်းက စိတ်လွတ်ကိုယ်လွတ် ဇိမ်ယစ်နေလိုက်မိသည်။

"အသွားအလာ ပါးတယ်ဗျာ၊ ခုထိ အုံနာကိုပေးရမယ့် နေ့တွက်တောင် မရသေးဘူး"

ကားဆရာသည် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းရင်းပင် စကားဆိုလာသည်။

ဒီတော့ ကျွန်တော်လည်း နောက်ခန်းမှာ ဇိမ်ယစ်နေတာလေးကို လျှော့ပြီး စကားပြောရသည်။

"ကိုယ့်ဆရာ ကျွန်တော့်ကို အားမနာပါနဲ့၊ လမ်းကြုံရင် လူတင်ပါဗျာ၊ ကျွန်တော်က ထမ်းထားရတာမှ မဟုတ်တာ၊ အခုသွားနေတဲ့လမ်းနဲ့ တည့်ရင် တင်သာတင်လိုက်"

"ကျေးဇူးပဲဗျာ၊ အဲဒီလိုနားလည်တဲ့ ခရီးသည်နဲ့တွေ့တော့ ဝမ်းသာပါတယ်၊ တချို့ကျတော့ ကားပေါ်တက်ပြီးရင် အဲဒီကားကို သူ့ကားလို့ မှတ်တာခင်ဗျ"

ကားဆရာနှင့် ကျွန်တော် အတူတူ ရယ်မောလိုက်ကြသည်။

ပြီးတော့ ကျွန်တော်ကလည်း ပြန်မှိန်းနေသည်။ သူကလည်း ဆက်မောင်းနေသည်။

ခဏကြာတော့ ကားထိုးရပ်သွား၏။ ကျွန်တော် မျက်စေ့ဖွင့်ကြည့်





တော့ ပုဇွန်တောင် ကြည်တော်အိမ်ရာ အကျော်ကလေးနားမှာ ဖြစ်သည်။ ကားတွေကလည်း ရှုပ်ထွေးလျက်ရှိ၏။ ကားဆရာသည် အဖွားကြီးနှစ်ယောက်နှင့် စကားပြောနေသည်။ သူတို့ ဘာတွေပြောနေသလဲဆိုတာကို ကျွန်တော် စိတ်မဝင်စား၊ ကားဆရာကို လမ်းကြုံလျှင်တင်ပါဟု ကျွန်တော် ပြောထားပြီးသား စကားကလည်း ရှိသည်မဟုတ်လား။

"အေး ... မင်းနောက်ဖုံးဖွင့်လိုက်၊ ဒီမှာ ပစ္စည်းတွေပါတယ်"

ကားဆရာသည် ဘာမှမပြောဘဲ ကားပေါ်မှဆင်းပြီး ကားနောက်ဖုံးကို ဖွင့်ပေးသည်။ သို့သော် ဟိုဘက်က ပြောသံကမရပ်။

"ဖြည်းဖြည်းမပြီးထည့်၊ ဖြည်းဖြည်း"

"ဟုတ်ကဲ့ပါ"

"မင်းနှယ့်ကွယ် ... ဒါလေးတွေ မရတာတောင် ယောင်တိယောင်ကန်းနဲ့၊ ငါတို့နှစ်ယောက်ကို အရင်ပို့ရမှာနော်"

"ဟုတ်ကဲ့ ..."

ကျွန်တော် မျက်စေ့ဖွင့်ကြည့်တော့ အဖွားကြီးနှစ်ယောက်က အသက်ငါးဆယ်နှင့် ခြောက်ဆယ်ကြားလောက် ရှိမည်။ ကျွန်တော့်အမေ အရွယ်လောက်ပေါ့။ ဒါပေမဲ့ ပြောပုံဆိုပုံက နိုင်ထက်စီးနင်း လေသံရှိသည်။ အထက်စီးက ပြောချင်သည့် လေသံမျိုးဖြစ်၍နေသည်။

သို့သော် ဒီကိစ္စသည် ကျွန်တော်နှင့် ဘာမျှမဆိုင်ဟု သဘောထားပြီး ပြန်မှိန်းနေလိုက်၏။

"ဟော့ ... ဟော့ ... မင်း ရှေ့ခန်းကိုရွှေ့ပါ"

"ဗျာ ..."

"ရှေ့ခန်းကိုသွားလို့ ပြောနေတာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော်ဒေါသဖြစ်သွားသည်။ ကျွန်တော်က ဒီကားကို အရင်ငှားသူဖြစ်၏။ သို့သော် ကားဆရာလှည့်ကြည့်သော အကြည့်က တောင်းပန်သောအကြည့် ဖြစ်နေသဖြင့် ကျွန်တော် ဘာမှမပြောတော့ဘဲ ရှေ့ခန်းသို့ ပြောင်းပေးလိုက်သည်။

ရှေ့ခန်းသို့ ရောက်သည်နှင့် ကျွန်တော် ကားဆရာကို စကားစ ပြောရသည်။

"ကျွန်တော့်ကို အရင်ပို့ပေးမှာလား"

"သူတို့က မေခအိမ်ရာတင်ဆရာ၊ ကျွန်တော် စံပြဈေးဘက်ကနေပဲ သွားတော့မှာ၊ သူတို့ကို ပို့ပြီးရင် ဆရာ့အိမ်က မဝေးပါဘူး"

"အမလေး ... ငါတို့ကို အရင်ပို့နော်၊ ညကြီး သွားရလာရတာ၊ ပြီးတော့ ငါတို့မှာက ရွှေနဲ့ငွေနဲ့"

"နင်က ဘာဖြစ်လို့ ကားအလွတ်မငှားတာလဲ"

"မသိလို့ပေါ့၊ ဒီလိုမှန်းသာသိရင် ဘယ်ငှားပါ့မလဲ"

ကျွန်တော် တော်တော် စိတ်ပျက်သွားသည်။

ကားဆရာက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သည်။ ထိုအကြည့်နှင့် ကျွန်တော့်အကြည့် မျက်ဝန်းချင်းဆုံပါသည်။ ကျွန်တော် ဘာမျှမပြောတော့ဘဲ ရှေ့ခန်းမှာပဲ မှိန်းနေလိုက်၏။ ကားဆရာက ကားကို အရှိန်မြှင့်ပြီး ကျွမ်းကျင်စွာ မောင်းနေသည်။

ခဏပဲကြာသည်။ ထိုအဖွားကြီး နှစ်ယောက်နေသော အိမ်ရာသို့ ရောက်သွား၏။

ကားဆရာက ကားထိုးရပ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ဟဲ့ ... နောက်ကို နည်းနည်းဆုတ်ဦး၊ ဟိုမှာတွေ့လား၊ မီးထွန်း



BURMESE CLASSIC .com



ထားတဲ့ ဆိုင်းဘုတ်ရှေ့မှာရပ်"

ကားဆရာသည် ဘာမျှမပြောဘဲ သူ့ဘက်ဂီယာကိုသာ သွင်းပြီး ကားကို နောက်သို့ ဆုတ်ပေးရှာပါသည်။

"အေး ... ရပြီ"

ကျွန်တော် အခုမှ နောက်ကို သေသေချာချာ လှည့်ကြည့်မိသည်။ အဖွားကြီးနှစ်ယောက်သည် အဆီတစ်ထပ် အသားတစ်ထပ် တော်တော် ဝပြီး မျက်နှာတွေက တော်တော် အတ္တဆန်ကြပုံရသည်။

"အေး ... နောက်ဖုံးဖွင့်"

ကားဆရာ ဘာလုပ်နေသည်လည်း ဆိုတာကို ကျွန်တော် လှည့်ကြည့်တော့ ကားနောက်ဖုံးကိုဖွင့်ပြီး ခုနကတင်ထားသော အထုပ်တွေကို ချပေးနေရသည်။

"ဖြည်းဖြည်းနော် ... ဖြည်းဖြည်း၊ အေး ... ဟုတ်ပြီ၊ ဒီတစ်ထုပ်ကို အရင်မ"

"ငါနေခဲ့မယ်၊ နင် အခန်းလိုက်ပြလိုက်"

"ပစ္စည်းတွေနားမှာပဲ စောင့်နေနော်"

"အေးပါ ... ငါသိပါတယ်"

ဒီလိုနှင့် အချိန်ဆယ့်ငါးမိနစ်လောက် ကြာသွားသည်။ ကျွန်တော်လည်း ဒီမိန်းမကြီးတွေနှင့် ဘာမျှမပြောချင်တော့သဖြင့် ပြန်မှိန်းနေလိုက်၏။

ခဏကြာတော့ တံခါးပိတ်သံကို ကြားရသည်။ ကျွန်တော် ငဲ့ကြည့်တော့ ကားဆရာဖြစ်၏။ သူသည် ကားကို ချက်ချင်း မောင်းမထွက်နိုင်ဘဲ မော၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ကိုယ့်ဆရာ"

"ခြောက်လွှာအထိ အထုပ်လေးထုပ်ကို ထမ်းတင်ပေးခဲ့ရတယ်ဗျာ၊ ကြည့်စမ်းပါဦး၊ ကားငှားတော့ ထောင့်နှစ်ရာနဲ့၊ ကားနဲ့လည်း ပို့ပေးရသေး၊ ဒီအထုပ် လေးထုပ်ကိုလည်း ခြောက်လွှာကို ထမ်းတင်ပေးရသေး၊ ဟာဗျာ ... တော်တော်ဆိုးတဲ့ မိန်းမကြီးတွေပဲ"

ကျွန်တော် ဘာမှမပြောတော့ဘဲ မောနေသော ကားဆရာကို ကြင်နာစွာ ကြည့်လိုက်ပါသည်။ သူသည် ကျွန်တော် စီးခဲ့ရဖူးသော ကကဆရာများထဲတွင် တော်တော်သဘောကောင်းသော ကားဆရာဖြစ်ပါသည်။

သူက ကျွန်တော့်ကို စာရေးဆရာမှန်း မသိပါ။

ကျွန်တော်ကလည်း သူ့ကို မပြောပါ။

ဗိုက်သားစားသော ကားဆရာမျိုးနှင့်လည်း ကြုံခဲ့ပြီ။ အခုလို စေတနာကောင်းသော ကားဆရာနှင့်လည်း တွေ့ခဲ့ပြီ။ ထို့ကြောင့် လောကသည် ဆိုးချင်သူက ဆိုး၍ ကောင်းချင်သူက ကောင်းနေသော နေရာသာ ဖြစ်ရမည်။

ကားဆရာသည် ကားကိုစက်နှိုးပြီး ညင်သာစွာ ထွက်လိုက်ပါသည်။

"ကျွန်တော့်အဖြစ်ကို ဆရာ ဘာပြောချင်လဲဆရာ"

ကျွန်တော် တစ်ချက် စဉ်းစားလိုက်သည်။ ဒါမျိုးအဖြစ်ကို ကျွန်တော်လည်း ဘဝမှာကြုံခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို လေသံအေးအေးဖြင့်သာ ပြောပါသည်။

"စေတနာလွန်တော့ ကျွန်ဖြစ်ပါ့ဗျာ"

ကားဆရာသည် ခဏတိတ်သွားသည်။





ပြီးတော့ အားရပါးရ ရယ်လေသည်။ ကျွန်တော်နှင့် သူရယ်သော ရယ်သံများသည် သူမောင်းနေသော ကားစက်သံကိုပင် လွှမ်းသွားသည်ဟု ကျွန်တော် ထင်ပါသည်ခင်ဗျား။

နီကိုရဲ



www.burmeseclassic.com